
www.burmeseclassic.com

ဝေဝေအောင်

# လျူးမင်းပေးတဲ့ အိပ်မက်




www.burmeseclassic.com

www.burmeseclassic.com

# ဝေဝေအောင်

## ကျူးပစ်ပေးတဲ့အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**စာမူခွင့်ပြုချက်အမှတ်**

၅၀၀၄၁၁၀၆၀၂

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၁၁၁၄၀၆၀၉

**ထုတ်ဝေသူ**

**ဦးမောင်မျိုး**

**ကြောင်နှစ်ကောင်စာပေ**

**ပုံနှိပ်သူ**

**ဦးမောင်မျိုး**

**ကြောင်နှစ်ကောင်ပုံနှိပ်တိုက်**

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၀၆ ခုနှစ် နိုဝင်ဘာလ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့် မေမေအား ရှိခိုးကန်တော့ညီမြသည့် ဆန်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးတောင်း ရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များ သည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

ဖေဖေဝေအောင်



**၁**

တရိပ်ရိပ်ပြေးနေသော ဘေးပတ်ဝန်းကျင်အခြေအနေ ကိုငေးကြည့်ရင်း 'ဟိန်း' တစ်ယောက် ခေါင်းထဲမှာပဲစကားတွေ ကိုစီစဉ်နေမိသည်။ 'ဟိန်း' ရဲ့ဘေးမှာထိုင်နေတဲ့ ဖေဖေကဖိုင်တစ် ခုကိုစစ်နေပါသည်။ 'ဟိန်း' ရဲ့ရှေ့တည့်တည့်မှာထိုင်နေသော 'ဘဘညီ' ကတော့ 'ဟိန်း' လိုပဲ ဘေးပတ်ဝန်းကျင်ကို ငေးနေပုံရ သည်။ ဒါပေမဲ့ 'ဟိန်း' ရင်ထဲမှာရှိနေသောဆန္ဒမျိုး 'ဘဘညီ' ရင်ထဲမှာရှိမနေနိုင်ပါ။

အပြင်လောကနဲ့ ဆန့်ကျင်ကွဲပြားစွာ အေးစက်နေ့ပျံ့



www.burmeseclassic.com

www.burmeseclassic.com



နေသော ကားအတွင်းရှိရန်က လူတွေကိုအမောပြေစေပါသည်။ ဖေဖေ့ဘက်ကိုမလုံသလိုမျိုး တစ်ချက်အကဲခတ်ကာ 'ဟိန်း' လှည့်ကြည့်လိုက်မိလေသည်။ ဖေဖေက 'ဟိန်း' ကိုကြည့်ပြီး အကဲခတ်နေပုံရသည်။

"သားဘာပြောချင်လို့လဲ... တစ်ခုခုပြောချင်နေတယ်ဆိုတာ ဖေဖေသိတယ်"

'ဟိန်း' ရဲ့မျက်နှာ အရိပ်အကဲကို ဖေဖေ၀ခ်ယောက်တည်းတင်မဟုတ်၊ အိမ်ရှိလူအားလုံးလိုလို ဖတ်တတ်နေကြသည်။ 'ဟိန်း' ဘက်က တစ်ခုခုခိုးလုပ်မယ်လို့ကြံတိုင်း ဖွင့်ပြောစရာမလိုဘဲ 'ဟိန်း' ရဲ့မျက်နှာကိုကြည့်တာနဲ့တင် အားလုံးသိနေနိုင်ကြပါသည်။

"ဖေဖေ မေးနေတယ်လေ... ဘာပြောချင်တာလဲဆို"

"ကျွန်တော့်ဆီကို 'ရန်လင်း' ဖုန်းဆက်တယ်ဖေဖေ"

"နေ့ခင်းကမဟုတ်လား... 'ကိုစိုး၀င်း' ဖေဖေ့ကိုပြောပြပါတယ်"

'ဟိန်း' မျက်နှာကမဲ့သလိုဖြစ်သွားရသည်။ 'ဟိန်း'နဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှတိုင်းကို ဖေဖေတို့သိအောင်ကုမ္ပဏီမှ၀န်ထမ်းတွေကဘာလို့များ ပြောပြနေကြတာလည်းမသိပါ။မှာထား





လို့ပဲဖြစ်မှာပါ။ အစစအရာရာအသေးစိတ် လိုက်လံစောင့်ကြပ်ကြည့်ရှုခြင်းခံနေရတဲ့ဘ၀မှာ 'ဟိန်း' အနေနဲ့အသားကျသလိုတောင်ဖြစ်နေခဲ့ပါပြီ။ ဒါပေမဲ့ 'ဟိန်း' ရဲ့ရင်ထဲမှာတစ်ခါတစ်ခါတော့လည်း တခြားသူတွေလို ဘ၀တစ်ခုကိုလွတ်လွတ်လပ်လပ်ဖြတ်ကျော်ကြည့်လိုက်ချင်ပါသည်။

ဒီစိတ်ကူးကတော့ ဘယ်တော့မှ မဖြစ်နိုင်ဘူးဆိုတာသိနေရ၏။ 'ဟိန်း' ရဲ့ကံဇာတာကိုက ဒီလိုအသိုင်းအ၀ိုင်းမျိုးကြားမှာလူဖြစ်လာဖို့ ကံကပါလာခဲ့တာမဟုတ်လား။

"နက်ဖြန်ညနေ ဆရာ 'ဦးသိန်း၀င်း' ကိုသွားကန်တော့မယ်တဲ့... ကျွန်တော့်ကိုလိုက်ဦးမလားမေးလို့ လိုက်မယ်လို့ပြောလိုက်တယ် ဖေဖေ"

"ဘာလို့ တစ်ခါတည်းနဲ့ကတိပေးလိုက်ရတာလဲ... လူကြီးတွေကိုနည်းနည်းပါးပါး မေးစမ်းပါဦးတော့လား... ဖေဖေတို့ခွင့်မပြုဘူးဆိုရင် မင်းဘယ်လိုသွားမလဲ"

"ဆရာကနိုင်ငံခြားထွက်တော့မှာဆိုတော့ ဖေဖေတို့ခွင့်ပြုမယ်လို့ထင်လိုက်လို့ပါ... "

"ဘယ်အချိန်သွားမယ်တဲ့လဲ"

"ငါးနာရီခွဲလို့ပြောပါတယ်... သူ လာခေါ်ပေးမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ... သွားချင်ရင်လည်းသွား မြန်မြန်တော့ပြန်လာခဲ့... ဒါမှမဟုတ် အိမ်ကကားနဲ့ပဲလိုက်ပို့ပေးရမလား"

"ရပါတယ်"

"ရပါတယ် ဘာတယ်လုပ်မနေနဲ့... ကိုယ့်ကားနဲ့ကိုယ်သွား... သူများကားနဲ့သွားရင် သူပြန်ချိန်တဲ့အချိန်လိုက်ပြန်နေရမယ်... မြန်မြန်သွား မြန်မြန်လာ... ထမင်းစားချိန်ခုနစ်နာရီအမီပြန်ရောက်အောင်လာခဲ့ ကြားလား"

ရှေ့ခန်းမှာထိုင်နေသော 'ဘဘညီ' က လှမ်းပြောလိုက်တာဖြစ်ပါသည်။ 'ဟိန်း' ကိစ္စမှန်သမျှတိုင်းကို ဖေဖေတို့ညီအစ်ကိုသုံးယောက်လုံးက ဝင်စီမံခန့်ခွဲပိုင်ခွင့်ရှိနေခဲ့တာ မွေးစကတည်းကဆိုတော့ ဘယ်သူပဲပြောပြောအတည်သာဖြစ်နေသည်။

"အဲ့ဒီ 'ရန်လင်း' ဆိုတဲ့ကောင်ကလည်း ဘာကိစ္စပဲဖြစ်ဖြစ် ဘာဖြစ်လို့ဖုန်းဆက်ဆက်ပြီးချိန်းနေရတာလဲ... သူ့ဖါသာသွားလိုက်လည်းဖြစ်တဲ့ဥစ္စာ... နောက်တစ်ယောက်ကျန်သေးတယ် 'ရွှေသွေး' ဆိုတဲ့ကောင်... ယောကျာ်းလေးဖြစ်ပြီးဖုန်းတစ်ခါဆက်ရင် တစ်နာရီလောက်ကြာအောင် လေကြောကရှည်နေတယ် အတန်းတူနေတဲ့ကောင်မို့သာ လွှတ်ထားပေးတာ ကျောင်းများပြီးသွားလို့ကတော့ သူ့လိုကောင်မျိုးနဲ့အဆက်အဆံလုံးဝကို





ဖြတ်ပစ်ရမယ်ကြားလား"

'ဟိန်း' ငြိမ်နေလိုက်သည်။ တက္ကသိုလ်မှာတတိယနှစ်သာတက်နေပေမယ့် 'ဟိန်း' မှာအပေါင်းအသင်းဆိုလို့ 'ရွှေသွေး' ဆိုတဲ့သူငယ်ချင်းတစ်ယောက်သာရှိသည်။ အဲ့ဒီသူငယ်ချင်းကိုလည်း ဖေဖေတို့ဘက်က ပြောမရလွန်းလို့သာ လွှတ်ထားပေးလိုက်တာဖြစ်သည်။ တစ်ယောက်တည်းအတန်းထဲမှာ ငေါင်နေရတဲ့အခြေအနေမျိုးကို မနှစ်သက်လွန်းတာကြောင့် 'ရွှေသွေး' နဲ့ ခင်မင်မှုကို အဆက်အဆံလုံးဝမဖြတ်ပစ်ခဲ့ပါ။

မိဘတွေကနိုင်ငံခြားမှာအလုပ်နဲ့နေပြီး တိုက်ခန်းတစ်ခန်းမှာတစ်ယောက်တည်း လွတ်လွတ်လပ်လပ်နဲ့ကိုယ့်ဘဝကိုယ်ကျောင်းနေတဲ့ 'ရွှေသွေး' လိုကောင်ကလည်း 'ဟိန်း' ရဲ့အဖြစ်ကိုစာနာကာ ဖေဖေတို့ဘက်က ဘယ်လောက်ပဲပြောပြောဆိုဆို ဂရုမစိုက်ဘဲ ခင်မင်မှုကိုအဆက်အဆံမဖြတ်ပစ်ခဲ့ပေ။

'ဟိန်း' နဲ့သူငယ်ချင်းဖြစ်နေရတာကိုတောင် ပျော်ရွှင်နေသေးပုံရသည်။ ယောကျာ်းလေးတစ်ယောက်ဖြစ်ပေမယ့် စည်းကမ်းသိပ်ကိုတင်းကြပ်ချုပ်ချယ်လွန်းသော 'ဟိန်း' ရဲ့မိသားစုအခြေအနေကိုလည်း အံ့ဩနေပုံရသည်။ ပုံစံသွင်းခံထားရသောဘဝမှာနေသားကျနေသော 'ဟိန်း' ကိုလည်း အားမလိုအားမရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာနေသည်။ 'ဟိန်း' ကတော့ ကျောင်းတက်ရတဲ့ရက်ကလေးမှာ 'ရွှေသွေး' လိုသူငယ်ချင်းမျိုးနဲ့ လစ်ရင်လစ်သလိုလျှောက်ပြီး လည်ပတ်ရတဲ့အရသာလေးကို မက်မောမိသည်။

ငယ်ငယ်ကတည်းကခင်လာခဲ့တဲ့ 'ရန်လင်း' ကတော့ ဆယ်တန်းမှာ တစ်နှစ်ကျသွားတဲ့အတွက် 'ဟိန်း' နဲ့အမြဲတမ်း မဆက်သွယ်နိုင်တော့ပါ။ တစ်ခါတလေမှသာ 'ဂျိန်း' ဆီကိုလူကိုယ်တိုင်ရောက်ရင်ရောက် မရောက်ရင်ဖုန်းဖြစ်ဖြစ်ဆက်သွယ်နိုင်ပါသည်။ 'ဟိန်း' ဘက်ကတော့ 'ရန်လင်း' နဲ့သိပ်ပြီးမတွေ့ဖြစ်လေမယ့် ငယ်ငယ်ကတည်းကပေါင်းလာခဲ့တဲ့ သူငယ်ချင်းတစ်ယောက်မို့ ခင်မင်နေဆဲပါ။

"ဒီနေ့ညစာကို 'ဦးမင်းကြီး' တို့အိမ်မှာသွားစားရမယ် နော်... သူတို့သချာကိုဖိတ်ထားတာ... 'ပိုးဝါနု' ကလည်းမင်းကို တွေ့ချင်တယ်တဲ့"

"ဟုတ်ကဲ့"

" 'ဦးမင်းကြီး' တို့ဘက်က 'ပိုးဝါနု' လေးနဲ့ 'ဟိန်း' နဲ့ကိုစေ့စပ်ပေးချင်နေပုံရတယ်... ဒီဝါကျွတ်လောက်ဆိုရင်သူတို့နှစ်ယောက်ကို စေ့စပ်ပေးလိုက်ရင်ကောင်းမယ်နဲ့တူတယ်"

'ဘဘညို' စကားကို ဖေဖေက ခေါင်းညိတ်လိုက်လေ





သည်။ 'ဟိန်း' ကတော့ အရမ်းကိုစိတ်ပျက်နေရပါသည်။ မလှူပ်တလှုပ်ပုံစံနဲ့ မျက်မှန်လေးတဝင်းဝင်းဖြင့် အဘွားကြီးအိုလေးလိုဖြစ်နေသော 'ပိုးဝါနု' ဆိုတဲ့မိန်းကလေးကို ဘယ်လိုနည်းနဲ့မှရင်ခုန်တဲ့စိတ်လုံးဝကိုမဖြစ်မိပေါ်ပါ။

ဖေဖေတို့ကိုဆန့်ကျင်ရဲတော့လည်း စိတ်ထဲပါပါမပါ ပါနာခံသလိုသာ ငြိမ်နေလိုက်ရသည်။ 'ဘဘညို' ရဲ့မိန်းမ 'ဒေါ်ခင်ခင်လေး' ရဲ့တိုက်တွန်းမှုကြောင့် 'ပိုးဝါနု' နဲ့လက်ထပ်ရဖို့ကိစ္စတွေက မြန်မြန်ကြီးဖြစ်ပေါ်လာခဲ့ရတာဖြစ်မည်။

"တစ်ခါတစ်ခါ 'ပိုးဝါနု' တို့ဆိုင်ကို သွားလည်လိုက်ပါလား... ယောက်ျားလေးဘက်က ဂရုတစိုက်ပုံစံမျိုးပြထားတော့ တစ်ဖက်မိန်းကလေးအနေနဲ့ ပိုပြီးကျေနပ်တာပေါ့"

"ကျွန်တော်နဲ့သူနဲ့ သိပ်မှမခင်ဘဲ 'ဘဘညို' ရ"

"ခင်တာမခင်တာထက် လက်ထပ်ရမယ့်ဇနီးလောင်းတစ်ယောက်အနေနဲ့ မြတ်မြတ်နိုးနိုးလေးသွားတွေ့စေချင်တာ"

"ကျွန်တော် 'ပိုးဝါနု' ကို ချစ်နိုင်မယ်မထင်ဘူး"

"မင်းကိုချစ်ခိုင်းနေတာမှမဟုတ်ဘဲ... လက်ထပ်ခိုင်းနေတာပဲ... အချစ်တစ်ခုက ဘဝတစ်ခုအတွက်အရေးပါတယ်မပါဘူးဆိုတာ မင်းဖေဖေအသိဆုံးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကသက်ပြင်းကိုချပြီး ပြုံးလေသည်။

"ဟုတ်တယ်... အချစ်တစ်ခုကိုမက်မောလိုက်လို့ ဖေဖေ့ဘဝမှာအမှားတွေကြုံခဲ့ရတာအများကြီးပဲ... မိဘတွေကိုလည်း ဆုံးရှုံးခဲ့ရတယ်... ဘဝကိုလည်းကြမ်းကြမ်းတမ်းတမ်းဖြတ်သန်းခဲ့ရတယ်... အဲ့ဒါအချစ်ကိုစိတ်ကူးယဉ်ကြည့်လိုက်လို့ပဲ... မိဘတွေစကားကိုသာနားထောင်ရင် ဖေဖေ့ဘဝမှာအခက်အခဲဆိုတာမျိုးတွေ ကြုံတွေ့ခဲ့ရမှာကိုမဟုတ်ဘူး"

ကွယ်လွန်သွားပြီဖြစ်တဲ့ 'ဟိန်း'ရဲ့မေမေ့ကို သနားသွားမိသည်။ မေမေ့ကြောင့် ဖေဖေ့ဘဝဆင်းရဲခဲ့ရတာတဲ့လား။ ဖေဖေကမှလူ့လောကမှာ ချမ်းချမ်းသာသာနဲ့နေနေရပါသေးတယ်။

မေမေဆိုရင် ဖေဖေ့ရဲ့ဆွေမျိုးတွေ နှိပ်စက်လိုက်လို့လူ့လောကထဲကနေတောင် စွန့်ခွာသွားခဲ့ရတာမဟုတ်လား။ ချမ်းသာပြီးအဆင့်အတန်းအရမ်းခွဲတတ်လွန်းသော ဖေဖေ့ရဲ့အမျိုးအဆွေတွေကို 'ဟိန်း' ရင်ထဲကနေမုန်းနေမိခဲ့သည်။ မုန်းသာမုန်းနေပေမယ့်လည်း 'ဟိန်း'ရဲ့ဘဝက ဒီအသိုင်းအဝိုင်းထဲမှာပဲရှင်သန်ကျင်လည်နေခဲ့ရတာဆိုတော့ သူတို့အပြောသူတို့သဘောတွေအတိုင်းသာ နာခံနေခဲ့ရတော့သည်။

ဖေဖေကိုယ်တိုင်လည်း မေမေနဲ့ယူခဲ့မိတာသည်အမှား





တစ်ခုလို့သတ်မှတ်ထားတဲ့အတွက် ဘယ်အရာကိစ္စကိုပဲဖြစ်ပါစေ မိဘစကားကိုနားထောင်ခဲ့ကြသော သူ့အစ်ကိုနှစ်ယောက်ရဲ့ဆန္ဒကိုသာရှေ့တန်းတင်တတ်ခဲ့သည်။ အငယ်ဆုံးသားပီပီအစ်ကိုတွေရဲ့သဘောထားကိုမလွန်ဆန်နိုင်တော့ပါ။

"ကျွန်တော်ကတော့ ကျောင်းပြီးပြီးချင်းလက်မထပ်ချင်သေးဘူး... နှစ်နှစ်သုံးနှစ်လောက်နေမှ လက်ထပ်ချင်တယ်... စေ့စပ်တာကတော့ ဖေဖေတို့သဘောပါပဲ"

"အေးပါ ဖေဖေတို့ကလည်း မင်းဘက်ကအလုပ်အကိုင်အခြေတကျဖြစ်ပြီဆိုမှ လက်ထပ်ပေးမှာပါ... စေ့စပ်တာကိုတော့ ခပ်မြန်မြန်ပဲလုပ်ပေးချင်တယ်... မျိုးရိုးဗီဇကောအသိုင်းအဝိုင်းကောကောင်းတဲ့ 'ပိုးဝါနု' ကိုလက်မလွှတ်လိုက်ချင်ဘူး"


'ဟိန်း' တစ်ယောက် သက်ပြင်းမောကြီးကိုသာချပြီး အပြင်ပတ်ဝန်းကျင်ကိုသာ ငေးနေလိုက်မိပါသည်။ စိတ်ထဲမှာတော့ နည်းနည်းကလေးမှကို မပျော်ရွှင်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com






‘ဟိန်း’အိမ်ကထွက်ကာနီးအထိ ‘ဟိန်း’ရဲ့ပတ်ဝန်းကျင်မှာ လူတွေကအပြုံလိုက်ပါလာဆဲဖြစ်သည်။

“‘မဟာ့’ကိုခေါ်သွားလိုက်ရင် ပြီးနေတာပဲကွယ်... သားအတွက်လည်းအဖော်ရတာပေါ့...”

“‘ရန်လင်း’ လည်းပါဦးမှာဆိုတော့ အဖော်မလိုပါဘူး ကြီးကြီးရယ် ရပါတယ်... ‘ကိုမဟာ’ သူနဲ့မသိတဲ့ပတ်ဝန်းကျင်မှာ ပျင်းနေမှာပေါ့”

‘ဘဘမောင်’ရဲ့မိန်းမ ‘ဒေါ်တင်မကြီး’က ‘ဟိန်း’တစ်





ယောက်တည်းအပြင်သွားမှာကို စိတ်မချနိုင်သလို သူ့သား ‘ကိုမဟာ’ကိုအဖော်ခေါ်သွားဖို့တိုက်တွန်းနေတာဖြစ်ပါသည်။ ဖြစ်နိုင်ရင်သူတို့တွေက လုံးဝကိုသွားစေချင်ပုံမရ။ အိမ်တွင်းမှာပဲ အမြဲတမ်းရှိအောင်နေစေချင်ကြတဲ့ သူတွေချည်းပါပဲ။

ညီအစ်ကိုသုံးယောက်ရှိတဲ့ ဖေဖေတို့မှာ ‘မောင်မောင်’ လို့ခေါ်တဲ့ ‘ဘဘမောင်’က အစ်ကိုအကြီးဆုံးဖြစ်ပြီး၊ ‘ညီညီ’ လို့ခေါ်တဲ့ ‘ဘဘညီ’က အလတ်ဖြစ်ပါသည်။ ဖေဖေကတော့ ‘ကိုကို’လို့ခေါ်တဲ့ ညီအငယ်ဆုံးဖြစ်ပါသည်။

မိဘတွေသဘော မတူတဲ့ကြားက မေမေနဲ့အိမ်ထောင်ပြုသွားခဲ့တဲ့ဖေဖေဟာ သူ့အမှားအတွက် ဒီမိသားစုအတွင်းကိုပြန်ဝင်လာတဲ့အခါမှာ အားလုံးရဲ့သဘောတူညီမှုကို သူ့ဆန္ဒထက် ရှေ့တန်းကိုပိုတင်ခဲ့သည်။ ဘယ်ကိစ္စမျိုးပဲဖြစ်နေပါစေ သူ့အစ်ကိုနှစ်ယောက်ရဲ့သြဇာကို အရင်နားထောင်စေပြီးမှ သူကဆုံးဖြတ်ခဲ့တာပါ။

‘ဟိန်း’ရဲ့အရေးကိစ္စမှန်သမျှအားလုံးကိုလည်း အစ်ကိုနှစ်ယောက်ရဲ့လက်ခံသဘောတူညီမှုတွေရမှ ဖေဖေကခွင့်ပြုရဲသည်။ ‘ဟိန်း’ အနေနဲ့ကတော့ ချမ်းသာမှုတွေပြည့်စုံလွန်းတဲ့ ခြံအသိုင်းအဝိုင်းတွင်းမှာနေနေရတာထက် လွတ်လပ်သောအပြင်



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ဘဝကိုသာ မက်မောနေမိသည်။ ရှန်းမထွက်နိုင်သော ကိုယ့်ကိုကိုယ်လည်း စိတ်နာမိသည်။

'ဟိန်း' ရဲ့စိတ်ထဲမှာဘယ်လိုပဲရှိနေပါစေ ဒီမိသားစုရဲ့ ပုံစံခွက်အတွင်းမှာ နေသားတကျရှိနေခဲ့ပြီဆိုတာကိုတော့ 'ဟိန်း' ကိုယ်တိုင်လည်း မငြင်းချင်တော့ပါ။

ပြန်ပြင်ဆင်ဖို့လည်း မလွယ်ကူတော့တဲ့ အခြေအနေမျိုးမှာ သက်သောင့်သက်သာရှိသော ဘဝမျိုးမှာပဲ 'ဟိန်း' ပျော်ရွှင်အောင်ကြိုးစားလိုက်ရတော့သည်။

"အချိန်တော့အရမ်းကြီး ကြာမနေနဲ့နော်... မလာမချင်း စိတ်ပူနေကြမှာ"

'ဘဘညီ' ရဲ့မိန်းမ 'ကြီးကြီးခင်' က ဝင်ပြောလိုက်တာဖြစ်သည်။ 'ကိုမဟော့' မိန်းမ 'မမယွန်း' ရဲ့မျက်နှာက 'ဟိန်း' ကို ကြည့်ပြီးသနားနေသလိုဖြစ်နေပါသည်။ 'မမယွန်း' ကိုယ်တိုင်လည်း အနေကျုံ့သောမိသားစုအတွင်းမှာ နေနေရတဲ့သူဆိုတော့ ဘာမှကူပြီးပြောမပေးနိုင်ပါ။

အားလုံးကိုနှုတ်ဆက်ပြီး 'ဟိန်း' ထွက်လာခဲ့လိုက်သည်။ 'ရန်လင်း' ပြောတဲ့လိပ်စာအတိုင်းသာ ကားကိုမောင်းလာခဲ့လိုက်မိပါသည်။





'ရန်လင်း' ကတော့ 'ဟိန်း' ထက်ကြိုရောက်ရှင်ရောက်နှင့်နေနိုင်သည်။ ဆရာ့အတွက်လက်ဆောင်ကို 'ကြီးကြီးခင်' စီဆုံပေးလိုက်တဲ့ ပိုးစစ်ပုဆိုးတစ်ထည်ပါပါသည်။ 'ဟိန်း' အနေနဲ့ဆို ဘာလက်ဆောင်ပေးရမလဲ စဉ်းစားလို့ရမည်မဟုတ်။

ရန်ကင်းဘက်က ဆရာနေတဲ့လမ်းသွယ်ထဲကားကိုချိုးကွေ့ဝင်လိုက်သည်နှင့် ကားတွေကပြည့်နေပါသည်။ ဆက်သွားလို့လည်းမရနိုင်တော့တာကြောင့် လွတ်တဲ့တစ်နေရာမှာပဲပါကင်ထိုးထားလိုက်သည်။

ဒီလောက်လူများများစားစားဖိတ်ပြီး ဧည့်ခံပွဲလုပ်လိမ့်မယ်လို့ထင်မထားတာကြောင့် 'ဟိန်း' ရင်ထဲအံ့ဩနေခဲ့ရသည်။ 'ရန်လင်း' နဲ့အတူတခြားကျောင်းသားတွေနဲ့ပါ ဆရာ့ကိုကန်တော့လိုက်ရင်းပဲ ပြီးပြီ·ဟု 'ဟိန်း' က တွေးဆထားခဲ့တာပါ။

ခြံနားရောက်လာလေလေ မြူးကြွတဲ့တီးလုံးသံလေးကို ကြားလိုက်ရသည်။ ဩော် ပါတီသဘောမျိုးလုပ်တာပါလား။ 'ဟိန်း' ကိုယ်ဝတ်စားလာတဲ့အဝတ်အစားကို ပြန်ပြီးငုံ့ကြည့်လိုက်မိပါသည်။

ကြွေရောင်တောက်နေတဲ့ စတစ်ကော်လံအကျီလက်ရှည်နဲ့ပုဆိုးက ပိုးတွဲပုဆိုးနီညိုရောင်ဖြစ်သည်။ငယ်ငယ်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ဒီလိုအဝတ်အစားမျိုးပဲ ဝတ်ရတာပုံသေလို ဖြစ်နေပြီမို့ 'ဟိန်း' အတွက်ကတော့ မဆန်းပေမယ့် ရှယ်တူတွေဖြစ်တဲ့ 'ဟိန်း' ပတ်ဝန်းကျင်ကလူတွေကတော့ ဆန်းပြားချင်ဆန်းပြားနေနိုင်ပါသည်။

ပြောလို့ပြောတာမဟုတ်၊ 'ဟိန်း' မှာ ဘောင်းဘီရှည်ဆိုတာမျိုးတစ်ထည်မှကို မရှိပါ။ ညှော်ခံပွဲတွေဘာတွေသွားရင်လည်း ခုဝတ်နေကြပုံစံအတိုင်းသာ မြန်မာဆန်ဆန်ဝတ်ဆင်ရမြဲဖြစ်သည်။

'ဟိန်း' တက်ရတဲ့ညှော်ခံပွဲတိုင်းကလည်း မြန်မာဆန်ဆန်ပြုလုပ်သောပွဲတွေသာများတာမို့ ကိုယ့်အနေနဲ့စိတ်ကျဉ်းကြပ်မှုမျိုးတစ်ခါမှတော့ မဖြစ်ပေါ်ခဲ့ဖူးပါ။

'ဟိန်း' တစ်ယောက်တည်းဟိုကြည့်ဒီကြည့်နဲ့ ခြံအတွင်းကိုဝင်လာခဲ့လိုက်ပါသည်။ ခြံထဲမှာခင်းထားသော စားပွဲဝိုင်းတွေမှာတော့ 'ရန်လင်း' ကိုမတွေ့ပါ။ တိုက်အတွင်းကိုသာ ဆက်ပြီးလျှောက်လာခဲ့လိုက်သည်။

"'ဟန်နီ' တော့ ဆရာ့ဆီကို ခဏခဏရောက်ဖြစ်မယ်နဲ့တူပါတယ်... လိုတဲ့အကူအညီရှိရင်လည်း အန်တီလေးရှိတယ်နော်... ဆရာဘာမှအားမနာနဲ့... 'ဟန်နီ' လည်းစာရေးထားတယ်





ဖုန်းလည်းဆက်ထားတယ်"

"ကျေးဇူးတင်ပါတယ်ကွာ 'ဟန်နီ' ကူညီလို့လည်းဆရာ့ကိစ္စတွေအဆင်ပြေသွားတာ... 'ဟန်နီ' ရေ... ဆရာ့တပည့်တွေကို ကူညီပြီးညှော်ခံပေးဦးနော်... မပြန်သေးဘူးမဟုတ်လား"

"အင်း အချိန်တော့ရပါသေးတယ်... "

ငွေမှင်ရောင် ခပ်ပျော့ပျော့အသားကို တဆက်တည်းဂါဝန်ရှည်ဝတ်ထားသော၊ ဆံပင်တွေကတွန့်လိမ်ခွေခေါက်နေသော၊ နားကွင်းအကြီးကြီးတရမ်းရမ်းဖြစ်နေသော လှနိုင်လွန်းသည့် မိန်းမလှလှတစ်ယောက်ကို 'ဟိန်း' ကငေးကန်နေအောင်ကြည့်နေမိသည်။

သူမကတော့ 'ဟိန်း' ရဲ့အကြည့်ကိုတစ်ချက်ကလေးသာတုံ့ပြန်လျှက် မျက်ခုံးကလေးကိုပင့်ကာ...

"လာ မောင်လေးလာ... ဆရာ့ဆီကိုလာတာနဲ့တူတယ် အထဲဝင်လေ"

ချိုသာသောအသံလေးဖြင့် 'ဟိန်း' အားဆီးကြိုနှုတ်ဆက်လိုက်ပါသည်။ ဆရာကလည်း 'ဟိန်း' ကိုမြင်သွားကာ...

"ဟာ 'ညီဟိန်း' ပါလားကွ... ဆရာကမင်းမလာဘူးလို့ အောင်ထင်တာ... 'ရန်လင်း' ကတော့ သူ့ရအောင်ခေါ်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



တော့ပြောသားကွ... လာ လာ 'ရန်လင်း' လည်းအထဲမှာရောက်နေပြီ"

ဆရာနဲ့အတူ အိမ်အတွင်းသို့ လိုက်ဝင်လာခဲ့လိုက်သည်။ 'ဟိန်း' ရဲ့မျက်လုံးက အနောက်ဘက်သို့ဘာရယ်မဟုတ်ရောက်တော့ရောက်သွားသေးသည်။

'ရန်လင်း' က အိမ်အတွင်းရှိစားပွဲဝိုင်းတစ်ခုမှာထိုင်ပြီးအစားတွေစားနေသည်။

"အတော်ပဲ... ငါလည်းစောစောကလေးတင် ရောက်တာတစ်ခါတည်းဝင်စားလိုက်ကွာ... မင်းဘာစားမလဲ... ကြိုက်တာမှာလို့ရတယ်နော်... ဆဲရာကဟော်တယ်က စာဖို မှူးကိုခေါ်ပြီးရှယ်ချက်ခိုင်းထားတာ... မှာချင်တာမှာလိုက်"

ဆရာ့လက်ထဲသို့ယူလာသော လက်ဆောင်ပစ္စည်းထုပ်ကိုပေးပြီး 'ရန်လင်း' ဘေးမှာဝင်ထိုင်ချလိုက်သည်။

"ဆရာတစ်ယောက်တည်းဆိုရင်တော့ ဒီလိုမျိုးဘယ်စီစဉ်တတ်မလဲကွာ... 'လဝန်းဟန်နီ' ရဲ့ကျေးဇူးတွေပေါ့... 'ညီဟိန်း' တွေ့လိုက်တယ်မဟုတ်လား... စောစောကတစ်ယောက်လေ... 'ဟန်နီ' လည်းဆရာ့ရဲ့တပည့်တစ်ယောက်ပဲ...မင်းတို့ထက်တော့သုံးလေးနှစ်လောက်ကြီးမယ်နဲ့တူတယ်"





"ဟုတ်ကဲ့ ဆရာ"

'လဝန်းဟန်နီ' ဆိုတဲ့နာမည်တစ်လုံးက 'ဟိန်း' ရင်ထဲချက်ချင်းလိုစွဲမြဲသွားခဲ့ရသည်။

" 'ဟန်နီ' ဆိုတဲ့အစ်မကြီးက ရေလည်မိုက်တယ်ကွ... အပြောလည်းကောင်းတယ်...ဆရာအခုထွက်ဖြစ်ဖို့ကိစ္စကိုလည်းသူပဲအကူအညီပေးခဲ့တာတဲ့"

"မင်းကဘယ်လိုလုပ်သိလဲ"

"ဆရာပဲပြောပြတာလေ... ဆရာကပွဲပြီးရင်အားလုံးစုပြီး ဘုရားသွားကြမယ်တဲ့... မင်းလိုက်မှာလား"

'ဟိန်း' လိုက်ချင်ပေမယ့် ပွဲပြီးချိန်အထိစောင့်နေရင်အိမ်အပြန်နောက်ကျသွားနိုင်သည်။ ခုတောင်မှ ခွင့်ပြုချိန်တစ်နာရီနဲ့ရောက်လာခဲ့ရတာဖြစ်ပါသည်။

"မလိုက်တော့ဘူးကွာ... အိမ်ကပြောနေလိမ့်မယ်..."

"မင်းအိမ်ကတော့စံပဲ... အရွယ်ရောက်နေတဲ့ယောကျ်ားတစ်ယောက်ကို အုပ်ချုပ်တဲ့ပုံစံက တစ်ဖက်သပ်သိပ်ဆန်လွန်းတယ်... မင်းမို့လို့လည်းနေနိုင်တယ်"

"နေနိုင်တယ်ပဲထားပါတော့... မနေလို့လည်းရမှမရှိဘဲဥစ္စာပဲ... ခုတောင်မှ အိမ်ကသဘောတူတဲ့ 'ပိုးဝါနု' ဆိုတဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးနဲ့စေ့စပ်ရတော့မယ်"

"ဟာ ဘယ်လိုဖြစ်တာလဲ... မင်းကကောကြိုက်လို့လား အိမ်ကသဘောတူတာနဲ့ပဲ ခေါင်းညိတ်လိုက်တာလား"

"ငါ့မှာကြိုက်တယ်မကြိုက်ဘူးဆိုတဲ့ ရွေးချယ်ခွင့်မှမရှိတာ... ဖေဖေတို့သဘောတူတယ် သင့်တော်တယ်ဆိုတော့ခေါင်းညိတ်လိုက်ရတာပဲပေါ့"

"ဟင်း အချစ်ဆိုတဲ့အရာကကော... မင်းကျောင်းတက်နေတာ ကျောင်းမှာမင်းရဲ့ရင် ကိုခုန်စေတဲ့သူ တစ်ယောက်မှမတွေ့ဘူးလား"

"မတွေ့ပါဘူး... တွေ့ရလောက်အောင်လည်း ကျောင်းချိန်ကလွဲပြီး အပြင်လျှောက်လည်ဖို့အချိန် သိပ်မှမရတာ"

'ရန်လင်း' က စိတ်ပျက်သလိုပုံစံမျိုးဖြင့် 'ဟိန်း' အားငေးစိုက်ကာကြည့်နေလေသည်။ ငယ်ငယ်တည်းကတွဲလာတဲ့သူငယ်ချင်းဖြစ်နေတော့လည်း 'ရန်လင်း' စိတ်ထဲမှာ ခင်မင်တွယ်တာတဲ့စိတ်က တခြားသူတွေထက်ပိုပါသည်။

သည်းခံနိုင်လွန်းသော၊ အေးဆေးနိုင်လွန်းသော 'ဟိန်း' တစ်ယောက်ကိုပဲ သနားနေမိတော့သည်။

"ငါ့ကိုကော အပြစ်မပြောဘူးလား... မင်းကိုချိန်းချိန်းပြီး





အပြင်ခေါ်ထုတ်နေလို့လေ"

"ပြောချင်ပေမယ့် ဆရာ့ကိစ္စဆိုတော့ မပြောသာဘူးဖြစ်နေတာပေါ့... ငါကလည်းလာချင်နေတာဆိုတော့ သိပ်ပြောလို့မရဘူးလေ"

ဘယ်တော့ပဲဖြစ်ဖြစ် လိမ်ညာပြီးမပြောတတ်သော 'ဟိန်း' ရဲ့စိတ်ကို 'ရန်လင်း' လေးစားပါသည်။ ကိုယ်နဲ့တွဲတာမကြိုက်မှန်းသိပေမယ့်လည်း အဆူအပူခံပြီး ဇွတ်ကိုခင်မင်နေဆဲဖြစ်သော 'ဟိန်း' ကိုလည်း သနားမိသည်။

'ရန်လင်း' ကတော့ အကဲပိုလှသော 'ဟိန်း' ရဲ့အုပ်ထိန်းသူတွေကို အမြင်ကတ်နေတာနဲ့ပဲ 'ဟိန်း' အားအပြင်ထွက်စေဖို့လမ်းပေါက်တွေကို ကြံဖန်ရှာဖွေနေမိတာဖြစ်သည်။ အတန်းချင်းများတူလို့ကတော့ ဒီ့ထက်ကိုပိုပြီး တွဲမိကြမှာသေချာပါသည်။

"ငါပြန်တော့မယ်ကွာ... စားလည်းပြီးသွားပြီဆိုတော့ ဆရာ့ကိုနှုတ်ဆက်ပြီး ပြန်လိုက်တော့မယ်"

"ပြန်ရင်လည်းပြန်ပေါ့ကွာ... ငါကတော့ဘုရားသွားတာကိုလိုက်သွားလိုက်ဦးမယ်"

ဆရာ့ကိုနှုတ်ဆက်နေချိန်မှာ 'ဟိန်း' ရဲ့ဆီးနားသို့ 'ဟန်နီ' လည်းရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကတော့ ဟိုမှာတော်တော်ကြာဖြစ်လိမ့်မယ်နဲ့တူတယ်... မသင်ရသေးတဲ့ပညာတွေလည်းဆက်သင်ရင်း တတ်ထားတာတွေကိုလည်း ပြန်ပို့ချရင်းနဲ့ပဲအချိန်တွေကကုန်သွားမှာပါ"

ဆရာ့ကိုထိုင်ကန်တော့လိုက်ပြီး ပြန်ဖို့ပြင်လိုက်ချိန်မှာ သူမ ဆီကစကားသံက နားထဲအလိုလိုဝင်လာခဲ့တော့သည်။

"'ဟန်နီ' လည်းပြန်တော့မယ်... ကားတစ်စီးချိန်းထားတာ အဆင်ပြေမယ့်ပုံရတယ်... ခုပဲဖုန်းလာလို့ သွားတော့မယ်ဆရာရယ်... ဘုရားကိုမီရင်လည်းလိုက်ခဲ့မယ် မမီတော့လည်း မနက်ဖြန်စောစော လေဆိပ်မဆင်းခင် 'ဟန်နီ' လာခဲ့ပါဦးမယ်"

"အေး အေး... ဘာနဲ့သွားမှာလဲ... 'ဟန်နီ' ကားကတီချယ် 'သန်းသန်း' ကိုလိုက်ပို့နေတယ်မဟုတ်လား"

"ရတယ် ဆရာ... ကားပဲငှားသွားလိုက်မယ်... သိပ်တော့လည်းမဝေးပါဘူး"

"ဟာ မဖြစ်ပါဘူး... ကားငှားဖို့ကအပြင်ကိုလျှောက်နေရတာနဲ့အချိန်ကကုန်နေပြီ... နေဦး 'ညီဟိန်း' ကိုပို့ခိုင်းလိုက်မယ်... သူလည်းပြန်တော့မယ်ဆိုတော့ အတော်ပါပဲ"

'ဟိန်း' က ဆရာဘာပြောမလဲဆိုတဲ့ပုံစံမျိုးဖြင့် ကြည့်နေ





လိုက်ပါသည်။ လမ်းကြုံခေါ်သွားရမယ့်ကိစ္စကတော့ 'ဟိန်း' အတွက်မပင်ပန်းပါ။ ပို့ရမယ့်နေရာက မဝေးရင်ပြီးတာပါပဲ။

"'ညီဟိန်း' ကို ဘယ်သူလိုက်ပို့တာလဲ"

ဆရာကအကြောင်းသိနေသူပီပီ အခြေအနေကိုအရင်လှမ်းမေးလိုက်တာဖြစ်နိုင်ပါသည်။ အိမ်ကလူကြီးတစ်ယောက်ယောက်ပါနေရင် 'ဟိန်း' ဆီက အကူအညီတောင်းမယ့်ပုံမရပါ။

"ကျွန်တော်တစ်ယောက်တည်းပါပဲ ဆရာ"

"အေး အေး ဒီလိုဆိုရင်တော့ 'ဟန်နီ' ကိုလမ်းကြုံခေါ်သွားစမ်းပါကွာ... သူ့မှာကိစ္စလေးပေါ်လာလို့ပါ... ပို့ပေးလို့ဖြစ်ရဲ့လား"

မဖြစ်ဘူးလို့ပြောလို့မကောင်းတာကြောင့် ခေါင်းကိုခပ်သွက်သွက်ပဲညိတ်ပြလိုက်မိသည်။

"ဒါဆို 'ဟိန်း' သွားလိုက်တော့မယ်... လာ လာ တို့က မြန်မြန်ရောက်လေကောင်းလေပဲ သွားမယ်"

'ဟိန်း' ရဲ့နံဘေးမှာ လှပချောမောသော မိန်းကလေးတစ်ယောက်ပါနေတာကြောင့် စိတ်ထဲမှာတစ်မျိုးလေးခံစားလို့နေခဲ့ရသည်။

သူမဆီကရနေသော မွှေးရနံ့ကတစ်မျိုးက ဘယ်ရေမွှေး



www.burmeseclassic.com

www.burmeseclassic.com

နံ့မျိုးနဲ့မှမတူပါ။ ဖျတ်ကနဲမျက်လုံးစွေကာ 'ဟိန်း' က ခိုးကြည့်ပစ်လိုက်သည်။

'ဟိန်း' တုန်ကနဲပင်လန့်သွားရသည်။ 'ဟိန်း' ကိုဘယ်အချိန်တည်းကစိုက်ကြည့်နေမှန်းမသိသော သူမရဲ့အကြည့်စူးစူးကိုမြင်တွေ့လိုက်ရသောကြောင့်ဖြစ်ပါသည်။

'ဟိန်း' ရဲ့လန့်သွားသောပုံစံကိုကြည့်ပြီး သူမကခပ်ကျယ်ကျယ်လေးအသံထွက်ကာ ရယ်ချလိုက်လေသည်။

"အဟင်း ဟင်း ဟင်း"

"ဘာရယ်တာလဲ"

"မင်းပုံစံကရယ်စရာကောင်းနေတာကိုး... သိချင်တာရှိရင်ပွင့်ပွင့်လင်းလင်းမေးလိုက်လေကွာ... ဘာကိုကြောက်နေတာလဲ... မျက်လုံးနဲ့ခိုးကြည့်ယုံလောက်နဲ့ မင်းသိချင်တဲ့ကိစ္စတစ်ခုက သိသွားမှာတဲ့လား"

'ဟိန်း' နှုတ်ကမေးချင်တာကို မေးဖို့မထွက်ရဲတာဖြစ်ပါမည်။ ဘယ်ကိုပို့ပေးရမလဲဆိုတဲ့စကားတစ်ခွန်းကို ဘယ်လိုစပြောရင်ကောင်းမလဲစဉ်းစားနေတာ အတော်ကလေးတောင်ကြာသွားခဲ့ပါပြီ။

"ကျွန်တော်က ဘာကိုကြောက်ရမှာလဲ"





"မသိဘူးလေ... မင်းကားမောင်းနေတဲ့လက်တွေကတုန်နေတယ်... မသိမသာတောင်မဟုတ်ဘူး တဆတ်ဆတ်ကိုတုန်နေတာ... ဖြစ်မှဖြစ်ရလေ မိန်းကလေးဖြစ်တဲ့တို့က လန့်ထိတ်မနေရဘူး မင်းကပြန်လန့်နေပုံရတယ်ဆိုတော့ ရယ်စရာကောင်းနေတာပေါ့ကွ... တို့သွားချင်တာ လသာလမ်းဘက်... မြို့ထဲပိုင်း မင်းလမ်းကြုံရဲ့လား... မကြုံဘူးဆိုရင်လည်း ရှေ့နားလောက်မှာချပေးသွားလိုက်... တို့ဖါသာ ကားငှားပြီးသွားလိုက်မယ်"

"လမ်းကတော့မကြုံဘူး... ကျွန်တော်က ရှစ်မိုင်ဘက်သွားရမှာ... တခြားစီပဲ... ဒါပေမဲ့ ရောက်အောင်တော့ပို့ပေးပါ့မယ်"

"ဟယ် တကူးတကဆိုရင်တော့ မပို့ပါနဲ့... အားနာပါတယ်"

"ရပါတယ် ဆရာ့တပည့်တစ်ယောက်အနေနဲ့ ကူညီပေးရမှာပေါ့"

"ဆရာ့ရဲ့တပည့်မဟုတ်ဘူးဆိုရင်တော့ မင်းကမကူညီဘူးဆိုတဲ့သဘောပေါ့ ဟုတ်လား"

"ကျွန်တော်တို့ချင်း ပတ်သက်စရာကိစ္စမှမရှိနိုင်တာ... လမ်းဘေးကနေ ကားကိုတားရင်လည်း ကျွန်တော်ကပို့ပေးမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

"မင်းကအားနာပါးနာလေးတောင် စကားကိုလှအောင် မပြောတတ်ပါလား အေးပေါ့လေ ကားအကောင်းစားကြီးမောင်းနေတာဆိုတော့လည်း ဘဝင်ကခပ်မြင့်မြင့်နေမှာပါ... တခြားသူတွေရဲ့အခက်အခဲကို ဘယ်စိတ်ဝင်စားနိုင်ပါ့မလဲ"

"ကျွန်တော်ဘဝင်မြင့်တာ မဟုတ်ပါဘူး... ဘယ်သူကကော အငှားကားမဟုတ်တဲ့ ကျွန်တော်တို့လိုကားမျိုးကိုတားရဲမှာလဲ... တားရင်လည်း အငှားကားမဟုတ်တဲ့ဘယ်ကားမဆို ရပ်ပေးဖို့ဝန်လေးကြမှာပဲ... အရမ်းလှုပြတ်တဲ့နေရာမျိုးဆိုရင်တော့တစ်မျိုးပေ့ါ"

"ဟုတ်ပါပြီ... ခုလိုလိုရာခရီးကို လိုက်ပို့ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ... မင်းကိုအားတဲ့တစ်နေ့ချိန်းပြီး တစ်ခုခု လိုက်ကျွေးမယ်... ဘယ်လိုဆက်သွယ်ရမလဲ"

'ဟိန်း'နဲ့ဆက်သွယ်လို့ရမယ့်နည်းလမ်းမရှိပါ။ အလုပ်မှာဆိုရင်လည်း ဖုန်းဆက်ရင်ပဲဖြစ်ဖြစ် တခြားသူတွေသိပြီးမှ 'ဟိန်း' ဖုန်းကိုင်ရတဲ့အဖြစ်ပါ။

သူတို့ပေးမပြောချင်တဲ့သူဆိုရင် 'ဟိန်း'ပင်မသိလိုက်ရဘဲ ကိစ္စကအစောကြီးပြတ်သွားတတ်သည်။ ပြန်တွေ့ဖို့လည်း





မလိုတော့တာကြောင့် 'ဟိန်း' ငြင်းလိုက်မိပါသည်။

"ကျွေးစရာမလိုပါဘူးဗျာ... ရပါတယ်..."

"လိုလိုမလိုလို ကူညီဖူးတဲ့သူတစ်ယောက်အနေနဲ့တော့ မင်းနဲ့ထပ်ဆုံချင်သေးတယ်... ဖုန်းနံပါတ်ဖြစ်ဖြစ်ပေးလေကွာ"

'ဟိန်း' သက်ပြင်းကိုချလိုက်မိပါသည်။ ကိုယ့်ဘက်က အခြေအနေကို သဘောမပေါက်သေးတဲ့အတွက် သာမန်ဖုန်းနံပါတ်တစ်ခုကိုတောင်းနေသလိုမျိုး တောင်းနေတာဖြစ်နိုင်သည်။

"ဖုန်းနံပါတ်ပေးလိုက်ရင်လည်း ကျွန်တော်နဲ့တိုက်ရိုက်တွေ့ချင်မှတွေ့ရမှာ... လူကြီးတွေကျေနပ်တဲ့သူမှ ကျွန်တော်နဲ့ ဖုန်းပြောခွင့်ရမှာ... မိန်းကလေးအသံဆိုပိုပြီးတော့တောင် ခေါ်ပေးမှာမဟုတ်ဘူး... မဆက်ပါနဲ့ဗျာ"

"အို 'ဟန်နီ' ကဘာလုပ်မှာမို့လို့လဲ... မင်းတို့ဘက်က လူမှုရေးလေးဘာလေးတောင် မသိတော့ဘူးလား... မိန်းကလေးအသံဆိုတာနဲ့ မင်းကိုဖုန်းပေးမပြောတော့ဘူးလား... မင်းအရွယ်ကိုလည်းကြည့်ပါဦး... ခုမှဆယ်တန်းဖြေမယ့် ချာတိတ်အရွယ်မှ မဟုတ်တော့တာ"

"'မဟန်နီ' ထင်ချင်သလိုထင်နိုင်တယ်... ကျွန်တော့်ဘက်က မလွှတ်လပ်တာတော့အမှန်ပဲ... အိမ်ကလူကြီးတွေကိုကြောက်



www.burmeseclassic.com

www.burmeseclassic.com

ရတယ် သူတို့စကားတွေကိုနားထောင်ရတယ်... အခုလာတာ တောင် အချိန်အတိအကျသတ်မှတ်ပေးလိုက်တာ"

"ဟင် ဒါဆို တို့ကိုလိုက်ပို့တာ မင်းအတွက်အချိန်တွေ ပုပ်ကုန်မှာပေါ့... မင်းအိမ်ကပြောတော့မှာပေါ့"

"အပြောခံရမှာတော့ သေချာတယ်... ဒါပေမဲ့ရပါတယ် ဆရာအကူအညီတောင်းလို့ဆိုပြီး ရှင်းပြလိုက်မယ်"

'ဟန်နီ'သည် 'ဟိန်း'အားငေးကာသာကြည့်နေလိုက်မိ တော့သည်။ ယောကျ်ားလေးတစ်ယောက်ကို သူတို့အိမ်ကထိန်း သိမ်းအုပ်ချုပ်တဲ့ပုံစံက တစ်မျိုးပါလား။

တခြားသူတွေထက် သန့်ပြန့်သားနားသော အသွင်အ ပြင်ကိုတော့ 'ဟန်နီ' ချီးကျူးပါသည်။ ဒါပေမဲ့ ဒီလိုပုံစံမျိုးဖြစ် နေပေမယ့် ကျဉ်းကျပ်လွန်းသော ဒီကောင်လေးဘဝကိုတော့ရင် ထဲကနေ သနားသလိုဖြစ်နေရသည်။

'ဟိန်း'တစ်ယောက်ကကော ဒီလိုမျိုးနေနေရတဲ့ဘဝမျိုး မှာပျော်ရွှင်စွာနေနိုင်တာပဲလား။ 'ဟန်နီ' ဆိုရင်တော့သေချင် လောက်အောင်ဖြစ်သွားနိုင်ပါသည်။

"ကျွန်တော် ဘယ်နားမှာကားကို ရပ်ပေးရမလဲ"

"လသာလမ်း ဟိုဘက်အလယ်ဘလောက်မှာရပ်ပေး





နော်"

'ဟိန်း' ကကားကို 'ဟန်နီ' ညွှန်ပြသောနေရာနားမှာပဲ ညင်သာစွာထိုးရပ်ပေးလိုက်ပါသည်။

"မင်းဘက်က ထပ်ပြီးမပတ်သက်ချင်တော့လည်း တို့ အတင်းကာရော လိပ်စာတို့ဖုန်းနံပါတ်တို့မတောင်းတော့ပါဘူး တစ်ခုတော့ရှိတယ်နော်... ရေစက်ဆိုတာဘယ်လိုမှ တားဆီးပိတ် ပင်လို့မရဘူးသိလား... တို့နဲ့မင်းနဲ့အခုစဆုံတယ်နော် နောက် လည်းဆုံဖြစ်ချင်ရင် ဆုံဖြစ်ဦးမှာ... တို့ကတော့မင်းကိုဘယ်မှာ ပဲတွေ့တွေ့ ခေါ်မယ်သိလား... မသိချင်ယောင်တော့မဆောင်နဲ့ နော်"

"ထပ်ပြီးတွေ့ပါစေလို့ပဲ ကျွန်တော်ကလည်းဆုတောင်း ပါတယ်ဗျာ"

'ဟန်နီ' ထွက်သွားတာကို အကြာကြီးနေအောင်ကြည့် နေမိပြီးမှ 'ဟိန်း'က ကားကိုမောင်းထွက်လာခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ၃

'ဟိန်း' ရဲ့ကားခြံထဲဝင်လိုက်တာနဲ့ အိမ်အဝင်ဝမှာဆီးကြိုစောင့်နေတဲ့လူအုပ်ကိုကြည့်ပြီး အဆူခံထိတော့မယ်ဆိုတာကို ကြိုသိလိုက်ပါသည်။

"အံမယ်လေး ပြန်ရောက်လာတာတော်ပါသေးရဲ့... တစ်ခုခုများဖြစ်နေပြီလားဆိုပြီး စိတ်ကိုပူနေတာပဲ"

'ဒေါ်ခင်ခင်လေး' ရဲ့အသံက အရင်ဦးအောင်ထွက်လာခဲ့သည်။ 'ဟိန်း' နဲ့ပတ်သက်ရင်တစ်ခုခုဆို ဒီအိမ်မှာအသည်းအသန်အဖြစ်ဆုံးသူက 'ဒေါ်ခင်ခင်လေး' ပါပဲ။





'ကြီးကြီးခင်' တို့မှာကလေးမရှိတာနဲ့ 'ဟိန်း' အားသားအရင်းလိုဖြစ်နေကာ ထစ်ကနဲရှိ သူတို့ကဖေဖေ့ထက်ကိုပိုပြီးပူပင်ပြတတ်လေသည်။

"ဒီလောက်မင်းကိုသေချာမှာလိုက်ရဲ့နဲ့များ လုပ်ချင်ရာလုပ်တတ်တယ်လို့ကွာ"

'ဘဘမောင်' ရဲ့အသံထပ်ထွက်လာသည်။

"ကဲ ကဲ အိမ်ထဲအရင်ဝင်ကြ... အိမ်ထဲရောက်မှ မေးချင်တာမေးကြပါ"

ဖေဖေက စိတ်ရှုပ်သလိုလေသံဖြင့်ပြောရင်း အိမ်ထဲဝင်ခိုင်းလိုက်သည်။ 'ဟိန်း' စိတ်ထဲမှာတော့ ဘာအပြစ်လုပ်မိလို့ဆူနေမှန်းခုထက်ထိကို မသိသေးချေ။

"နေပါဦး... ကိုယ့်အဆင့်အတန်းနဲ့များ တွေ့ရာကြုံရာမိန်းမတစ်ယောက်ကို မင်းကားပေါ်ခေါ်တင်ပြီးဘာလုပ်တာလဲ"

'ဟိန်း' သိလိုက်ပါပြီ။ 'ဟန်နီ' ကိုကားကြုံလိုက်ပို့တဲ့ကိစ္စအိမ်ကလူတွေသိနေပြီဆိုတာကို။ အပြင်ကလူတောင်အိမ်ကိုပြန်မရောက်သေး၊ ဖေဖေတို့က 'ဟိန်း' နဲ့ပတ်သက်တဲ့အခြေအနေအားလုံးကိုသိနေတာ အံ့ဩဖို့တော့ကောင်းပါသည်။

'ဟိန်း' ကိုဘယ်နေရာမှာပဲတွေ့တွေ့ သတင်းလှမ်းပေး


www.burmeseclassic.com

www.burmeseclassic.com



ရမယ်ဆိုပြီးတော့များ တပည့်တွေကိုမှာကြားထားလေသလား။

"ဆရာ့တပည့်တစ်ယောက်ပါ... အရေးတကြီးကိစ္စပေါ်လာတာနဲ့ ကျွန်တော်လည်းပြန်တော့မယ်ဆိုတော့ ကားကြုံထည့်ပေးလိုက်တာ"

"ကားကြုံထည့်ပေးတယ်ပြောရအောင် မင်းပြန်မယ့်လမ်းနဲ့ တဖြောင့်တည်းဖြစ်နေလို့လား"

"ဖြစ်တော့မဖြစ်ပါဘူး... ဒါပေမဲ့ကားပေါ်ရောက်မှဘယ်ကိုပို့ပေးရမယ်ဆိုတာကိုသိတော့ အားနာတာနဲ့ဆက်ပို့ပေးလိုက်တာ"

"အေး ဒီတစ်ခါနောက်ဆုံးဖြစ်ပါစေ...နောက်ဘယ်တော့မှမင်းကို အပြင်တစ်ယောက်တည်းမလွှတ်တော့ဘူး... ဘယ်သူငယ်ချင်းပဲချိန်းချိန်း သွားစရာလည်းမလိုတော့ဘူး... လူမှုရေးတွေဘာတွေလည်းနားလည်မပေးနိုင်ဘူး... တစ်ဖက်ကချိန်းလာရင့် မင်းဖါသာတစ်ခါတည်း အပြတ်ငြင်းထားလိုက်"

'ဟိန်း' ရင်ထဲမှာမကျေနပ်ပေမယ့် ဘာမှဆက်မပြောဘဲ ခေါင်းကိုသာငုံ့ထားလိုက်သည်။ ကိုယ်ကအားလုံးထဲမှာအငယ်ဆုံးဖြစ်နေတော့လည်း ပြန်ပြောလို့လည်းမကောင်းပါ။

ပြီးတော့ အိမ်ရဲ့ထုံးစံကလည်း ဘယ်တော့မှသူတို့ကို





ဆင်ခြေပေးတာ လက်မခံကြချေ။ ပြောရင်နားထောင်လိုက်ဆိုတဲ့ ပုံသေနည်းကိုပဲသုံးလာခဲ့ကြတာပါ။ အကြီးတွေရဲ့စကားကိုအငယ်တွေက နာခံရတာသီအိုရီတစ်ခုလိုဖြစ်နေပါပြီ။

အိမ်အပေါ်ထပ်ဧည့်ခန်းထဲမှာ ခပ်ငူငူထိုင်ပြီးစာရင်းတွေလုပ်ပေးနေတဲ့ 'ဟိန်း' ရဲ့အနားသို့ 'မမယွန်း' အအေးခွက်လေးကိုင်ပြီးရောက်လာခဲ့သည်။

'မမယွန်း' ကိုတော့ 'ဟိန်း' က အစ်မရင်းတစ်ယောက်လိုချစ်တာမို့ ရင်ထဲကဆန္ဒတွေကိုရင်ဖွင့်မိတာများသည်။ 'မမယွန်း' ကလည်း 'ဟိန်း' ကိုနားလည်ပေးပါသည်။

"'ဟိန်း' က ဘာလို့ကိုယ်မသိတဲ့ သူစိမ်းမိန်းကလေးတစ်ယောက်ကို ကားကြုံလိုက်ပို့တာလည်းကွယ်"

"ဆရာကအကူအညီတောင်းလို့ပါ... လိုက်မပို့ဘူးလို့ပြောရင် ကျွန်တော့်ဘက်ကရိုင်းရာကျမှာပေါ့... ကျွန်တော့်ကိုဘယ်သူတွေတာတဲ့လဲ"

"'ပိုးဝါနု' ကိုယ်တိုင်တွေ့လိုက်တာတဲ့... 'အန်တီနု' ကိုဆေးခန်းပြပြီးအပြန်တဲ့ကွယ်"

"အပေါင်းအသင်းတောင် မရှိရတော့ဘူးဆိုတဲ့သဘောနဲ့နှန်းဆက်တိုင်လိုက်တာလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရင်ထဲမှာ 'ဟိန်း' ကို မိန်းကလေးတစ်ယောက်နဲ့ တွဲပြီးတွေ့လိုက်ရတယ်ဆိုတော့ စိတ်ပူသွားတယ်နဲ့တူပါတယ် ပြီးတော့ ကောင်မလေးက အရမ်းချောတယ်ဆို... ရုပ်ရှင်မင်းသမီးတစ်ယောက်လို ပြင်ဆင်ထားတာတဲ့ဟုတ်လား"

"ရုပ်ရှင်မင်းသမီးတော့ မဟုတ်ပါဘူး... ချောတာတော့ တကယ်ချောတယ်... နာမည်က 'လဝန်းဟန်နီ' တဲ့... ဆရာ့တပည့်တစ်ယောက်ပဲ... သူ့အလုပ်ကိစ္စကအရေးပေါ်ပေါ်လာလို့ ကျွန်တော့်ကားနဲ့လိုက်လာတာ... သူကကျေးဇူးတင်တဲ့အနေနဲ့ တစ်ခုခုကျွေးမယ်ဆိုပြီး ချိန်းနေသေးတာ... ကျွန်တော်ကတစ်ခါတည်းအပြတ်ငြင်းလိုက်တယ်... ကျွန်တော့်ကြောင့် မဆိုင်တဲ့ဘေးလူတွေ အပြောအဆိုခံထိမှာစိုးတယ်လေ"

"ဟုတ်တာပေါ့..."

ဖေဖေတို့ညီအစ်ကိုသုံးယောက်လုံးက တစ်ခုခုဆို 'ဟိန်း' ထက် ဘေးလူကိုပိုပြီး မာန်မဲတတ်ကြတာမို့ 'ဟိန်း' နဲ့ပတ်သက်မိတဲ့အပြင်လူတွေကို အားနာရပါသည်။

'ဟိန်း' ကြောင့် အပြစ်မရှိတဲ့လူတွေကို အစော်ကားမခံထိစေချင်ပါ။ 'ဟန်နီ' နဲ့လည်း နောက်ထပ်တွေ့နေရင် ပြဿနာတက်မှာစိုးတာကြောင့် တစ်ခါတည်းအပြတ်ငြင်းထားလိုက်ရခြင်း





ဖြစ်ပါသည်။

စာရင်းတွေကိုစိတ်မပါပေမယ့် ကိုယ့်တာဝန်ကျေအောင် လို့လုပ်ပေးနေဆဲ တယ်လီဖုန်းမြည်သံကြားတာကြောင့် ကိုင်လိုက်ရသည်။ ဒီအပေါ်ထပ်ဖုန်းကို တကယ့်လူရင်းတွေလောက်ပဲ သိကြတာမို့ 'ဟိန်း' က ကိုင်လိုက်မိသည်။

"'ကိုကိုဟိန်း' လား... ဦးဦးကအပေါ်ထပ်မှာရှိတယ်ဆိုလို့ လှမ်းဆက်လိုက်တာ... 'ပိုး' တို့ခုနကတွေ့လိုက်တာ ဘယ်သူလဲဟင်... 'ကိုကိုဟိန်း' သူငယ်ချင်းလား... ဦးဦးတို့ပြောတော့ 'ကိုကိုဟိန်း' မှာ မိန်းကလေးသူငယ်ချင်းမရှိဘူးတဲ့... ဒါဖြင့်ခုတွေ့လိုက်ရတဲ့မိန်းမက ဘယ်လိုပတ်သက်နေသလဲဆိုတာသိချင်လို့ ဖုန်းလှမ်းဆက်ပြီး မေးကြည့်လိုက်တာ"

'ပိုးဝါနု' ရဲ့လေသံလေးက ခပ်တင်းတင်းကလေးဖြစ်နေပါသည်။ သူမနံဘေးမှာ သူ့မိခင် 'ဒေါ်နုနု' တစ်ယောက်လည်း ရှိနေနိုင်ပါသည်။

'ဒေါ်နုနု' ဆက်ခိုင်းလိုက်လို့ 'ပိုးဝါနု' က ဆက်ပြီးမေးနေတာလားပင်မပြောတတ်တော့ပါ။

"ကိုယ်နဲ့ဘယ်လိုမှမပတ်သက်ပါဘူး... ဆရာ့ရဲ့တပည့် တစ်ယောက်ပါ... လမ်းကြုံလိုက်ပို့ပေးပါဆိုလို့ လိုက်ပို့ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကတော့ဒါပဲ"

"သူက အရမ်းလှတယ်နော်"

"ဟုတ်တယ်"

'ဟိန်း' မညာလိုက်ချင်။ လှလို့လှတယ်လို့ဝန်ခံလိုက်တာဖြစ်ပါသည်။

"သူကလှလို့ 'ကိုကိုဟိန်း' က တကူးတကကိုလမ်းကြုံတယ်ဆိုပြီး လိုက်ပို့ပေးတာပေါ့လေ"

" 'ပိုး' ပြောတဲ့စကားကိုကိုယ်နားမလည်တော့ဘူး... ပြီးသွားတဲ့ကိစ္စတစ်ခုကို ဘာလို့အကျယ်ချဲ့ချင်နေရတာလဲ... ဘာတွေများဆက်ပြီးဖြစ်မယ်လို့ ခန့်မှန်းထားလို့လဲ"

"ဟင့်အင်း မခန့်မှန်းထားပါဘူး... 'ပိုး' တို့ရဲ့စေ့စပ်ပွဲကို 'ကိုကိုဟိန်း' များဖိတ်လိုက်သလားလို့လေ... "

"ဘာဆိုင်လို့ဖိတ်ရမှာလဲ"

"ဟုတ်တယ်နော်... 'ပိုး' တို့ကဖိတ်စာနည်းနည်းပဲရိုက်တာဆိုတော့လေ ကိုယ့်လူရင်းတွေလောက်ပဲ ဖိတ်စေချင်တာပါ တော်ကြာ ဖိတ်စာမလောက်မှာစိုးလို့ 'ကိုကိုဟိန်း' ကိုကြိုပြောထားတာ"

"ဒါတွေ ဖေဖေတို့စီစဉ်မှာပါ... ကိုယ်သိပ်မသိဘူး"





" 'ပိုး' ဖုန်းချလိုက်တော့မယ်... ဒါပဲနော်"

'ပိုးဝါနု' က မျက်နှာလေးကိုမဲ့ပြီး ဖုန်းကိုချလိုက်ပါသည်။ ခမမေက 'ပိုး' ကိုကြည့်ပြီး...

"သူက ဘာပြောလို့လဲ"

"စေ့စပ်ပွဲကိစ္စကို သူသိပ်မသိဘူးတဲ့... ဦးဦးပဲစီစဉ်တာတဲ့လေ"

"အလကား အရှက်ပြေပြောတာပဲနေမှာ... 'ဟိန်း' ကိုသူတို့အိမ်ကတော်တော်ဆူပူပြီးနေလောက်ပြီ... 'ပိုး' တစ်ယောက်လုံးရှိနေရဲ့နဲ့များ တခြားမိန်းမတစ်ယောက်ကို ကားပေါ်ခေါ်တင်သွားရတယ်လို့... အသိမိတ်ဆွေတွေများမြင်ရင် မေမေတို့တော့တော်တော်အရှက်ကွဲတော့မှာပဲ"

"ဟုတ်တယ် မေမေ... 'ကိုကိုဟိန်း' က 'ပိုး' ရဲ့အလုပ်ကိုတော့ လာဖို့စိတ်မဝင်စားဘူး... အရေးမပါတဲ့ သူ့ဆရာရဲ့ဧည့်ခံပွဲကိုတော့ တစ်ယောက်တည်းသွားတယ်... လမ်းကြုံလိုက်ပို့တဲ့မိန်းမက တော်တော်ချောတယ်နော်... 'ကိုကိုဟိန်း' များစိတ်ထဲကနေ ကြိတ်ကြိုက်နေပြီလားမသိပါဘူး... စိတ်ပူလိုက်တာ"

'ပိုး' တကယ့်ကိုပူပင်နေမိသည်။ ငယ်ငယ်တည်းကချစ်လာခဲ့တဲ့ 'ကိုကိုဟိန်း' ဆိုတဲ့ယောကျ်ားတစ်ယောက်ကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့မှ မစွန့်လွှတ်လိုက်ချင်ပါ။

'ပိုး' ရဲ့နှလုံးသားထဲမှာ အချစ်ဆိုတဲ့အရာကိန်းအောင်း ခိုဝင်လာတည်းက 'ကိုကိုဟိန်း' တစ်ယောက်သာ နေရာယူနိုင်ခဲ့ပါသည်။

'ပိုး' က ရုပ်သိပ်မလှပေမယ့်လည်း 'ကိုကိုဟိန်း' ကိုချစ်တဲ့အချစ်ကတော့ လှလှပပကြီးရှိနိုင်ပါလိမ့်မည်။ မိဘတွေအားပေးလို့ 'ကိုကိုဟိန်း' နဲ့ စေ့စပ်ဖို့အခွင့်အရေးရခဲ့ပေမယ့်လည်း 'ပိုး' အပေါ်ကို လှိုက်လှိုက်လှဲလှဲသိပ်မရှိလှတဲ့ 'ကိုကိုဟိန်း' ရဲ့စိတ်အခြေအနေကြောင့် ရင်ထဲမှာပူပင်နေတဲ့စိတ်က အမြဲတမ်းခိုဝင်နေခဲ့ရသည်။

တခြားမိန်းကလေးတစ်ယောက်ကို 'ကိုကိုဟိန်း' ကြိုက်သွားမှာကိုလည်း သေမလောက်စိုးရိမ်မိသည်။ 'ကိုကိုဟိန်း' ဘေးမှာမိန်းကလေးဆိုလို့ 'ပိုး' တစ်ယောက်တည်းပဲ ရှိစေချင်ပါသည်။

အခုမထင်မှတ်ဘဲ သိပ်လှတဲ့မိန်းကလေးတစ်ယောက်ကို 'ကိုကိုဟိန်း' နဲ့တွဲပြီးတွေ့လိုက်ရတာမို့ ရင်ထဲမှာလျှော်လှုပ်သွားရကာ မေမေ့ကိုပြောပြီး ဦးဦးတို့ဆီဖုန်းဆက်ပြောခိုင်းရသည်။

စေ့စပ်ခါနီးကျတော့မှ တည်ငြိမ်နေတဲ့ 'ကိုကိုဟိန်း' ရဲ့နှလုံးသားကို လှုပ်ရှားစေမယ့်အခြေအနေမျိုးတွေ မဖြစ်ပေါ်စေ





ချင်တော့ပါ။

'ပိုး' လည်း 'ကိုကိုဟိန်း' အနားမှာနေလို့ရနိုင်မယ့်နည်းလမ်းတွေကို မေမေတို့ကတစ်ဆင့် ကြံဖန်ပြီးစီစဉ်ခိုင်းရပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

'ဟိန်း' ရဲ့မျက်နှာကအလိုက်အထိုက် ပြုံးနေရပေမယ့် စိတ်ထဲမှာတော့ ညစ်နေမိပါသည်။ လူကြီးတွေသဘောကျ 'ပိုး' နဲ့ခပ်မြန်မြန်စေ့စပ်လိုက်ရပေမယ့် စိတ်လှုပ်ရှားမှုတစ်စုံတစ်ရာ ဖြစ်ပေါ်မနေတာ သေချာလို့နေရသည်။

စေ့စပ်တဲ့အခမ်းအနားကို ထရိတ်ဒါးဟိုတယ်မှာလုပ်ဖြစ်တာမို့ 'ဟိန်း' က သူငယ်ချင်းနှစ်ယောက်ဖြစ်တဲ့ 'ရန်လင်း' နဲ့ 'ရွှေသွေး' ကိုလာခဲ့ဖို့ဖိတ်ထားပါသည်။

ဖေဖေတို့ကမကျေနပ်ပေမယ့်လည်း သူတို့စိတ်တိုင်းကျ





'ပိုး' နဲ့စေ့စပ်တာကိုလက်ခံတဲ့အတွက် ဘာမှမပြောတော့ပါ။

လူသိတွေလောက်ပဲဖိတ်ပြီး လုပ်တဲ့ပွဲမို့ စေ့စပ်ပွဲကစည်စည်ကားကားတော့လည်း သိပ်မဖြစ်ပါ။ ကိုယ့်လူတွေနဲ့ကိုယ် စားရင်းသောက်ရင်း ပျော်နေရတာသာဖြစ်ပါသည်။

'ပိုးဝါနု' က အရမ်းကိုလှချင်နေတာကြောင့်လားမသိ၊ သူတပ်နေကြမျက်မှန်ချွတ်ကာ မျက်ကပ်မှန်ပြာပြာလေးကိုအလှတပ်ထားခဲ့သည်။

'ဟိန်း' ရဲ့အမြင်မှာ ခါတိုင်းနဲ့မတူဘဲ အမြင်ဆန်းသလို ဖြစ်နေပေမယ့် 'ပိုးဝါနု' ကိုလှတယ်လို့ကိုမမြင်မိပါ။ ကြည့်ရတာ တစ်မျိုးကြီးတောင်ဖြစ်နေမိသေးသည်။

ဧည့်သည်တွေကိုလိုက်နှုတ်ဆက်နေချိန် 'ရန်လင်း' တို့ စားပွဲဝိုင်းသို့ 'ဟိန်း' တို့ရောက်လာခဲ့ရသည်။ 'ရန်လင်း' ကတော့ ခပ်ပြုံးပြုံးရှိနေပေမယ့် 'ရွှေသွေး' က လှောင်သလိုမျိုးပြောလာသည်။

"မင်းရဲ့သတို့သမီးက ရေလည်ချောတယ်ကွာ... မင်းနဲ့တောင်မတန်ဘူး ဟီး ဟီး"

'ပိုး' က နှုတ်ခမ်းကိုကိုက်ပြီး မျက်လုံးကိုပြူးလျှက်မကျေမနပ်စိုက်ကြည့်နေသည်။ 'ပိုး' ကိုယ်တိုင်လည်း သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိန်း' နဲ့အတူယှဉ်ရပ်လိုက်ရင်ဖြင့် ဘယ်လိုမှမလိုက်ဖက်ဘူးဆိုတာကို၊ တစ်ဖက်ကအရမ်းကိုပြည့်စုံချောမောနေပြီး တစ်ဖက်က အလိုလိုမှေးမှိန်နေတာကိုပါ။

'ဟိန်း' ရဲ့အသားကဖြူစင်ဝင်းပြီး အရောင်တွေထွက်နေသလိုလင်းလက်နေပေမယ့် 'ပိုး' ရဲ့အသားအရည်ကတော့ညှိုးမှိန်မှိန်ဖြစ်နေတတ်သည်။

'ပိုး' လည်းအကောင်းစားလိုးရှင်းတွေ မိတ်ကပ်တွေနဲ့အလှဆင်တာပါပဲ။ မလှလာတာကတော့ 'ပိုး' ရဲ့ကုသိုလ်ကံလို့ပဲပြောရတော့မည်။ ဒါကိုလူတွေကြားထဲမှာ တမင်ရိုသလိုလိုပြောလိုက်တဲ့ 'ကိုကိုဟိန်း' ရဲ့သူငယ်ချင်း 'ရွှေသွေး' ဆိုတဲ့လူကိုမုန်းသွားရသည်။

"ချောတာမချောတာထက် စိတ်ထားလှဖို့က ပိုပြီးအဓိကကျတယ်ရှင့်... 'ပိုး' ကတော့ ချောတယ်လို့အပြောမခံချင်ဘူး"

"သြော် ဟုတ်လား"

ကြည့် သူ့စကားကိုသူပြန်ပြီး တခွီးခွီးနဲ့နေအောင်ရယ်နေပြန်သည်။ 'ပိုး' ဆက်ပြီးသည်းမခံချင်တော့တာကြောင့် 'ကိုကိုဟိန်း' လက်ကိုဆွဲကာ တခြားဝိုင်းသို့ထွက်လာခဲ့လိုက်ပါသည်။

ဧည့်သည်တွေပြန်တဲ့အချိန်ရောက်တော့ 'ကိုကိုဟိန်း' က





သူ့သူငယ်ချင်းနှစ်ယောက်ကို ခန်းမအပေါက်ဝအထိ လိုက်ပို့ပေးလေသည်။

'ပိုး' ကလည်း တခြားကိုယ့်ရဲ့မိတ်ဆွေတွေကို နှုတ်ဆက်နေရတာကြောင့် 'ကိုကိုဟိန်း' သွားတဲ့နောက်သို့ မလိုက်နိုင်တော့ပါ။

'ရွှေသွေး' ဆိုတဲ့လူကိုအမြင်ကတ်ပြီး ထပ်မတွေ့ချင်တာကြောင့်လည်းပါပါသည်။ အခြေအနေများတစ်ခုခုထူးခြားမယ်လို့ကြိုသိခဲ့လျှင် 'ကိုကိုဟိန်း' ကိုလည်း ခပ်ဝေးဝေးသို့ဘယ်ပေးသွားပါ့မလဲ။

အခုတော့ 'ကိုကိုဟိန်း' ရဲ့နှလုံးသားထဲကို မထင်မှတ်တဲ့မိန်းကလေးတစ်ယောက်က ဖြုန်းကနဲဝင်ရောက်သွားခဲ့သည်နှင့်တူပါသည်။

'ဟိန်း' ရဲ့စိတ်အိုက်နေသောမျက်နှာကိုကြည့်ပြီး 'ရွှေသွေး' က ရယ်နေသည်။

"မင်းကွာ ကိုယ်မဖြစ်ချင်တဲ့ကိစ္စတစ်ခုကိုများ ကြိတ်မှိတ်ပြီးလိုက်လျောနေသေးတယ်... ကျွန်တော်သဘောမတူဘူးဆိုပြီး ပြောလိုက်ပေါ့ကွာ"

"ပြောလိုရတဲ့အခွင့်အရေး ငါ့မှာမရှိလို့ပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဒါနဲ့ပဲ 'ပိုးဝါန'ကိုမင်းလက်ထပ်ယူဖို့အထိစဉ်းစားနေရပြီပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"'ပိုးဝါန'က ရုပ်လည်းမလှတဲ့အပြင် စိတ်ဓါတ်ကလည်း ပုပ်မယ့်ပုံရတယ်ကွ... ငါ့ကိုကြည့်တာများ ဝါးစားချင်နေတဲ့အတိုင်းပဲ"

'ဟိန်း'က ရယ်သာနေလိုက်ပါသည်။ 'ရန်လင်း'ကတော့ အားနာတတ်သူမို့လားမသိ၊ ဘာမှသိပ်မပြောပါ။သူတို့ပြန်သွားပြီးလို့ 'ဟိန်း'က ခန်းမထဲပြန်ဝင်ဖို့အပြင် အနောက်ဘက်နားကနေ အံ့သြသလိုရပ်ကြည့်နေတဲ့သူတစ်ယောက်ကို တွေ့လိုက်ရတာကြောင့် 'ဟိန်း'လည်းခြေလှမ်းကိုရပ်ပြီး ပြန်ကြည့်နေလိုက်ပါသည်။

မျက်လုံးချင်းဆုံနေတဲ့အခိုက်မှာ 'ဟိန်း'ရဲ့နှလုံးခုန်သံတွေက အလိုလိုနေရင်းကိုတဖြည်းဖြည်းချင်းခုန်နေတာ အရှိန်းကိုဆန်းကျယ်နေရလေသည်။

'ဟိန်း'ဆီကို သူမကခပ်ဖြည်းဖြည်းချင်း လျှောက်လာနေပါသည်။ 'ဟိန်း'ကတော့ အသက်ပင်ရှူမိရဲ့လားပင်မသိတော့ပါ။





"မင်း တို့ကိုမှတ်မိသေးလား"

'ဟိန်း' ခေါင်းညိတ်ပြလိုက်မိသည်။

"ညှော်ခံပွဲလာတာနဲ့တူတယ်... ခန်းမထဲမှာတော့လူတွေရှုပ်နေတာပဲ... တို့က ဆိုင်ခန်းကိစ္စလာစုံစမ်းတာ... အချိန်ရရင် တစ်ခုခုလိုက်စားပါလား... တို့ကျွေးပါ့မယ်"

"ရပါတယ်... ကျွန်တော့်မှာကိစ္စလေးတွေရှိသေးလို့ပါ နောက်ကြုံတဲ့အခါပေါ့"

"မကြုံနိုင်ဘူးနဲ့တူပါတယ်... အခုတောင်နှစ်လလောက်ကြာသွားပြီနဲ့တူတယ်နော်... ဆရာ့အကြောင်းတွေလည်းပြောပြချင်သေးတယ်... ဆရာကဟိုရောက်သွားမှ ဖူးစာရှင်နဲ့တွေ့နေတာလေ"

'ဟန်နီ'က ဆရာ့ရဲ့တပည့်တစ်ယောက်မို့ အားရဝမ်းသာစကားတွေရပ်ပြောနေမိတာဖြစ်သည်။ ပထမတစ်ခါတွေ့ပြီးတည်းက 'ဟန်နီ'စိတ်ထဲမှာထူးခြားနေခဲ့သော 'ဟိန်း'ကိုနောက်ဘယ်တော့များတွေ့မလဲဆိုပြီး မျှော်လင့်မိပေမယ့် ထပ်ပြီးမဆုံဖြစ်ကြတော့ပါ။

တွေ့မယ့်တွေ့တော့လည်း 'ဟိန်း'ဝတ်စားထားတဲ့အဝတ်အစားက သူများတွေထက်ပိုထူးခြားနေပါသည်။ သာမန်လူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ညှိခံပွဲတစ်ခုကိုလာတာထက် 'ဟိန်း' ကပိုတောက်ပြောင်ကာနေသည်။ ပိုးစစ်ပုဆိုးနဲ့ ရင်ဖုံးတိုက်ပုံက သာမန်လူတွေထက်ပိုကိုထူးခြားနေတာပါ။ ပြီးတော့ 'ဟိန်း' ရဲ့မျက်လုံးလေးတွေ။

တစ်မျိုးလေးထူးခြားနေသည်ဟု ထင်မိသည်။

"ခဏလေးပါ 'ဟိန်း' ရယ်... ကော်ဖီဖြစ်ဖြစ်သောက်ကြရအောင်"

"ကျွန်တော် တကယ့်တောင်းပန်ပါတယ်"

'ဟန်နီ' သက်ပြင်းလေးကိုချကာ 'ဟိန်း' ကို နှုတ်ဆက်လိုက်သည်။

"ကဲ ဒီလိုဆိုရင်လည်းတို့ပြန်တော့မယ်... မင်းအားတဲ့တစ်နေ့ချိန်းလိုက်လေ... တို့ကဒ်ပြားလေးပေးခဲ့လိုက်မယ်"

'ဟန်နီ' ပေးတဲ့ကဒ်ပြားကို 'ဟိန်း' ကယူပြီး သူ့ရဲ့တိုက်ပုံအိတ်ကပ်ထဲထည့်ထားလိုက်သည်။ ဒီအချိန်မှာပဲ 'ကိုကိုဟိန်း' ဆိုတဲ့ခေါ်သံနဲ့အတူ မိန်းကလေးတစ်ယောက် 'ဟန်နီ' တို့နားသို့ရောက်လာခဲ့ပါသည်။

'ဟိန်း' ရဲ့လက်မောင်းကို ခပ်တင်းတင်းဆွဲယူချိတ်လိုက်ကာ 'ဟန်နီ' အား ခြေဆုံးခေါင်းဆုံးကြည့်ပြီး အကဲခတ်နေလေသည်။





"'ကိုကိုဟိန်း' ပျောက်သွားလို့ 'ပိုး' က လိုက်ရှာနေတာဘာလုပ်နေတာလဲ... 'ကိုကိုဟိန်း' ချည့်သည်လား... ချည့်သည်ဆိုရင်လည်း ခေါ်လိုက်လေ... 'ပိုး' တို့စေ့စပ်ပွဲလုပ်နေတယ်ဆိုတာပါပြောပြလိုက်ပေါ့"

'ဟန်နီ' အံ့ဩစွာဖြင့် 'ဟိန်း' အားကြည့်လိုက်မိပါသည်။

"ကျွန်တော့်ကိုခွင့်ပြုပါဦး..."

"အို 'ကိုကိုဟိန်း' ကလည်း မမကိုခေါ်လိုက်လေ... ယာပါ မမ... အထဲမှာတစ်ခုခုစားပါဦး... 'ပိုး' တို့ကိုဂုဏ်ပြုတဲ့အနေနဲ့ပေါ့နော်"

"ဟို ရပါတယ်... 'ဟန်နီ့' မှာလည်း ကိစ္စလေးရှိသေးလို့နော်... သွားတော့မယ်"

'ဟန်နီ' က 'ဟိန်း' ကိုပြုံးပြပြီးထွက်လာခဲ့လိုက်သည်။ ခပ်သွက်သွက်ထွက်သွားသော 'ဟန်နီ့' ကို 'ဟိန်း' က လည်ပြန်အောင်ငေးကြည့်နေမိ၏။

"ဒီလောက်လည်းမလိုပါဘူး 'ကိုကိုဟိန်း' ရယ်... သူ့ဖါသာထွက်သွားတာသွားပါစေပေါ့... 'ပိုး'ကိုတော့နည်းနည်းပါးပါးအားနာသင့်ပါတယ်"

"မင်းဘာတွေပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"'ကိုကိုဟိန်း' တို့နှစ်ယောက် အကြည်စိုက်နေတာကို 'ပိုး' မြင်တယ်... စေ့စပ်ပွဲလုပ်နေရဲ့နဲ့များ 'ကိုကိုဟိန်း' မို့လို့ တခြားမိန်းမတစ်ယောက်နဲ့ ပျော်နေတယ်"

"ဒုက္ခပဲ... ဘာတွေပြောနေတာလဲ... 'ဟန်နီ' နဲ့ကမထင်မှတ်ဘဲတွေ့တာ... ခုမှတွေ့တဲ့ညွှေ့သည်ကို စေ့စပ်ပွဲလာခဲ့ဖို့ဖိတ်ခေါ်နေတာ မရှက်ဘူးလား... သူနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင်မဆိုင်ဆိုင် တမင်ခေါ်လိုက်တာ... သူ့မျက်လုံးတွေကိုမကြိုက်ဘူး... 'ကိုကိုဟိန်း' ကိုညှုနေသလိုပဲ"

"မင်းကွာ..."

'ဟိန်း' သည် အတင်းလာရောက်ချိတ်တွဲထားတဲ့ 'ပိုး' ရဲ့လက်ကိုဖြုတ်လိုက်ကာ တစ်ယောက်တည်းအရင်ထွက်လာခဲ့လိုက်သည်။

ပြောချင်ရာလျှောက်ပြောနေတဲ့ 'ပိုးဝါနု' ကိုလည်းတော်တော်အမြင်ကတ်သွားရပါသည်။ အံ့သြသွားပုံရတဲ့ 'ဟန်နီ' ရဲ့မျက်နှာကိုကြည့်ပြီး 'ဟိန်း' ရင်ထဲခံစားလို့နေရသည်။

'ဟိန်း' နှုတ်ကပြောမထွက်တာကို အပြစ်လို့များမြင်သွားပြီလား။ ပြောဖို့ကောလိုလို့လား။ခုမှတွေ့တဲ့လူတစ်ယောက်ကို ကျွန်တော်ဒီနေ့စေ့စပ်တာလို့ ဖွင့်ပြောပြစရာလား။





စိတ်ရှုပ်သောအတွေးများဖြင့် အနောက်ဘက်သို့ပြန်လှည့်ကြည့်လိုက်စဉ် နှုတ်ခမ်းကိုကိုက်ပြီး ရန်လိုသလိုကြည့်နေသော 'ပိုးဝါနု' ရဲ့ပုံစံကိုမြင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁

ဖုန်းနံပါတ်တွေကိုနှိပ်နေတဲ့ 'ဟိန်း' ရဲ့လက်တွေကတုန်နေရလေသည်။ အကျိုးအကြောင်းမပြောပြဘဲ ဒီအတိုင်းထားလိုက်ရင်ဖြစ်ပေမယ့် လူတစ်ဖက်သားကို စော်ကားရာရောက်မှာစိုးပြီး တောင်းပန်ဖို့ 'ဟိန်း' ဘက်က ဆက်သွယ်လိုက်ရခြင်းဖြစ်ပါသည်။

"ဟယ်လို"

တစ်ဖက်ကအသံကိုကြားပေမယ့် 'ဟိန်း' ဘက်ကဘယ်လိုစပြောရမှန်းမသိဖြစ်ကာနေ၏။ 'ဟန်နီ' အသံဆိုတာလည်း





သေချာနေပါပြီ။

"ဟော့ ဖုန်းဆက်ပြီးဘာလို့မပြောတာလဲ... အ,နေတာလား န,နေတာလား... လက်ယားနေလို့လား"

ခပ်စွာစွာထွက်လာတဲ့ 'ဟန်နီ' အသံကြောင့် 'ဟိန်း' ရင်တုန်သွားရသည်။

"ဟို ဟို ကျွန်တော်ပါ..."

"ဘယ်ကကျွန်တော်လဲ..."

" 'ညီဟိန်း' ပါဗျာ..."

တစ်ဖက်ကအသံ တိတ်သွားသည်။

"ကြည့်စမ်း တို့ကမမြင်ဖူးတဲ့ဖုန်းနံပါတ်မို့လို့ စွတ်ပြီးဟောက်နေတာ... ဆောရီး 'ဟိန်း' ရယ်... တချို့ကဖုန်းနဲ့ကလိတတ်ကြလို့လေ"

" 'မဟန်နီ' အားရဲ့လားမသိဘူး"

"တို့ကို 'ဟန်နီ' လို့ပဲခေါ်ပါ... ပြောလေ ဘာပြောစရာရှိလို့လဲ... မင်္ဂလာဆောင်ပွဲအကြောင်းကို ကြားမလို့လား"

ဒီစကားက 'ဟိန်း' အား ခနဲ့လိုက်တာလားမပြောတတ်ပါ။ ဖွင့်မပြောရဲတာက 'ဟိန်း' ရင်ထဲမှာ တစ်ခုခုဖြစ်နေလို့ဆိုတာ 'ဟန်နီ' သိနိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



"မကြွားပါဘူးဗျာ... 'ဟန်နီ' ကိုတောင်းပန်ချင်လို့ဆက်လိုက်တာပါ... ကျွန်တော့်ဘက်က အရေးတယူမဖိတ်လိုက်တာကို တောင်းပန်ပါတယ်... ကိုယ့်ကိစ္စတစ်ခုကြောင့် 'ဟန်နီ' အချိန်တွေ အလကားသက်သက်ကုန်သွားမှာ စိုးရိမ်လို့ပါ"

"ရပါတယ်... တို့အနေနဲ့ အံ့သြသွားတာပဲရှိတာပါ... ဖိတ်တာမဖိတ်တာ တို့အတွက်အရေးမပါပါဘူး... မင်းတို့စုံတွဲ ပျော်ရဖို့က အဓိကကျပါတယ်... တစ်ခုတော့ပြောချင်တယ် မင်းကောင်မလေးက တစ်မျိုးလေးပဲ... တို့ကိုကြည့်တဲ့မျက်လုံးက အရှမ်းကိုအသက်ဝင်လွန်းတယ်... ဘာဖြစ်တာလဲ"

ပွင့်ပွင့်လင်းလင်းမေးချလိုက်တဲ့ 'ဟန်နီ' အမေးကြောင့် 'ဟိန်း' ဘာပြန်ပြောရမှန်းမသိတော့ပါ။ 'ဟန်နီ' အားရန်လိုစွာဖြင့်ကြည့်နေတယ်ဆိုတာကို 'ဟိန်း' ရိပ်မိပါသည်။

ဧည့်ခံပွဲကအပြန်မှာလည်း 'ဟိန်း' ရဲ့နားတွေထူပူအောင်ပင် 'ပိုးဝါန' တစ်ယောက် မေးခွန်းတွေထုတ်လာလိုက်တာ ခေါင်းပင်မူးလာရသည်အထိပါ။

ဒီမိန်းကလေး ဘယ်လိုဖြစ်နေတာပါလိမ့်။ ဇွဲစပ်တာဖြင့် နာရီပိုင်းကလေးပဲရှိသေးသည်၊ 'ဟိန်း' နဲ့ပတ်သက်တဲ့အရာမှန်သမျှကို လိုက်လံစပ်စုပြီးပိတ်ပင်တားဆီးချင်နေတာ လွန်လွန်း





နေဘူးလား။ 'ဟိန်း' ရင်ထဲကချစ်ရတဲ့ ချစ်သူတစ်ယောက်ဆိုရင်တော့ သူမလုပ်ရပ်တွေအတွက် ခွင့်လွှတ်နားလည်ပေးလို့ရသေးသည်။

အခုတော့ ချစ်စိတ်ကလေးတောင် 'ဟိန်း' ရင်ထဲမှာနည်းနည်းကလေးမှ မရှိတဲ့အတွက် သူမရဲ့ပုံစံအမူအယာကိုကြည့်ပြီး စိတ်ပျက်သထက်ပျက်လို့နေရတော့သည်။

"ဟော့ တို့မေးတာကိုမဖြေဘူးလား... မင်းချစ်သူကိုပြောလို့စိတ်ဆိုးသွားတာလား"

'ဟိန်း' ခေါင်းခါမိသွားရသည်။ ချက်ခြင်းနှုတ်ကပြင်းဆန်ဖို့စကားက စဉ်းစားလို့မရအောင်ဖြစ်နေသည်။

"'ပိုးဝါန' က ကျွန်တော့်ချစ်သူမဟုတ်ပါဘူးဗျာ... အိမ်ကလူကြီးတွေသဘောတူလို့ ဇွဲစပ်လိုက်ရတာပါ"

"အမ်မယ် နှလုံးမခုန်ရင်မတုန်ဘဲနဲ့ မင်းကဇွဲစပ်လိုက်ရတယ်ဆိုတဲ့သဘောပေါ့ဟုတ်လား"

"ဟုတ်ပါတယ်... ကျွန်တော်ကလူကြီးတွေစကားကိုဘာဖြစ်ဖြစ်ငြင်းငြင်းတည်းက နားထောင်ရတယ်... ကျွန်တော့်ဆန္ဒထက် အိမ်ကလူကြီးတွေဆန္ဒကပိုပြီးအရေးပါပါတယ်"

'ဟိန်း' ဘက်က အမှန်အတိုင်းပဲဖွင့်ပြောပြလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မလွတ်လပ်တဲ့ကိုယ့်ဘဝအခြေအနေကို 'ဟန်နီ' သိစေချင်တာလည်းပါပါသည်။ မိန်းကလေးဖြစ်တဲ့ 'ဟန်နီ့'ဘက်ကလွတ်လပ်နေသလောက် 'ဟိန်း' ဘက်ကတွန့်ဆုတ်နေတဲ့ပုံစံကိုကြည့်ပြီးအထင်လွဲသွားမှာစိုးရိမ်မိသည်။

'ဟိန်း' ရဲ့အခြေအနေမှန်ကို သိသွားလျှင် ဘာပဲဖြစ်နေနေ နားလည်သဘောပေါက်နိုင်လိမ့်မည်ဟုထင်ပါသည်။

"မင်းအိမ်ကမင်းကိုအရမ်းချစ်တယ်နဲ့တူတယ်နော်"

"ချစ်တာထက် သူတို့စိတ်သဘောအတိုင်းပုံစံသွင်းနေတာကပိုများပါတယ်..."

"မင်းကလည်း အဲ့ဒီပုံစံခွက်ထဲမှာနေရတာအသားကျနေပြီမဟုတ်လား"

"ဆိုပါတော့ဗျာ"

'ဟိန်း' သက်ပြင်းကိုချလိုက်မိသည်။ မနေချင်လည်းပဲနေနေရတဲ့ဘဝမှာ ဘယ်သူ့ကိုများအပြစ်ပုံချနေရဦးမှာလဲ။ တစ်ခါတစ်ခါတော့လည်း၊ တခြားသူတွေလိုကိုယ့်ဘဝကိုယ်ကျောင်းပြီး စိတ်ရှိတိုင်းလွတ်လွတ်လပ်လပ်နေလိုက်ချင်ပါသေးသည်။

အခုလို 'ဟန်နီ' ကို ရင်ထဲကဖွင့်ထုတ်ချင်တာလေးတွေဖွင့်ထုတ်လိုက်ရတော့လည်း စိတ်ချမ်းသာသလိုရှိသည်။ 'ဟိန်း'





ဘဝမှာ အပြင်သူစိမ်းမိန်းကလေးတစ်ယောက်ကို စိတ်ထဲရှိတဲ့အကြောင်းအရာတချို့ကိုဖွင့်ပြောမိတာ ဒီတစ်ကြိမ်သာရှိပါသေးသည်။

ရုတ်တရက် 'ဟိန်း' ရဲ့အခန်းတံခါးကပွင့်လာကာ 'အန်တီခင်' ကိုတွေ့လိုက်ရပါသည်။ 'ဒေါ်ခင်ခင်လေး' ကိုယ်တိုင်လည်း ပုံမှန်အတိုင်း 'ဟိန်း' သောက်ဖို့နွားနို့ခွက်ကိုလာပို့ပေးတာဖြစ်ပေမယ့် ကုတင်ပေါ်မှာထိုင်ကာ ခပ်ပြုံးပြုံးမျက်နှာဖြင့်ဖုန်းပြောနေသော 'ဟိန်း' ရဲ့ပုံစံကြောင့် အံ့သြသွားရပါသည်။

တစ်သက်နဲ့တစ်ကိုယ် 'ဟိန်း' ရဲ့မျက်နှာဒီလိုကျေကျေနပ်နပ်ပြုံးနေတာကို မတွေ့ခဲ့ရဖူးပါ။ 'ဟိန်း' ကိုင်ဖို့အတွက်ပေးထားသော ဟန်းဒ်ဖုန်းကလည်း အလုပ်ကနေပြန်ရောက်တာနဲ့သူ့အဖေလက်ထဲအပ်နေကြဖြစ်သည်။

သူငယ်ချင်းနှစ်ယောက်ဖြစ်သော 'ရန်လင်း' နဲ့ 'ရွှေသွေး' ကလည်း ဒီဖုန်းနံပါတ်ကိုသိတာမဟုတ်။ 'ပိုးဝါနု' များဆက်လေသလား။

'ပိုးဝါနု' နဲ့ဖုန်းပြောရင် 'ဟိန်း' ရဲ့မျက်နှာကမအီမသာအမြဲဖြစ်နေကြဆိုတော့လည်း အခုဆက်တဲ့ဖုန်းဟာ တခြားတစ်ယောက်ယောက်ဆိုတာ ပေါ်လွင်နေရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကိုကျုံ့ပြီး 'ဟိန်း'ရဲ့အနားသို့ 'ဒေါ်ခင်ခင်လေး' ရောက်လာခဲ့သည်။ နို့ခွက်ကိုစားပွဲပေါ်တင်ပြီး ဖုန်းပြောနေတဲ့ 'ဟိန်း' ကို သေချာစိုက်ကြည့်နေလိုက်ပါသည်။

မိမိကြည့်နေမှန်းသိတော့ 'ဟိန်း'က ဖုန်းပြောတာကို ရပ်တန့်ပစ်လိုက်လေသည်။

"ကျွန်တော် ဖုန်းချလိုက်တော့မယ်နော်... ဒါပဲနော်"

ဖုန်းခလုတ်ကိုပိတ်ပြီးတာနဲ့ မလုံသလို မိမိအားကြည့်လာသည်။

"ဘယ်သူနဲ့ဖုန်းပြောနေတာလဲ 'ဟိန်း'... အလုပ်ကပြန်လာတည်းက ဖုန်းကိုယူထားတာထင်တယ်"

"ဟုတ်ကဲ့ ကျွန်တော်ဖုန်းဆက်စရာရှိလို့ ဖေဖေ့ကိုပြန်မပေးသေးတာပါ 'အန်တီခင်' "

"ဒီဖုန်းနဲ့ဆက်မှလားကွယ်... အိမ်ကဖုန်းနဲ့ဆက်တော့ ကော ဘာဖြစ်မှာမို့လို့လဲ... အခန်းထဲမှာတိတ်တိတ်လေးဖုန်းပြောနေရအောင် ဘယ်သူနဲ့ပြောနေတာမို့လို့လဲ"

'ဟိန်း'မညာချင်ပါ။ ဘယ်တုန်းကမှလည်း လိမ်ညာပြီး မပြောဖူးတာကြောင့် အမှန်အတိုင်းပြောဖို့ပဲစိတ်ကူးလိုက်မိပါသည်။





အဆူခံထိလည်းထိပါစေတော့။ 'ဟိန်း' ရင်ထဲကဖြစ်ချင်တဲ့ဆန္ဒပြည့်ဝသွားခဲ့ပြီဆိုတော့ ကျေနပ်နေမိသည်။

" 'လဝန်းဟန်နီ' ဆီ ဆက်တာပါ..."

" 'လဝန်းဟန်နီ'..."

'အန်တီခင်'က မျက်လုံးကိုပြူးပြီး ရေရွတ်လေသည်။ ဘယ်သူဆိုတာကို ချက်ခြင်းစဉ်းစားမိသွားပုံလည်းရသည်။

"ဒီမိန်းကလေးက ဟိုတစ်ခါကားကြုံပို့ပေးတဲ့မိန်းကလေးမဟုတ်လား..."

"ဟုတ်ပါတယ်"

"ဇာတ်လမ်းကဘာလို့ ရှည်နေရတာလဲ... တစ်ခါပဲတွေ့ဖူးတဲ့မိန်းကလေးကို ဖုန်းတွေဘာတွေဆက်လို့... ဒီမိန်းကလေးကလည်း တစ်ခါဆုံဖူးတဲ့ယောက်ျားတစ်ယောက်ဆီက ဖုန်းကို အေးအေးဆေးဆေးလက်ခံစကားပြောတာပဲလား... မင်းကလည်း သိက္ခာမဲ့လိုက်တာ... ကိုယ်နဲ့ထပ်ပြီးပတ်သက်စရာမရှိတော့တဲ့လူတစ်ယောက်ကို ဘာလို့ထပ်ပြီးဖုန်းဆက်နေရတာလဲ"

ငယ်စဉ်ကတည်းက မိန်းကလေးကိစ္စနဲ့ပတ်သက်ရင် ဘာပြစ်ချက်တစ်စုံတစ်ရာမှ မရှိခဲ့ဖူးသော၊ မရှိရအောင်လည်း မိမိတို့ဘက်က ထိန်းသိမ်းနိုင်ခဲ့သော 'ဟိန်း' လိုလူက ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မသိလိုက်ရဘဲ သူ့သဘောနဲ့သူ ဆက်သွယ်နေတဲ့ဖြစ်ရပ်ဟာ 'ဒေါ်ခင့်ခင်လေး' အတွက်တော့ စိတ်ဆိုးစရာဖြစ်လို့နေရပါသည်။

"ကဲ ဒီတစ်ကြိမ်တော့ရှိပါစေတော့... နောက်ဘယ်တော့မှဒီမိန်းကလေးနဲ့ မပတ်သက်တော့နဲ့ကြားလား... 'ပိုးဝါနု' ဘက်က သိသွားရင်လည်းမကောင်းဘူး... 'ညီဟိန်း' ဆိုတဲ့ယောက်ျားတစ်ယောက်ကို သူတို့ဘက်ကသိပ်ကိုအထင်ကြီးတာ... ဘာမဟုတ်တဲ့မိန်းကလေးတွေနဲ့ အသိအကျွမ်းဖြစ်တာသိရင် ကိုယ်ပဲသိက္ခာကျနေပါ့မယ်"

'အန်တီခင်' က 'ဟိန်း' လက်ထဲမှာကိုင်ထားသောဖုန်းကို ယူသွားခဲ့ပါသည်။ 'ဟိန်း' အသာတကြည့်ပေးလိုက်ပေမယ့် ရင်ထဲမှာရှိနေတဲ့စကားတစ်ခွန်းကတော့ နှုတ်ကနေထွက်သွားခဲ့ရသည်။

"'ဟန်နီ' က ဘာမဟုတ်တဲ့ မိန်းကလေးမဟုတ်ပါဘူး သူ့အရည်အချင်းနဲ့သူ အဆင့်အတန်းရှိရှိလေးနေနေတဲ့မိန်းကလေးတစ်ယောက်ပါ"

'အန်တီခင်' က စူးရဲသောမျက်လုံးနဲ့ လှည့်ပြန်ကာကြည့်ရင်း...





"သူဘာပဲဖြစ်နေနေ ဂရုမစိုက်ပါဘူးလေ... အဓိကက မင်းမပတ်သက်ဖို့ပဲလိုတယ်... ဒီမိန်းကလေးအကြောင်းပြောတာ ဒီတစ်ခါနောက်ဆုံးပဲဖြစ်ပါစေ"

'ဟိန်း' ခေါင်းကိုသာငုံ့ပြီး ငြိမ်နေလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၆

'ဦးမင်းကြီး' တစ်ယောက် ရုတ်တရက်သွေးတိုးလွန်ပြီး ဆေးရုံရောက်သွားတဲ့အခါ 'ဟိန်း' အနေနဲ့ ဆေးရုံကိုတာဝန်ကျေကျေ နေ့ညမပြတ်သတင်းသွားမေးနေရလေသည်။

ဖေဖေတို့လူကြီးတွေကိုယ်တိုင်လည်း တစ်လှည့်စီနေ့စဉ်ရက်ဆက်ဆိုသလို သတင်းသွားမေးနေကြသည်။ လူနာက အချိန်မီဆေးရုံကိုပို့နိုင်တဲ့အတွက် အခြေအနေက ဆိုးဆိုးရွားရွားဖြစ်မသွားခဲ့ပါ။

လူကောင်းတစ်ယောက်အတိုင်း လာသမျှဧည့်သည်ကို



ပြုံးပြုံးရွှင်ရွှင် ဆီးကြိုဧည့်ခံနိုင်ပါသည်။ ပုဂ္ဂလိကဆေးရုံမို့လို့လည်း လူဝင်လူထွက်ကြိုက်တဲ့အချိန်လုပ်နိုင်တာဖြစ်ပါသည်။

အရင်အချိန်တွေတုန်းကဆို 'ဟိန်း' တစ်ယောက်တည်း အပြင်သွားလာခွင့်ကို ပိတ်ပင်တားဆီးတတ်ပေမယ့် အခုဆေးရုံသွားမယ်ဆိုရင်ဖြင့် 'ပိုးဝါနု' သွားချင်တဲ့နေရာလိုက်ပို့ပေးတဲ့အခါ အပိုလူရှုပ်နေမှာစိုးသဖြင့် တစ်ယောက်တည်းပဲသွားခိုင်းခဲ့သည်။

'ပိုးဝါနု' ကလည်း တစ်နေ့တစ်ခေါက် အကြောင်းမျိုးစုံပြပြီး 'ဟိန်း' အားနေရာပေါင်းစုံ,စုံအောင် လိုက်ပို့ခိုင်းတတ်ပါသည်။

အဖေဖြစ်တဲ့သူဆေးရုံရောက်နေတဲ့အတွက် 'ဟိန်း' က သူမ သွားချင်တဲ့နေရာမှန်သမျှကို လိုက်ပို့ပေးခဲ့သည်။ 'ပိုး' ရဲ့မျက်နှာက သူမဆန္ဒတွေပြည့်ဝနေတဲ့အတွက် အရမ်းကိုချိုမြလို့နေရသည်။

ညနေရုံးဆင်းပြီဆိုတာနဲ့ 'ဟိန်း' က အိမ်ကိုတန်းမပြန်ရဘဲ ဆေးရုံကိုလာရတာငါးရက်လောက် ဆက်တိုက်ရှိနေပြီဆိုတော့ ဒီနေ့လည်း ဖေဖေ့ကိုဘာမှာဦးမလဲဆိုပြီး မေးကြည့်လိုက်မိသည်။

"ဖေဖေတော့ ဒီနေ့မလာဖြစ်တော့ဘူး... 'အန်တီခင်'



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်လို့ပြောတယ်… သားရဲ့ 'ဘဘညီ' တောင် စောစော ကလေးတင် အိမ်ပြန်သွားပြီ"

" 'အန်ကယ်မင်း' ဘယ်တော့လောက် ဆေးရုံကဆင်း မယ်လို့ပြောလဲ ဖေဖေ"

"အင်း မပြောတတ်သေးဘူး… နားနားနေနေဆက်နေဦး မယ်လို့တော့ပြောတာပဲ… သွားမေးကြည့်မနေနဲ့ဦး… တော်ကြာ ကိုယ်တွေဘက်က ဝန်ပိုလို့မေးကြည့်တယ်ဖြစ်နေဦးမယ်"

တကယ်လည်း တာဝန်တွေပိုနေတဲ့အတွက် 'ဟိန်း' က မေးကြည့်ချင်တာပါ။ လူကောင်းတစ်ယောက်ကို တာဝန်အရ သွားပြီးသတင်းမေးနေရတဲ့အလုပ်က ကြောင်လှပါသည်။

'ပိုးဝါနု' ရဲ့ စကားများသော နှိပ်စက်တဲ့ဒဏ်ကိုလည်း မခံချင်တာလည်းပါသည်။ အရင်ကထက်နေ့စဉ်တွေ့နေရတဲ့ အတွက် အနေပိုနီးစပ်သလိုဖြစ်နေပေမယ့်လည်း 'ဟိန်း' စိတ်ထဲ မှာ ဘယ်လိုမှရင်းနှီးခင်မင်မှုမျိုး ဖြစ်ပေါ်မလာပါ။

တကယ့်ကို မိတ်ဆွေအဆင့် သူစိမ်းသက်သက်လိုမျိုး သာခံစားနေရသည်။ 'ဟိန်း' ရဲ့ရင်ကိုခုန်စေနိုင်သော မိန်းကလေး ကကော ဘယ်ကိုများရောက်နေပါသလဲ။

'လဝန်းဟန်နီ' ဆိုတဲ့နာမည်လေးက 'ဟိန်း' ရင်ထဲမှာ





ရှိမြဲနေတာ 'ဟိန်း' ကိုယ်တိုင်ပဲသိပါသည်။ သတိတရနဲ့ဖုန်းထပ် ဆက်ချင်ပေမယ့် ကိုယ့်ကြောင့် အနှောင့်အယှက်ဖြစ်မှာကိုစိုးရိမ် တာမို့ 'ဟိန်း' ဘက်ကမေ့ထားခဲ့လိုက်သည်။

'ပိုးဝါနု' နဲ့လက်ထပ်ရမယ်ဆိုတာ သေချာနေတဲ့အတွက် စိတ်ဆင်းရဲရမယ့်အဖြစ်မျိုးတွေနဲ့လည်း ရင်ဆိုင်မကြုံတွေ့ချင် ပါ။

"ဟင်…"

ခါတ်လှေကားတံခါးအပွင့် အခန်းထဲက အလျင်စလို ထွက်လာတဲ့ 'ဟန်နီ' ကိုမြင်လိုက်တာကြောင့် အံ့သြသွားမိသည်။ အခုပဲသူမအကြောင်းကို စဉ်းစားနေဖြစ်တာ။

"ကြည့်စမ်း… 'ဟိန်း' ပါလား… ဘယ်ကိုလာတာလဲ"

"အသိတစ်ယောက်ကို သတင်းလာမေးတာပါ"

"အရေးကြီးလား 'ဟိန်း' ရယ်… သိပ်အရေးမကြီးဘူးဆို ရင် 'ဟန်နီ' ကိုတစ်ခုလောက်ကူညီပေးပါလား…. တစ်ယောက် တည်းဆိုတော့ ကသီလင်တနိုင်လွန်းလို့ပါ"

သူမကိုကြည့်ရတာ တကယ့်ကိုပြာယာခတ်နေသည်။ ဘာများဖြစ်နေသလဲမသိ။

"ရပါတယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆေးစစ်ထားတဲ့ဘောက်ချာတွေကို ရွေးပေးပါနော်... 'ဟန်နီ' က အပေါ်ထပ်ကိုပြန်သွားရမယ်... 'ဟန်နီ' အိမ်ကအဒေါ်ကြီးလေ... ဗိုက်အောင့်တယ်ဆိုပြီးဆေးရုံရောက်လာတာ... ခွဲရမလားတောင်မသိပါဘူး... လူခွဲကလည်းမရှိတော့ တစ်ယောက်တည်းဗျာများနေတာ... ကူညီပါနော်... သုံးရာ့တစ်မှာ 'ဟန်နီ' ရှိနေမယ်... ဆရာဝန်ကြီးနဲ့သွားတွေ့ပြီး အခြေအနေလေးမေးလိုက်ချင်လို့ပါ"

"ဟုတ်ကဲ့..."

'ဟန်နီ' က ခါတ်လှေကားထဲ ပြန်ဝင်ဖို့ပြင်သည်။

"ဩော် မေ့လို့... ပိုက်ဆံပေးရဦးမယ်"

"ရတယ် ကျွန်တော့်မှာပါပါတယ်"

"အင်း အပေါ်ရောက်မှပဲပြန်ရှင်းပေးမယ်နော်"

'ဟိန်း' သည် 'အန်ကယ်မင်း' ဆီအရင်မသွားတော့ဘဲ 'ဟန်နီ' ကိုကူညီဖို့အတွက် ထွက်လာခဲ့လိုက်ပါသည်။ 'ဟန်နီ့' ကိစ္စတွေအားလုံးပြီးသွားတော့မှ 'ပိုးဝါနု' တို့ရှိတဲ့ငါးထပ်ကိုတက်ဖို့ဆုံးဖြတ်လိုက်ပါသည်။

'အန်တီခင်' များ 'ဟိန်း' ရောက်တာနောက်ကျလို့ စိတ်ပူနေမလားဆိုပြီး စိတ်ထဲထင့်နေမိပေမယ့် ခဏတာအချိန်ကလေး





နဲ့တော့ ဘာကိုမှမသိနိုင်လောက်ပါဘူးဆိုပြီး 'ဟိန်း' က တွေးမိတဲ့အတွေးကို ဖျောက်ပစ်လိုက်သည်။ တကယ်အကူအညီလိုလို့တောင်းတဲ့မိန်းမသားတစ်ယောက်ကို ဘယ်သူမဆိုအကူအညီပေးရမှာပဲမဟုတ်လား။

'ဟန်နီ' မဟုတ်ရင်တောင်မှ တခြားမိန်းကလေးတစ်ယောက်ဆိုရင်လည်း 'ဟိန်း' ဘက်က လူမှုရေးအရအကူအညီပေးမိမှာပါ။

'ဟိန်း' ရဲ့စိတ်ထဲပေါ့ပါးနေပေမယ့် 'ပိုးဝါနု' ရဲ့စိတ်ထဲမှာတော့ အခန်းထဲသို့ 'ဟိန်း' တစ်ယောက်ချက်ခြင်းရောက်မလာတဲ့အတွက် သောကတွေဖြစ်သွားရသည်။

ချစ်လွန်းတဲ့ယောကျ်ားတစ်ယောက်ကို အမြဲတမ်းဝန်တိုပူလောင်စိတ်တွေနဲ့ အကဲခတ်နေတဲ့ 'ပိုး' ရဲ့စိတ်ကို 'ပိုး' ပြန်ပြီးထိန်းချုပ်နိုင်တော့ပါ။

'ပိုး' တို့ရှိနေတဲ့အခန်းကနေ ဆေးရုံရဲ့ဝင်ပေါက်ဝကို မြင်နေရတာကြောင့် 'ကိုကိုဟိန်း' ရောက်လာလောက်မယ့်အချိန်ကိုမှန်းဆပြီး မျှော်နေကြဖြစ်သည်။

ရောက်လာပြီးရင်လည်း တစ်နေရာရာကိုလိုက်ပို့ခိုင်းဖို့ အစီအစဉ်ကိုလည်း စိတ်ထဲကနေဆွဲပြီးနေပါပြီ။ 'ကိုကိုဟိန်း' ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကား ဆေးရုံဝင်းထဲဝင်လာပြီဆိုတာနဲ့ ပိုက်ဆံအိတ်ထဲက တူးဝေး ကိတ်ကရင်းပတ်ဖ်ဘူးကိုထုတ်ကာ မျက်နှာလေးအဆီမပြန် အောင် တဖတ်ဖတ်နဲ့ ရိုက်လိုက်မိသည်။

'အန်တီခင်' ရှိနေပေမယ့်လည်း မရှက်နိုင်တော့ပါ။ 'ပိုး' ဒီလိုပြင်ဆင်နေပြီဆိုရင် သိပ်မကြာခင် 'ကိုကိုဟိန်း' ရောက်လာ တော့မယ်ဆိုတာကို မေမေလည်းသိသည်။

'ဒေါ်နုနု' က သမီးဖြစ်သူကိုကြည့်ပြီး 'ဒေါ်ခင်ခင်လေး' ကြားအောင် ပြောလိုက်ပါသည်။

"'နု' ဗေဒင်ဟောလိုက်မယ် 'ခင်ခင်' ရေ… မကြာခင် အချိန်မှာပဲ 'ဟိန်း' ရောက်လာလိမ့်မယ်ကြည့်နေ"

"ဘာဖြစ်လို့လဲ"

"'ပိုး' တစ်ယောက် အလှတွေပြင်နေလို့လေ… သူ့အ လုပ်က ဆေးရုံလာပြီး အမေ့ကိုပြုစုဖို့ထက် 'ဟိန်း' ရောက်လာ မယ့်အချိန်ကို မျှော်နေတာကပိုများတယ်… ညနေပိုင်းဆို အဲ့ဒီ ပြူတင်းပေါက်ကနေ 'ဟိန်း' မလာမချင်းစောင့်စောင့်ကြည့်နေ တာ… အခု လာပြီနဲ့တူတယ်"

'အန်တီခင်' က ကျေနပ်သလိုပြုံးပြီး 'ပိုး' အားကြည့်နေ ပါသည်။





"ဟုတ်လား သမီး… 'ဟိန်း' ရောက်လာပြီလား"

"ဟုတ်တယ်… 'ကိုကိုဟိန်း' ရောက်လာပြီလေ"

'ပိုး' က အခန်းတံခါးဝနားသွားရပ်ကာ 'ကိုကိုဟိန်း' ရောက်အလာကိုကြိုစောင့်နေလိုက်သည်။

ခါတိုင်းနှစ်မိနစ်လောက်စောင့်လိုက်ရင်ကို မျှော်နေတဲ့ လူရောက်လာခဲ့ပေမယ့် အခုစောင့်ရတာတော်တော်ကြာလာ သည်ဟု စိတ်ထဲကနေထင်နေမိသည်။

'အန်တီခင်' ကလည်း လှမ်းကြည့်နေပါသည်။

"ဟဲ့ 'ဟိန်း' လည်းမလာသေးပါလား… သေချာလို့လား သမီး လူကြည့်မှားများနေသလား"

"မေမေကလည်း မှန်ပါတယ်… မယုံရင်ကားပါကင်ကို နေရာကိုကြည့်ကြည့်လိုက်လေ… 'ကိုကိုဟိန်း' ကားရပ်ထားတယ် ထိပ်နားလောက်မှာဝ်"

'ဒေါ်နုနု' က သေချာအောင်လို့ တကယ်ပဲမှန်ပြူတင်း မှတစ်ဆင့် အောက်ကိုငုံ့ကြည့်လိုက်ပါသည်။ 'ဟိန်း' ရဲ့ကားမည်း မည်းလုံးလုံးလေးက ကားပါကင်နေရာမှာ ရပ်ထားလေသည်။

"ဟုတ်သားပဲ… ဘာလို့နောက်ကျနေတာလဲ…"

"'ပိုး' အောက်ဆင်းကြည့်လိုက်မယ်… 'ကိုကိုဟိန်း' အသိ



www.burmeseclassic.com

www.burmeseclassic.com



နဲ့များတွေ့နေသလားမသိပါဘူး"

"မဖြစ်နိုင်ပါဘူး 'ပိုး' ရယ်... 'ဟိန်း' မှာကအပေါင်းအသင်းများများစားစားရှိတာမဟုတ်ဘူး...လုပ်ငန်းပိုင်းကအသိတွေ့တယ်ဆိုရင်လည်း ပြုံးပြနှုတ်ဆက်ယုံလောက်ပဲရှိမှာ... ဒီလောက်ကြာနေစရာအကြောင်းကိုမရှိဘူး"

"'ပိုး' အောက်ဆင်းပြီး ရှာကြည့်လိုက်မယ်နော်"

ဆယ့်ငါးမိနစ်နီးပါးအထိကို ရောက်မလာတာကြောင့် စိတ်ပူပန်စွာဖြင့် 'ပိုး' အောက်ထပ်ကိုဆင်းချလာခဲ့လိုက်ပါသည်။ အောက်ထပ်ရှိနေရာအနှံ့ကို မျက်လုံးကိုအနားမပေးဘဲလျှောက်ရှာကြည့်လိုက်မိသည်။

'ကိုကိုဟိန်း' နဲ့တူတဲ့လူတစ်ယောက်မှကို မတွေ့ပါ။

ရောက်လာတယ်ဆိုတာ သေချာနေရဲ့နဲ့များ ဘယ်ကိုများသွားနေပါလိမ့်။ အောက်ထပ်ရှိဆရာဝန်ကြီးတွေထိုင်သော စမ်းသပ်ခန်းတွေကလွဲပြီး ကျန်တဲ့အခန်းမှန်သမျှကို 'ပိုး' ရှာကြည့်နေမိသည်။

မတွေ့တဲ့အခါကျတော့မှ အပေါ်ထပ်များရောက်နေပြန်ပြီလားဆိုပြီး အပေါ်ပြန်တက်ဖို့ဓါတ်လှေကားအဝမှာရပ်စောင့်နေစဉ် ဆားဘက်ရီးရီးလှေကားကနေ 'ကိုကိုဟိန်း' ပြေးဆင်းလာ





တာကိုတွေ့လိုက်ရပါသည်။

ဘာတွေကိုဇောကပ်ပြီး 'ပိုး' တစ်ယောက်လုံးမတ်တပ်ရပ်နေတာကို မမြင်လိုက်လည်းမသိပါ။ ပေါ်တင်ကြီးကျော်ပြီး ထွက်သွားတာကြောင့် လူကအံ့သြသွားရပါသည်။

ရယ်ပြနေမိတဲ့ကိုယ့်ပုံစံကိုလည်း ကိုယ်ပြန်ပြီးရှက်သွားမိသည်။ သူ့စိတ်ထဲ ဘယ်အရာကစိုးမိုးအနိုင်ယူထားသလဲ။

မမြင်တဲ့လူကို 'ပိုး' က လှမ်းခေါ်လိုက်ဖို့ စိတ်မကူးသေးဘဲ သူ ဘာလုပ်နေသလဲဆိုတာကိုသာ သိချင်စိတ်နဲ့အနောက်ကနေသာ လိုက်လာခဲ့မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၇

"ကျေးဇူးတင်လိုက်တာ 'ဟိန်း' ရယ်... အရေးအကြောင်း ဆို ဘယ်သူ့ကိုဘယ်လိုခေါ်ရမှန်းကိုမသိတော့ဘူး... သူငယ်ချင်း တွေကလည်း အိမ်ထောင်သည်တွေဖြစ်နေတော့လေ ခေါ်ရမှာ အားနာတယ်... "

'ကြီးကြီးနု' က ခွဲရတဲ့အဆင့်မရောက်လိုက်ဘဲ ဆေးထိုး လိုက်တာနဲ့တင် သက်သာသွားခဲ့တဲ့အခြေအနေမို့ 'ဟန်နီ' စိတ် အေးသွားခဲ့ရသည်။

ဆေးရုံရောက်စအချိန်တုန်းကများဆို စိတ်ပူပြီးဗျာများရ





လွန်းလို့ လူကမောဟိုက်နေရသည်။ မထင်မှတ်ဘဲကူညီမယ့်သူ 'ဟိန်း' ရောက်လာတဲ့အတွက် 'ဟိန်း' အားကျေးဇူးအများကြီးတင် မိပါသည်။

'ဟိန်း' နဲ့ 'ဟန်နီ' တို့နှစ်ယောက်ကလည်း ရေစက်ပဲ ထင်ပါရဲ့။ 'ဟန်နီ့' ဘက်က အကူအညီလိုပြီဆိုရင် အလိုလိုနေ ရင်း 'ဟိန်း' နဲ့ဆုံဖို့ဖြစ်ဖြစ်လာပါသည်။

'ဟိန်း' ဟာလွတ်လွတ်လပ်လပ်နေခွင့်ရသော ယောကျ်ား တစ်ယောက်ဆိုလျှင် 'ဟန်နီ့' အတွက် ကျေးဇူးတင်ရတာပိုပြီး စိတ်လွတ်ကိုယ်လွတ်ရှိပါသည်။

အခုတော့ အဘက်ဘက်ကထိန်းချုပ်မှုတွေများသော အ ခြေအနေပတ်ဝန်းကျင်မျိုးမှာ ရှင်သန်ကြီးပြင်းခဲ့ရတဲ့ 'ဟိန်း' ကို အားနာသနားလှပါသည်။

စိတ်ရင်းကလေးက တကယ့်ကိုဖြူဖြူစင်စင်ရှိသော လူ တစ်ယောက်မို့ 'ဟန်နီ' အထင်ကြီးလေးစားမိသည်။ အခုလည်း မပြန်သေးဘဲ 'ဟန်နီ့' နံဘေးမှာစိတ်ပူပန်သောမျက်နှာလေးဖြင့် ထိုင်စောင့်ပေးနေသဖြင့် အားနာသွားရသည်။

ပြန်ခိုင်းလိုက်ချင်ပေမယ့် နှင်သလိုဖြစ်မှာစိုးတာကြောင့် 'ဟန်နီ' ဘယ်လိုစပြောရမှန်းမသိဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"'ဟိန်း' ဘာစားမလဲဟင်... 'ဟန်နီ' တစ်ခုခုကျွေးချင်လို့ပါ... အချိန်ကောရရဲ့လား... 'ကြီးကြီးနု' အခြေအနေကစိတ်ချရပါပြီ"

"'ဟန်နီ' က အိမ်မပြန်ဘဲနဲ့ဒီမှာပဲစောင့်နေမလို့လား ပြန်မယ်ဆိုရင် ကျွန်တော်ပို့ပေးမယ်လေ"

"ရပါတယ် 'ဟိန်း' ရယ်... ကားပါပါတယ်... 'ဟိန်း' သာ လာရင်းကိစ္စကိုမရောက်သေးတာမဟုတ်လား"

"ဟုတ်သားပဲ"

အခုမှတကယ့်ကို ပြန်ပြီးသတိရသွားတာဖြစ်သည်။

ရောက်သင့်တဲ့အချိန်ထက် တစ်နာရီနီးပါးမျှနောက်ကျနေပါပြီ။ 'အန်တီခင်' တစ်ယောက် 'ဟိန်း' ဆီဖုန်းဆက်ရင်ဆက် မဆက်ရင် 'ပိုးဝါနု' ကိုယ်တိုင်လည်းဆက်ပြီးလောက်ပါပြီ။

ဖုန်းလိုင်းကတိုက်ခန်းထဲရောက်နေတာကြောင့် နိုးဆားဗစ်ပြနေသည်။ သူတို့တွေဘယ်လိုပဲခေါ်ခေါ် လိုင်းကဝင်လာမှာမဟုတ်ပါ။

'ဟိန်း' သည် အိမ်ကလူတွေစိတ်ပူနေမှာစိုးတာကြောင့် 'ဟန်နီ့' အား ပြန်ဖို့နှုတ်ဆက်လိုက်ရသည်။ ဖြစ်နိုင်ရင်တော့ 'ဟန်နီ့' အနားမှာနေနေရတာကို 'ဟိန်း' စိတ်ထဲပျော်သလိုလို





ကြည်နူးသလိုလိုဖြစ်နေတာကြောင့်ဆက်နေချင်ပါသေးသည်။

"ကျွန်တော်ပြန်လိုက်တော့မယ်နော်... 'ဟန်နီ' လိုတဲ့အကူအညီရှိရင် ကျွန်တော့်ဖုန်းကိုဆက်လိုက်ပါ... ရုံးချိန်အတွင်းတော့ ဖုန်းကိုကျွန်တော်ကိုင်ထားတယ်... ညနေခြောက်နာရီကျော်ရင်တော့ ဖေဖေ့ကိုပြန်အပ်ရတယ်"

'ဟန်နီ့' ရဲ့မျက်ခုံးက ပင့်သွားရကာ...

"ဒါဆို ဟိုတစ်ခါဖုန်းဆက်တုန်းက ညဘက်ကြီးလေ... ဖုန်းက..."

"ဟုတ်တယ်... အဲ့ဒီတုန်းက 'ဟန်နီ့' ဆီကိုဖုန်းဆက်ချင်လို့တမင်ယူထားလိုက်တာ..."

"အခုကော မယူထားတော့ဘူးလား"

"မရတော့ဘူးဗျ... အဲ့ဒီနေ့က ဘကြီးမိန်းမ 'အန်တီခင်' သိသွားလို့ ဖုန်းကိုပြန်သိမ်းလိုက်ပြီ... စကားပြောနေရင်းတန်းလန်း ဖုန်းချလိုက်ရတဲ့အတွက် 'ဟန်နီ့' ကိုအခုတစ်ခါတည်းတောင်းပန်ပါတယ်"

"မလိုပါဘူး 'ဟိန်း' ရယ်... 'ဟန်နီ' လည်း 'ဟိန်း' ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းနဲ့ ခင်မင်ချင်ပါသေးတယ်... 'ဟိန်း' လို စိတ်ထားဖြူဖြူစင်စင် သဘောကောင်းကောင်းလူတစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်တဲ့ အသိုင်းအဝိုင်းဟာလည်း သဘောကောင်းဖော်ရွေ မယ်ဆိုတာ ခန့်မှန်းကြည့်ယုံနဲ့ သိနိုင်ပါတယ်..."

"ဆိုခဲ့ရင်တော့ ကျွန်တော် မိတ်ဆက်ပေးပါ့မယ်"

" 'ဟိန်း' နဲ့ တစ်ခါလောက်ထပ်တွေ့ချင်ပါသေးတယ် ဖြစ်နိုင်ရင် 'ဟန်နီ' ရဲ့အိမ်မှာ ထမင်းကိုဖိတ်ကျွေးချင်တာပါ... 'ဟိန်း' လာနိုင်ရင်သိပ်ကောင်းမှာပဲနော်"

"ကျွန်တော် ကြိုးစားပါ့မယ်"

သိပ်ပြီးမဖြစ်နိုင်တဲ့အခြေအနေကြောင့် ကတိကိုသေချာ မပေးခဲ့ရဲသေးပါ။ 'ဟန်နီ' ကိုနှုတ်ဆက်ပြီး ပြန်ဖို့ပြင်လိုက်စဉ် အခန်းတံခါးဝမှာ မျက်နှာထားကိုချိုပြီး တင်းရင်းနေသောမျက်နှာ ဖြင့် ရပ်ကြည့်နေတဲ့ 'ပိုးဝါနု' ကိုတွေ့လိုက်ရပါသည်။

သွားပါပြီ။ ပြဿနာတွေတော့ ဖြစ်ကုန်တော့မယ်နဲ့တူ ပါသည်။ 'ပိုးဝါနု' ဟာ 'ဟိန်း' နဲ့ပတ်သက်ရင်နည်းနည်းကလေး တောင် ဆင်ခြင်တုံတရားရှိနိုင်မယ့်သူမျိုးမဟုတ်။

သူမ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ပြီး စိတ်ထဲရှိတာကို အပြတ်ထင်ပြီး ဘေးလူတွေကိုလည်းပတ်ရမ်းချင် ရမ်းတတ်တဲ့ သူမျိုးပါ။

အခုလည်း ပြန်ဖို့လှည့်ထွက်လာတဲ့ 'ဟိန်း' ကိုမြင်မှ





သူမကို မဖိတ်ခေါ်ရပါဘဲ အခန်းတွင်းအထိ ခပ်မြန်မြန်ဝင်ချလာ ခဲ့သည်။

'ဟန်နီ' က အံ့ဩသောမျက်လုံးတွေနဲ့ 'ပိုးဝါနု' အား ငေးကာကြည့်နေသည်။ ဘယ်သူ့ဆီလာတယ်ဆိုတာကို ခန့်မှန်း ကြည့်နေပုံရသည်။

'ဟိန်း' နဲ့စေ့စပ်ထားတဲ့သူဆိုတာကိုလည်း မေ့နေပုံရပါ သည်။ တစ်ခါတည်းမြင်ဖူးတဲ့လူတစ်ယောက်ကို စိတ်ထဲမစွဲမြဲရင် ဘယ်သူကမှတ်မိနိုင်ပါ့ဦးမလဲလေ။

" 'ပိုး' သွားကြရအောင်..."

'ဟိန်း' က 'ပိုး' နှုတ်ကစကားတွေ ထွက်မလာခင်အရင် ပြန်ဖို့လောလိုက်ပါသည်။ 'ကိုကိုဟိန်း' ရဲ့ပျက်ထွက်နေသော မျက်နှာကိုမြင်မှ 'ပိုး' ရင်ထဲကဒေါသတွေက ပိုပြီးပေါက်ကွဲထွက် လာခဲ့ရသည်။

ခုနတုန်းကတော့ သူတို့ပြောချင်ရာပြောနေတာကို နိုး ပြီးကြည့်နေမိတဲ့ ကိုယ့်အဖြစ်ကိုယ် ဒေါသဖြစ်နေခဲ့ရတာမဟုတ် လား။

'ပိုး' သည် 'ဟန်နီ' ဆိုတဲ့မိန်းမမျက်နှာကို ပေါက်ထွက် မတတ်စိုက်ကြည့်ပစ်လိုက်ပါသည်။ မုန်းလိုက်တာ၊ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



များ ဒီမိန်းမ 'ကိုကိုဟိန်း' ကိုလိုက်ပြီး ပတ်သက်နေရတာလဲ။

သူ့ရုပ်ကလေးချောမွတ်နေတာကို အခွင့်ကောင်းယူပြီး 'ကိုကိုဟိန်း' ရဲ့အသည်းနှလုံးကို ဖြုတ်ထွက်လာအောင်ချူယူနေတာလားမပြောတတ်ပါ။

'ကိုကိုဟိန်း' ပုံစံကလည်း ဘေးကကြည့်နေမိတဲ့ 'ပိုး' ပင်မရိုပ်မိဘဲမနေနိုင်လောက်အောင် 'ဟန်နီ' ဆိုတဲ့မိန်းမအပေါ် အရည်ပျော်ချင်နေတာ အမြင်ကတ်စရာသိပ်ကောင်းပါသည်။

'ပိုး' နဲ့လက်ထပ်ခါနီးဆဲဆဲ ယောကျ်ားတစ်ယောက်ကို ဘယ်မိန်းမလက်ထဲကိုမှ ထည့်မပေးလိုက်ချင်ပါ။ သဘောတပ် မက်မှုမျိုးလည်း မခံစားစေချင်ပါ။

'ပိုး' တစ်ယောက်တည်းပဲ မူပိုင်တစ်ဦးတည်း လိုချင်ပါသည်။ ဒီကမ္ဘာလောကမှာ 'ကိုကိုဟိန်း' စိတ်ဝင်တစားနဲ့ချစ်ရမယ့်သူသည် 'ပိုး' ပဲဖြစ်သင့်တာမဟုတ်လား။

လူကြမ်းဖြစ်ချင်ဖြစ်ပါစေတော့ ဒီမိန်းမကို နည်းနည်းပါးပါးတော့ အသိပေးသင့်တာပေးမှဖြစ်ပါမည်။

ခြေတစ်လှမ်းတိုးလိုက်တဲ့ 'ပိုး' ကို 'ကိုကိုဟိန်း' ကလှမ်းဟန့်လိုက်သည်။

"သွားမယ်လေ 'ပိုး'... ဘာလုပ်တာလဲ"





"ဟင့်အင်း မသွားသေးဘူး... 'ပိုး' စကားနည်းနည်းပြောချင်သေးတယ်"

"ဘယ်သူ့ကိုပြောမှာလဲ"

"သူ့ကိုလေ..."

'ပိုး' က မေးကိုငေါ့ကာ 'ဟန်နီ့' အားပြလိုက်သည်။

"လာပါ သွားရအောင်"

"မသွားဘူးဆို"

"'ပိုး'..."

'ကိုကိုဟိန်း' က မကိုင်စဖူး 'ပိုး' ရဲ့လက်ကိုလှမ်းဆွဲကိုင်လာပါသည်။ ချစ်ခင်ယုယချင်တဲ့စိတ်မျိုးနဲ့မဟုတ်ဘဲ သူလိုရာကိုခေါ်သွားဖို့အတွက်မို့ 'ပိုး' ရုန်းလိုက်မိသည်။

"နေပါစေ 'ဟိန်း' ရယ်... သူပြောချင်တာပြောပါစေ... ဒီကညီမက ဘာပြောချင်လို့လဲ"

'ဟန်နီ' မျက်နှာက အေးအေးသက်သာပဲဖြစ်သည်။

"ပြောချင်တာက 'ကိုကိုဟိန်း' နဲ့ မပတ်သက်ဘဲနေပေးဖို့ပြောချင်တာ... 'ကိုကိုဟိန်း' ကိုမျက်လုံးနဲ့လည်းစွေမကြည့်ပါနဲ့... ဖုန်းနဲ့လည်းမဆက်သွယ်ပါနဲ့... လမ်းတွေ့ရင်လည်းမခေါ်ပါနဲ့... ထမင်းလည်းဖိတ်ကျွေးစရာမလိုပါဘူး... ရှင်းရှင်းလေး

www.burmeseclassic.com



နေပေးရင် သိပ်ကိုကျေနပ်ပါပြီ”

'ဟန်နီ'က မျက်ခုံးကိုဟန်ပါပါကလေး တွန့်လိုက်လေသည်။ 'ဟိန်း'ကိုလည်း ကြည့်လိုက်သေးသည်။ 'ဟိန်း'ကတော့ စိတ်ရှုပ်သောအကြည့်၊ တောင်းပန်သောအကြည့်ဖြင့်သာ ပြန်ပြီး ကြည့်ဖြစ်တော့သည်။

“တို့ဘက်ကလည်းပြောချင်သေးတယ်... မင်းကတို့ကို ခြိမ်းခြောက်နေတာလား အမိန့်တွေပေးနေတာလား... မင်းဘာ ရည်ရွယ်ချက်နဲ့ပြောနေတယ်ဆိုတာ တို့တကယ်မသိဘူး 'ဟိန်း' နဲ့ကိစ္စက တို့ရဲ့ကိစ္စ... တို့ဆုံးဖြတ်ချက်ပေါ်မှာပဲ မူတည်တယ် ဘယ်သူ့ထိန်းချုပ်မှုကိုမှ တို့လက်မခံဘူး... အခုကက ကာယကံ ရှင်နှစ်ယောက်ဖြစ်တဲ့ 'ညီဟိန်း'နဲ့ 'လဝန်းဟန်နီ'ပဲမဟုတ်ဘူး လား”

“ကျွတ်...”

'ပိုး'ရဲ့ မခံချင်သလိုအသံက ချက်ခြင်းကိုထွက်လာသည်။ နှုတ်ခမ်းကိုကိုက်ပြီး လက်သီးကိုလည်း ခပ်တင်းတင်းဆုပ် ထားလိုက်ပါသေးသည်။

“ရှင်လူမှုရေးလေးဘာလေးတောင် နားမလည်ဘူးလား 'ကိုကိုဟိန်း'နဲ့ကျွန်မနဲ့က စေ့စပ်ပြီးသားရှင့်... စေ့စပ်ထားပြီး





တဲ့ယောက်ျားတစ်ယောက်ကို ရှင်ကလေပြေတွေနဲ့ကလူနေတာ ရှက်စရာသိပ်ကောင်းလွန်းပါတယ်... ဆေးရုံလာတက်တဲ့လူနာ ကကော အစစ်ကောဟုတ်ရဲ့လား... 'ကိုကိုဟိန်း' ဆေးရုံကိုလာ မှန်းသိလို့ အင်ထုပြီးလူနာအတုများလာထားထားသလားမသိ ပါဘူး”

“ဟာ 'ပိုး'... မင်းဘာတွေလျှောက်ပြောနေတာလဲ”

“မှန်တာတွေပြောနေတာလေ 'ကိုကိုဟိန်း'ရဲ့”

လူနာကုတင်ပေါ်မှာ ဆံအရှိန်နဲ့မှိန်းနေသော 'ကြီးကြီး'ကိုကြည့်ပြီး 'ဟန်နီ့'စိတ်ထဲဒေါသတွေ ထွက်လာခဲ့ရတော့ သည်။

'ဟိန်း'ရဲ့မျက်နှာနဲ့ ဒီမိန်းကလေးအားပြောချင် ဘပြော ပါစေဆိုပြီး သည်းခံနေခဲ့ပေမယ့် အခုသည်းခံနေတာကိုမဟုတ် တော်ပြီး စော်ကားမှုကလွန်လွန်းလာပါပြီ။

'ဟိန်း'ကိုတော့အားနာပါသည်။ ဒါပေမဲ့ 'ဟန်နီ့'ဘဝ ဘာ ကိုယ်မမှားဘဲ ဘယ်သူ့ရဲ့အစော်ကားကိုမှ မခံခဲ့ရဖူးပါ။ ဆတ် ဆတ်ထိမခံ တုံ့ပြန်တတ်တာ 'ဟန်နီ'ပဲဆိုတာ မသိသေးဘူးထင် ပါရဲ့။

“မင်း တို့အခန်းထဲကနေ အခုချက်ခြင်းထွက်သွားပိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်ကောင်းလိမ့်မယ်… အခိကလူမှုရေးနားမလည်တဲ့သူက မင်း ဖြစ်နေတာလေ… သူများအခန်းထဲကိုလည်း မဖိတ်ခေါ်ဘဲကျူး ကျူးကျော်ကျော်ဝင်လာသေးတယ်…ပြောချင်တာတွေလည်းပြော နေသေးတယ်… မင်းသိထားစမ်း… 'ဟိန်း' နဲ့မင်းကစေ့စပ်ထား တာပဲရှိသေးတယ်… လက်ထပ်ထားတာမဟုတ်ဘူး… မင်းကိုယ် မင်းသိပ်ပိုင်ပြီထင်မနေနဲ့… 'ဟန်နီ' တို့ကစေ့စပ်တာလောက်ကို ခေါင်းထဲတောင်မထည့်ဘူး… ကိုယ့်ရင်ထဲကဖြစ်ချင်တာကိုဖြစ် အောင်လုပ်ဖို့ဝန်မလေးဘူး… မင်းနောင်တမရချင်ရင် မင်းရဲ့မျက် ရည်တာတမံကြီးကျိုးမထွက်စေချင်ရင် မင်းစိတ်ခါတ်ကိုမင်းပြင် မှဖြစ်လိမ့်မယ် နားလည်လား… အခုတော့သွားလိုက်တော့ ထပ် ပြောရင် မင်းကိုတို့တစ်ခုခုလုပ်မိလိမ့်မယ်ဆိုတာ ကျိန်းသေနေ ပြီ"

'ဟန်နီ' သည် လေကြောထပ်ရှည်နေရင် 'ကြီးကြီးနှ နီးလာမှာစိုးတာကြောင့် စားပွဲမှာအလှထိုးထားသော ကြွေပန်းအိုး လေးကို ကောက်ကိုင်ထားလိုက်ပါသည်။

ဒီလိုခြိမ်းခြောက်မှုလည်း ဒီကလေးမ လန့်မှာဖြစ်သည်။ သူ့ကိုယ်သူ အထင်တွေစွတ်ကြီးပြီး ပြောချင်တာပြောလုပ်ချင် တာလုပ်နေတာသည် 'ဟန်နီ' အတွက်တော့ တကယ့်ကိုပျင်းစရာ





ပါ။ 'ဟိန်း' က 'ပိုးဝါနု' ရဲ့လက်ကို အတင်းကာရောဆောင့်ဆွဲ ကာ အခန်းထဲကထွက်သွားခဲ့လေသည်။ အခန်းဝရောက်မှလည်း ပြန်ကာ ကြည့်လာတဲ့ 'ဟိန်း' အား 'ဟန်နီ' က နားလည်သလို ခေါင်းကိုသာညိတ်ပြလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၈

"အဟင့် ဟင့် ဟင့်... 'ပိုး' တော့သိပ်ရှက်တာပဲ... လူကို တစ်ခါတည်းအသေသတ်ပစ်တော့မယ့်အတိုင်းပဲ ပြောနေဆိုနေ လိုက်တာ... 'ကိုကိုဟိန်း' ကလည်း 'ပိုး' ဘက်ကနေလိုက်ပြော မပေးဘူး... 'ပိုး' လာခေါ်တာကိုတောင် အပြစ်တင်ချင်နေတဲ့ပုံ ရသေးတယ်... 'ကိုကိုဟိန်း' က အဲ့သလိုလုပ်ပြတော့ ဟိုကပိုပြီး မာန်တက်တော့တာပေါ့ 'အန်တီခင်' ရဲ့"

'ပိုး' သည် နဂိုတည်းက 'ကိုကိုဟိန်း' နဲ့ ပတ်သက်ပြီး ငိုချင်နေရတာမို့ အခုတစ်ခါ 'အန်တီခင်' ရှေ့မှာဆိုတော့ပိုပြီး





လို့ ကောင်းသွားခဲ့ပါသည်။

မနေ့ညနေကတော့ 'ကိုကိုဟိန်း' ရှိနေတဲ့အတွက် 'ပိုး' က ကိုယ့်ရင်ထဲကစကားတွေကို သိပ်ပြောမထွက်ဘဲ မျက်နှာငယ် လေးနဲ့သာ လှကြီးတွေရှေ့နေပြခဲ့မိသည်။

ဘာဖြစ်ခဲ့သလဲဆိုတာကို အိမ်ပြန်ရောက်မှမေမေ့ကို ပြောပြလိုက်သည်။ မေမေကတစ်ဆင့် 'အန်တီခင်' ပါသိပြီး 'ပိုး' အားချော့ဖို့အတွက် 'အန်တီခင်' အိမ်ကိုရောက်လာခဲ့တာဖြစ်ပါ သည်။

"'အန်တီခင်' လည်းမသိလိုက်ဘူးကွယ်... ဘယ်လိုဖြစ် ပြီးထပ်ဆက်သွယ်နေသလဲမသိပါဘူး... 'ဟိန်း' ကိုမေးကြည့်သေး တယ်... ဘာမှပြဿနာမဖြစ်ပါဘူးဆိုလို့ ဒီအတိုင်းနေလိုက်တာ ဒီပုံဆို ဒီကလေးမကိုအပြတ်ပြောထားမှဖြစ်လိမ့်မယ်... 'ဟိန်း' လို သဘောကောင်းကောင်းလူတစ်ယောက်ကို မိန်းမလည်တစ် ယောက်က အသာကလေးပြုစားသွားလိမ့်မယ်"

"'နဲ့' တော့ 'ဟိန်း' နဲ့ သမီးနဲ့ ကိစ္စကို ဘယ်လိုရှေ့ဆက် လုပ်ရမှန်းကိုမသိတော့ပါဘူး"

"အို ဘယ်လိုလုပ်ရမှာလဲ... ခပ်မြန်မြန်ပဲစီစဉ်ရမှာပေါ့... နဂိုတည်းကအစီအစဉ်တွေ ဆွဲထားပြီးသားဥစ္စာပဲ... စိတ်အေး



www.burmeseclassic.com

www.burmeseclassic.com

အေးထားစမ်းပါ 'နု' ရယ်… 'ခင်ခင်' တစ်ယောက်တည်းနဲ့ ကိစ္စ အားလုံးကို ကိုင်တွယ်နိုင်ပါတယ်"

"ဪ 'ဟိန်း' ဘက်ကိုလည်း ပြန်ငဲ့နေရသေးတယ် မ ဟုတ်လား… သူစိတ်မပါဘဲ မင်္ဂလာပွဲကိုအတင်းအကြပ်မဖြစ်စေ ချင်ဘူးလေ"

"ဘာလို့စိတ်မပါရမှာလဲ 'နု' ရယ်… 'ဟိန်း' ရဲ့စိတ်ထဲ မှာ 'ပိုး' တစ်ယောက်တည်းပဲရှိပါတယ်… မိန်းကလေးဆိုလို့ 'ပိုး' တစ်ယောက်တည်းပဲ သူပတ်သက်ဖူးတာပါ… 'ပိုး' ကိုမှသံသယ ဇဉ်မရှိရင် သူဘယ်သူ့ကိုသံသယဇဉ်ရှိရမှာလဲ"

'ပိုး' ရဲ့ပခုံးကလေးကို ညင်သာစွာဖက်ပြီးပြောနေတဲ့ 'အန်တီခင့်' ရင်ခွင်ထဲဝင်ကာ 'ပိုး' က တသိမ့်သိမ့်ထပ်ပြီးရှိုက်ကို လိုက်ပါသည်။

" 'ပိုး' မရှက်ပါဘူး 'အန်တီခင်' ရယ်… 'ပိုး' ဘက်က လည်း ယောကျ်ားလေးဆိုလို့ 'ကိုကိုဟိန်း' တစ်ယောက်တည်းနဲ့ ပဲပတ်သက်ဖူးတာပါ… 'ကိုကိုဟိန်း' ကို 'ပိုး' သိပ်ချစ်ပါတယ်… ချစ်လွန်းလို့လည်း 'ပိုး' ခုလိုငိုနေရတာပေါ့… 'အန်တီခင်' 'ကိုကို ဟိန်း' ကိုနားချပေးပါနော်"

"နားချစရာတောင်မလိုပါဘူးကွယ်… 'ဟိန်း' ကလူကြီး





တွေစကားကို အမြဲတမ်းနားထောင်နေကြပါ… ခုကိစ္စကလည်း တစ်ဖက်ကအတင်းကာရော လိုက်ပတ်သက်နေလို့ အားနာပြီး ဆက်ဆံနေရတာနေမှာပါ… စိတ်အေးအေးထားပါ သမီးရယ်… 'အန်တီခင့်' တာဝန်ယူပါတယ်"

တာဝန်ယူပါတယ်ဆိုတဲ့စကားတစ်ခွန်းနဲ့ 'ဒေါ်ခင်ခင် လေး' 'ဟိန်း' ရှိရာရုံးခန်းဆီ လာခဲ့လိုက်ပါသည်။ 'ဟိန်း' နဲ့ပတ် သက်တဲ့ကိစ္စမှန်သမျှတိုင်းကို သူတို့တွေအားလုံးသိနေခဲ့ကြပါ လျက် အခုကိစ္စကို သူများပြောမှသိလိုက်ရတဲ့အတွက် စိတ်ထဲမှာ အါသထွက်နေရသည်။

မနေ့တုန်းကမေးတုန်းကတော့ ဘာမှမဟုတ်ပါဘူးဆို တဲ့စကားတစ်ခွန်းကိုသာ 'ဟိန်း' ရဲ့နှုတ်က ထွက်ခဲ့ပါသည်။ အခု 'ပိုး' ပြောလိုက်တဲ့စကားအရ တစ်ဖက်နဲ့တစ်ဖက် တင်းတင်းမာ မာဖြစ်ခဲ့တဲ့အခြေအနေတွေ ဘာလို့မပါသလဲလေ။

ရုံးခန်းမှာ 'ဟိန်း' က စာရင်းတွေကိုစစ်နေပုံရသည်။ တခြားလူတွေလည်းရှိနေတာမို့ သူ့အဖေ ရုံးခန်းအတွင်းသို့သာ ခေါ်လာခဲ့လိုက်သည်။

"ဟာ 'ခင်လေး' ပါလား… 'ပိုး' တို့အိမ်ကအပြန်ဝင်လာ တာလား… 'ကိုညီ' က အစည်းအဝေးတစ်ခုသွားတယ်"


www.burmeseclassic.com

www.burmeseclassic.com



"'ခင်လေး' လာတာ 'ဟိန်း' ကိစ္စကြောင့်ရောက်လာတာ 'ကိုကို'… မနေ့ကဆေးရုံမှာပြဿနာဖြစ်ခဲ့တယ်လေ… 'ပိုး' ကိုလည်း ပြောဆိုလိုက်တာအဆင့်အတန်းကိုမရှိဘူး… 'ဟိန်း' နဲ့ပတ်သက်ပြီးဖြစ်ရတာဆိုတော့ 'ခင်လေး' မှာအားနာပြီးတောင်းပန်လိုက်ရတာ"

'အန်တီခင်' ဒေါသဖြစ်နေသလို ဖေဖေ့မျက်နှာကလည်း ချက်ခြင်းလိုဒေါသဖြစ်လာခဲ့သည်။

"'ဟိန်း' မင်းဘာတွေရှုပ်ထားသလဲ"

"မရှုပ်ပါဘူး"

"မရှုပ်ရင် 'ဟန်နီ' ဆိုတဲ့မိန်းမနဲ့မင်းနဲ့ ဘယ်လိုတွေ့ကြသလဲ ပြောစမ်းပါဦး"

'အန်တီခင့်' အသံက အရင်ထွက်လာသည်။

"ကျွန်တော် 'အန်ကယ်မင်း' ဆီရောက်တာ… မထင်မှတ်ဘဲ 'ဟန်နီ' နဲ့တွေ့တာ သူ့မှာလည်းအခက်အခဲတွေ့နေတာဆိုတော့ ကူညီပေးလိုက်တာပါ"

"ဒါဆို 'ပိုး' ကိုဘာလို့စော်စော်ကားကား ပြောလွှတ်လိုက်သလဲ… သူ့မှာပြောဆိုပိုင်ခွင့်ဘာတွေများ ရှိနေလို့လဲ"

"'ပိုး' ကအရင်စပြီး လျှောက်ပြောတာ 'အန်တီခင်' ရဲ့





'ဟန်နီ' က ဘာမှသိတာမဟုတ်ဘူး"

"သိသိမသိသိ သူစော်ကားစရာမလိုဘူးလေ… အဓိကက မင်းကြောင့်ပဲ… မင်းသာကင်းကင်းရှင်းရှင်းနေရင် ဒီလိုပြဿနာမျိုးတွေဖြစ်လာစရာအကြောင်းကိုမရှိဘူး… မင်းကိုသူ့အိမ်မှာ ထမင်းဖိတ်ကျွေးဖို့ငေါ်နေတယ်ဆို"

'ဟိန်း' စိတ်ထဲကနေ 'ပိုးဝါနု' ကိုတော်တော်မုန်းသွားရပါသည်။ သူပြောတာတွေကိုတော့နည်းနည်းကလေးမှထည့်ပြောပုံမရဘဲ 'ဟန်နီ့' ပြောတဲ့စကားတွေကိုသာ တိုင်တန်းလိုက်ပုံရသည်။

'ဟိန်း' ဘက်က လူကြီးတွေကို ဘာဆိုဘာမှမညာချင်ပါ။

"'ဟန်နီ' က ခေါ်ပါတယ်… ဒါပေမဲ့ ကျွန်တော်လက်မခံခဲ့သေးပါဘူး"

"လက်ခံစရာလည်းမလိုဘူးလေ… အေး ဒီကလေးမကို ငါကိုယ်တိုင်အပြတ်ပြောလိုက်မယ်… သူ့လျှာရှည်ပြီး လာလာပတ်သက်နေတာအရေးမကြီးဘူး… ဒီဘက်မှာသူ့ကြောင့်မျက်နှာပျက်စရာတွေဖြစ်ကုန်တော့မယ်"

" ဒီလိုတော့မပြောပါနဲ့ 'အန်တီခင်'… 'ဟန်နီ' မှာ



www.burmeseclassic.com

www.burmeseclassic.com

ဘာအပြစ်မှမရှိပါဘူး... တကယ်အကူအညီလိုနေလို့ ကျွန်တော့်ဘက်ကလည်း ကူညီလိုက်တာပါ... နောက်လည်း 'ဟန်နီ'နဲ့ပတ်သက်စရာမရှိတော့ပါဘူး"

"မင်းစကားမင်းတည်နိုင်သလား... "

"တည်နိုင်ပါတယ်'

"အေး ဒါဆိုရင်နောက်ဆုံးအကြိမ်အနေနဲ့ ခွင့်လွှတ်လိုက်မယ်... နောက်တစ်ခါဆိုရင် မင်းချက်ခြင်း 'ပိုး'နဲ့လက်ထပ်ဖို့ပြင်ထားပါ ကြားလား"

"ဟုတ်ကဲ့ပါ"





## ၉

'ဟန်နီ့'စိတ်ထဲ 'ဟိန်း'ဆီဖုန်းခေါ်ရင်ကောင်းမလား မကောင်းဘူးလားဆိုတာ ဝေခွဲလို့မရဖြစ်နေသည်။ 'ကြီးကြီးနု' ကလည်း 'ဟိန်း'ကို ခဏတဖြုတ်လေးသာ မြင်တွေ့လိုက်ရပေမယ့် ယဉ်ကျေးဖော်ရွေသော 'ဟိန်း'ကို ကျေးဇူးတင်စကားတွေ ပြောချင်နေသည်။

'ဟန်နီ'လည်း ထပ်တွေ့ချင်နေမိပါသည်။ ယောက်ျားလေးပေါင်းမြောက်မြားစွာနဲ့ အလုပ်တွေအတူတွဲလုပ်နေပေမယ့်လည်း 'ဟန်နီ့'စိတ်ထဲ တွယ်တာစိတ်၊ သံယောဇဉ်ဖြစ်စိတ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာမျိုးတွေ တစ်ခါမှမဖြစ်ပေါ်ခဲ့ဖူးပါ။

ဖေဖေ့ရှိနေတဲ့နိုင်ငံခြားတိုင်းပြည်မှာလည်း အကြာကြီး လိုက်နေခဲ့ဖူးပေမယ့် 'ဟန်နီ' ရဲ့ရင်ကို ပစ်ခွင်းနိုင်တဲ့အချစ်မြှား ပိုင်ရှင် ယောကျ်ားသားမျိုးတွေ တစ်ယောက်မှကိုမရှိခဲ့ချေ။

ကိုယ့်ကိုကိုယ်အထင်ကြီးစိတ်ရှိနေတဲ့ 'ဟန်နီ' ရဲ့စိတ် ဓါတ်ကြောင့်လည်းဖြစ်နိုင်ပါသည်။ ဘယ်လိုစိတ်ဓါတ်မျိုးတွေပဲ ရှိနေခဲ့ပါစေ 'ဟိန်း' နဲ့ကျတော့ 'ဟန်နီ' ရဲ့ရင်ခုန်သံကတငြိမ့် ငြိမ့်လေးနဲ့ဖြစ်နေတာ အံ့သြဖို့အကောင်းသားပင်။

တည်ငြိမ်းအေးချမ်းသော ယောကျ်ားလေးတစ်ယောက် မို့လည်း 'ဟန်နီ' အထင်ကြီးနေမိတာလည်းဖြစ်နိုင်သည်။ 'ဟိန်း' နဲ့ပတ်သက်ပြီးသိလာရတဲ့ 'ပိုး' ဆိုတဲ့မိန်းကလေးကိုတော့နေရင်း ထိုင်ရင်းနဲ့ အမြင်ကတ်သွားခဲ့ရပြီဖြစ်သည်။

'ဟန်နီ' ရဲ့စိတ်က မလုပ်နဲ့ဆိုတဲ့အရာကိုမှ ပိုပြီးလုပ်ချင် ထိတို့ချင်တာ ငယ်ငယ်ကတည်းက ဝါသနာမို့ ခုလည်း 'ဟိန်း' နဲ့ပတ်သက်ခင်မင်မှုကို 'ပိုး' စကားတစ်ခွန်းကြောင့် ပိုပြီးရှေ့တိုး ချင်လာမိသည်။

မိန်းကလေးဘက်က စရမှာလားရှင်ဆိုသလိုမျိုးများဖြစ် နေပြီလား။ 'ဟန်နီ' က ဖုန်းကလေးကိုစိုက်ကြည့်ပြီး ဘာလုပ်





ရင်ကောင်းမလဲ စဉ်းစားနေမိသည်။

"ဒီနေ့အလုပ်မရှိရင် 'ဟိန်း' ကို ထမင်းစားဖိတ်လိုက်ပါ လား 'ဟန်နီ' ရဲ့… 'ကြီးကြီးနု' လည်း ချက်နိုင်ပြုတ်နိုင်နေပါပြီ ဒီကလေးကျေးဇူးကြောင့် 'ကြီးကြီးနု' ရော သမီးရောအဆင်ပြေ ခဲ့ကြရတာမဟုတ်လား… 'ဟန်နီ' မပြောချင်ရင် 'ကြီးကြီးနု' ကိုယ် တိုင်ပြောပေးရမလား"

" 'ကြီးကြီးနု' နဲ့ဖြင့်မသိဘဲနဲ့"

"သြော် မသိပေမယ့် မြင်ဖူးလိုက်တယ်လေ… ဘယ်သူ ဆိုတာကိုပြောပြရင် 'ဟိန်း' မှတ်မိသွားမှာပေ့ါ… ဒီကောင်လေး ကိုမြင်လိုက်တာနဲ့တင် ချစ်သွားတာ… 'ဟန်နီ' သူ့ကိုကောသ ဘောမကျဘူးလား"

" 'ကြီးကြီးနု' ကတော့လုပ်တော့မယ်… 'ဟန်နီ' ကစပြီး သဘောကျစရာလား… ယောကျ်ားလေးဘက်ကစရမှာမဟုတ်ဘူး လား"

"ဒါကတော့ဒါပေ့ါကွယ်… ကိုယ့်လူအချင်းချင်းရင်ထဲရှိ တာကိုဖွင့်မေးကြည့်လိုက်တာပါ"

"ဖြစ်နိုင်ပယ်မထင်ပါဘူး… 'ဟိန်း' မှာကစေ့စပ်ပြီးသား ရှိနေတဲ့အပြင် သူတို့မိသားစုကလည်း အရမ်းကိုစည်းစနစ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘဝင်ခပ်မြင့်မြင့်တွေထဲကလေ... 'ဟန်နီ' နဲ့ခင်မင်တာကို တောင် ကြိုက်ပုံမရဘူး... သူတို့စိတ်တိုင်းကျအတိုင်း 'ဟိန်း' ကို နေခိုင်းထားတာ... 'ဟိန်း' ကလည်း ငယ်ငယ်တည်းကပုံစံသွင်း ခံထားရတာဆိုတော့ ဘာကိုမှ သူ့အိမ်ကလူကြီးတွေဆန္ဒမပါဘဲ လုပ်ရဲမယ်မထင်ဘူး"

'ဟန်နီ' ပြောတာမှားမယ်မထင်ပါ။ 'ဟန်နီ့' ဘဝကလုပ်ချင်တာလုပ်ပိုင်ခွင့်အပြည့်ရှိသည်။ ဖေဖေလည်းသူ့ဘဝကို သူအကောင်းဆုံးဖန်တီးဖို့ကြိုးစားသလို 'ဟန်နီ' သည်လည်း ကိုယ့်ဘဝအတွက် ကိုယ့်ဖါသာအကောင်းဆုံးဖြစ်အောင် ဖန်တီးခဲ့ရပါသည်။

ဖေဖေရှိတဲ့နိုင်ငံမှာ အမြဲတကျနေခွင့်ရှိပေမယ့် မြန်မာပြည်မှာပဲ ပိုပြီးပျော်နေသော 'ဟန်နီ' က ဖေဖေ့ဆီမှာမနည်းကြီးခွင့်တောင်းကာ 'ကြီးကြီးန' ကိုအဖော်ခေါ်ပြီး လာနေနေခဲ့တာဖြစ်သည်။

တစ်နှစ်တစ်ခါတော့ ဖေဖေ့ဆီပြန်ရပါသည်။ဖေဖေတစ်ယောက်တည်းတုန်းကတော့ 'ဟန်နီ' ခွဲထွက်လာလို့မကောင်းပေမယ့် ဖေဖေနောက်အိမ်ထောင်ပြုလိုက်တဲ့ အချိန်ကျတော့ 'ဟန်နီ' အတွက် မြန်မာပြည်ကိုလာဖို့အကြောင်းပြချက်ပိုကောင်းလာခဲ့





သည်။ မြန်မာပြည်မှာလည်း မေမေနဲ့ဆွေမျိုးနီးစပ်တော်သော 'ကြီးကြီးန' ကိုခေါ်ထားပြီးနေမည်ဆိုတော့ ဖေဖေကသူပိုင်တဲ့ခြံနဲ့တိုက်ကိုမရောင်းသေးဘဲ 'ဟန်နီ့' အားပေးနေထားခဲ့သည်။

ပထမတော့ မြန်မာပြည်ကပိုင်ဆိုင်မှုအဝဝကို ဖေဖေက အပြီးအပြတ်ရောင်းဖို့စီစဉ်နေတာပါ။ဖေဖေ့ရဲ့နောက်အိမ်ထောင်ကိုအမေနေရာချက်ခြင်းလို မသွင်းနိုင်သေးတာကြောင့် 'ဟန်နီ' မြန်မာပြည်ကိုတမင်ရှောင်ထွက်လာခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းကြာလာတော့လည်း 'ဟန်နီ့' စိတ်ထဲအနည်ထိုင်လာနိုင်သည်ဟု ယူဆထားလို့ပါ။ ဖေဖေနောက်အိမ်ထောင်ပြုမယ့်သူဟာ နိုင်ငံခြားသူတစ်ယောက်ဖြစ်နေတဲ့အတွက် ဖေဖေနဲ့ 'ဟန်နီ' နဲ့ကြား ပြဿနာတွေတက်ကြသေးသည်။

နောက်ဆုံးတော့ အသက်တဖြည်းဖြည်းကြီးလာမယ့် ဖေဖေ့အတွက် အဖော်ဆိုတာလိုအပ်တာမို့ 'ဟန်နီ' ပြိုင်ပြီးမငြင်းဖြစ်ခဲ့တော့ပါ။

မြန်မာပြည်မှာလည်း နေစရာအပြည့်အစုံနဲ့အပြင် စီးပွားရေးကိုပါ 'ဟန်နီ' လုပ်ကိုင်နိုင်လာပြီဆိုတော့ ဘာမှသိပ်ပြီး အခက်အခဲဆိုတာ မကြုံတွေ့ရသလောက်ပါပဲ။

ဖေဖေသာတခြားနိုင်ငံတစ်နိုင်ငံမှာ ရှိမနေဘူးဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



တတ်တာ 'ဟိန်း' ကိုယ်တိုင်ပဲသိပါသည်။

ဖုန်းမြည်သံကြားတိုင်း 'ဟန်နီ' များဆက်လေသလားဆိုပြီး မျှော်မျှော်နေမိတာ အကြိမ်ပေါင်းမရည်တွက်နိုင်အောင်ပါ။ 'ဟိန်း' သိနေသော 'ဟန်နီ့' ဖုန်းကိုလည်း ဆက်ချင်နေမိပါသည်။

ဘယ်သူ့တိုက်တွန်းချက်မှမပါဘဲ 'ဟိန်း' ရင်တွင်းကခံစားချက်အစစ်အမှန်နဲ့ 'ဟန်နီ့' အားသတိတွေရနေမိတာဖြစ်ပါသည်။

အမှန်ဆိုလျှင် ယောကျာ်းလေးဖြစ်တဲ့ 'ဟိန်း' ဘက်ကသာ 'ဟန်နီ့' ဆီကိုစပြီး ဆက်သွယ်သင့်တာမဟုတ်လား။ လူကြီးတွေဘယ်လိုပဲပြောနေနေ 'ဟန်နီ' နဲ့ပတ်သက်ပြီး အပြစ်တစ်စုံတစ်ရာမမြင်နိုင်တာ 'ဟိန်း' ရဲ့ နှလုံးသားမျက်စိနဲ့ကြည့်နေသောကြောင့်လည်းဖြစ်နိုင်ပါသည်။

တစ်ချက်ကလေးမှအလစ်မပေးသော ဝန်ထမ်းတွေရှိနေတာကြောင့်လည်း 'ဟိန်း' ဖုန်းကိုကြာကြာမပြောရဲပါ။

"ကျွန်တော် လာတော့လာချင်ပါတယ်... ဒါပေမဲ့..."

"လာချင်ရင်လာခဲ့လိုက်ပေါ့... 'ဟိန်း' ဘယ်အချိန်ပဲလာလာ 'ဟန်နီ' ကျေနပ်တယ်... ဒါမှမဟုတ်ရင် 'ဟန်နီ' ကိုယ်တိုင် 'ဟိန်း' ကိုလာခေါ်ရမလားပြော"





"လာခေါ်လို့တော့မဖြစ်ပါဘူး... ကျွန်တော်ကြိုးစားပါ့မယ်... ဘယ်နေ့လဲဟင်"

"အခုလာမယ့် စနေနေ့... ကြားထဲမှာတစ်ရက်ပဲရှိတော့တယ်..."

'ဟိန်း' အနားသို့ ဖေဖေ့လူယုံတော်တစ်ယောက်ရောက်လာတာကြောင့် စကားကိုခပ်မြန်မြန်ပဲဖြတ်ချလိုက်ရတော့သည်။

"လာခဲ့မယ်လေ... အချိန်ကိုတော့ ကျွန်တော်ပြောလို့မရဘူး"

"ရတယ် ရတယ်... တစ်နေကုန် 'ဟန်နီ' စောင့်နေမယ် 'ဟိန်း' လာမယ်ဆိုတာကိုပဲ ကျေနပ်လှပါပြီ"

"ဒါပဲနော်"

'ဟိန်း' သည် ဖုန်းခလုတ်ကိုပိတ်ပစ်လိုက်မိသည်။ ရပ်ကြည့်နေတဲ့ ဖေဖေ့မန်နေဂျာကိုလည်း ဂရုမစိုက်သလို တစ်ချက်ကလေးတောင်မကြည့်မိဘဲ ကိုယ့်အလုပ်ကိုဆက်လုပ်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

'ဟိန်း' စိတ်ထဲ အခုလိုတစ်ခါမှ အလုပ်ကနေလစ်ထွက်မလာဖူးတာကြောင့် ရင်ထဲမှာတုန်ရီနေရသည်။ ကားသော့ကိုကောက်ယူကာ ဘယ်သူ့ကိုမှနှုတ်မဆက်ဘဲ ထထွက်လာခဲ့ရတဲ့အခြေအနေမို့ တားနိုင်မယ့်သူတစ်ယောက်မှ မရှိခဲ့ချေ။

'ဟိန်း' ထွက်သွားပြီးနာရီဝက်လောက်နေမှ အလုပ်ကလူတွေသိနိုင်ကြပါလိမ့်မည်။ 'ဟန်နီ' ကိုကတိပေးပြီးသားကိစ္စဖြစ်နေတာကြောင့် 'ဟိန်း' ဘက်ကမပျက်ကွက်ချင်ပါ။

ဒီနေ့ 'ပိုးဝါနု' က 'ဟိန်း' ကိုခေါ်ကာ သူနဲ့အတူအသိ





အိမ်တစ်အိမ်သွားဖို့ ပူဆာထားပေမယ့် 'ဟိန်း' က မအားဟုငြင်းထားလိုက်သည်။

ဖေဖေတို့ဆီပြောပြီးပူဆာရင်တော့ 'ဟိန်း' လိုက်ပို့ပေးရမှာကျိန်းသေနေပါသည်။ ပို့ကာမှပို့ရရော 'ဟိန်း' ရဲ့ဆန္ဒကိုတော့ သူမသိအောင် ဖွင့်ပြောပြထားပြီးသားပဲလေ။

လိပ်စာမသိတာကြောင့် 'ဟန်နီ' ဆီဖုန်းဆက်မေးကြည့်ရသေးသည်။ 'ဟိန်း' လာနေပြီလို့ပြောလိုက်တာနဲ့ ရယ်မောပျော်ရွှင်သွားသော 'ဟန်နီ' အသံလေးကြောင့် 'ဟိန်း' လည်းကြည်နူးစွာခံစားရသည်။

'ဟန်နီ' ကြောင့် 'ဟိန်း' မှာမလုပ်ဖူးတဲ့အလုပ်တွေကိုလုပ်နေရပြီမဟုတ်လား။ ဘယ်လိုကနေဘယ်လို သတ္တိတွေရှိလာသလဲဆိုတာမပြောတတ်။

ပြန်ပြီးရင်ဆိုင်ရမယ့် အခြေအနေတွေကို ကြိုတင်ပြီးစဉ်းစားကြည့်လိုက်မိရင်ဖြင့် တကယ့်ကိုရင်မောစရာတွေပါ။

အားလုံးကိုမေ့ထားပြီး 'ဟန်နီ' ပေးထားတဲ့အိမ်လိပ်စာအတိုင်း ကားကိုသာဂရုတစိုက်နဲ့ မောင်းလာခဲ့လိုက်သည်။ ခြံဝမှာရပ်စောင့်နေတဲ့ 'ဟန်နီ' ရဲ့ကြိုဆိုမှုကြောင့် 'ဟိန်း' လာရတာအမောပြေသွားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နေရင်းဂါဝန်အပြာနုလေးဖြင့် 'ဟန်နီ' က လှချင်တိုင်းလှနေလေသည်။ အင်း ဒီလိုခေတ်ဆန်ဆန် ဂါဝန်မျိုးတွေဝတ်တာကို အိမ်ကလူကြီးတွေသိလျှင်တော့ ကောင်းကောင်းပြောတော့မှာပါပဲ။

'ဟိန်း' မျက်စိထဲလှနေတဲ့အတွက် 'ဟန်နီ' ရဲ့ဝတ်ပုံစားပုံကိုအပြစ်လို့မမြင်မိပါ။

"ပျော်လိုက်တာ 'ဟိန်း' ရယ်... 'ဟန်နီ' ကလေဖိတ်မယ့်သာဖိတ်လိုက်တာ... 'ဟိန်း' လာဖို့မသေချာဘူးဆိုပြီး 'ကြီးကြီးနု' ကိုအခုပဲပြောနေတာ... မလာတော့လည်း 'ဟန်နီ' တို့ဖါသာစားလိုက်ကြမယ်ဆိုပြီးတော့လေ"

"ကျွန်တော် လာမယ်လို့ပြောထားသားပဲ"

တစ်ထပ်ခွဲတိုက် 'ဟန်နီ' ရဲ့အိမ်လေးအတွင်းသို့ လှမ်းဝင်လိုက်စဉ်မှာပဲ ဖုန်းမြည်သံထွက်ပေါ်လာသည်။ 'ဟန်နီ' က စိုးရိမ်သလိုမျက်လုံးလေးဖြင့် 'ဟိန်း' အား ငေးကြည့်လာသည်။

"ဟယ်လို..."

"'ကိုကိုဟိန်း' ဘယ်ရောက်နေတာလဲ... 'ပိုး' ရုံးကနေပဲဆက်နေတာ... အလုပ်ကလူတွေမေးကြည့်တော့လည်း ဘယ်ထွက်သွားမှန်းမသိဘူးတဲ့... အန်ကယ့်ကိုမေးတော့လည်း သူမခိုင်း





ထားပါဘူးတဲ့... အခုဘယ်မှာလဲ... 'ပိုး' လိုက်လာခဲ့မယ်"

"ကိုယ် မိတ်ဆွေတစ်ယောက်နဲ့ရှိနေတယ်"

"ဘယ်ကမိတ်ဆွေလဲ..."

'ဟိန်း' သူ့စကားမှ မပြောမိပါ။

"'ကိုကိုဟိန်း'... 'ဘဘညီ' က အခုချက်ခြင်းရောက်နေတဲ့နေရာကပြန်လာခဲ့တဲ့... သူဖုန်းပြောမယ်တဲ့..."

'ဘဘညီ' နဲ့တော့ 'ဟိန်း' စကားမပြောချင်ပါ။ ကြည်နူးနေတဲ့စိတ်ကလေး ပျက်စီးသွားမှာစိုးတာကြောင့် 'ဟိန်း' ကဖုန်းရဲ့ပါဝါခလုတ်ကို နှိပ်ချပစ်လိုက်ပါသည်။

ရောက်လာပြီးမှတော့ အားလုံးကိုစိတ်ချမ်းချမ်းသာပဲဖြစ်စေချင်သည်။ 'ဟိန်း' ကြောင့် 'ဟန်နီ' စိတ်ချမ်းသာရတယ်ဆိုရင် 'ဟိန်း' လာရကျိုးနပ်ပါသည်။

နောက်ပိုင်းကိစ္စနောက်မှပဲ ကြည့်ရှင်းတော့မည်။

"'ဟိန်း' ကိုပြန်ခေါ်နေတာနဲ့တူတယ်... ပြန်တော့မလို့လားဟင်"

ခပ်တိုးတိုးကလေးမေးလာတဲ့ 'ဟန်နီ' ကိုခေါင်းခါပြပြီး

"ခေါ်တာတော့ဟုတ်တယ်... ကျွန်တော်မပြန်ပါဘူးဗျာ ဖုန်းကိုတောင်ပိတ်ထားလိုက်ပြီလေ... 'ဟန်နီ' စေတနာနဲ့ကျွေး



www.burmeseclassic.com

www.burmeseclassic.com

ချင်တဲ့ထမင်းပွဲကို ကျွန်တော်အဝစားပြီးမှပဲပြန်တော့မယ်”

“‘ဟိန်း’ ရယ်... တကူးတကရောက်လာတာကိုပဲ ကျေးဇူးတွေတင်နေရပါပြီ... အခုအချိန်မှာ ‘ဟိန်း’ ထမင်းမစားဘဲပြန်သွားရင်တောင် ‘ဟန်နီ’ စိတ်ထဲဝမ်းသာနေမိဦးမှာပါ... ‘ဟိန်း’ ရောက်လာခဲ့တယ်ဆိုတဲ့အသိနဲ့တင် ‘ဟန်နီ’ ကျေနပ်နေပါပြီ”

‘ဟိန်း’ ရင်ထဲ လှိုက်ကနဲဖြစ်သွားရကာ ‘ဟန်နီ’ အားခပ်ငေးငေးသာကြည့်နေဖြစ်တော့သည်။





## ၁၁

‘ဟိန်း’ ရဲ့နားထင်ကိုခပ်ပြင်းပြင်းအရိုက်ခံလိုက်ရတာကြောင့် ခေါင်းထဲကပင်မူးနောက်သွားခဲ့ရသည်။ ‘ဘဘညီ’ ရဲ့ရိုက်ချက်က တကယ့်ကိုပြင်းထန်လွန်းပါသည်။

ဖေဖေက တင်းမာသောမျက်နှာထားဖြင့် ထိုင်ကြည့်နေခဲ့သလို ကျန်တဲ့လူတွေကလည်း ဖေဖေ့ပုံစံအတိုင်းရှိနေကြသည်။ အခန်းထောင့်တစ်နေရာမှာ မျက်နှာငယ်ကလေးနဲ့ရပ်ကြည့်နေတဲ့ ‘မမယွန်း’ ကလွဲလျှင် ကျန်တဲ့သူတွေအားလုံး ‘ဟိန်း’ ဘက်ကရပ်တည်ပေးမယ့်သူ တစ်ယောက်မှရှိမနေခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

"မင်းက ငါတို့ကိုဂရုစိုက်စရာမလိုဘူးဆိုတဲ့အချိုးမျိုးနဲ့ ဖုန်းကိုပိတ်သွားတာပေါ့လေ... တော်တော်မိုက်ရိုင်းတဲ့ကောင်ကွာ 'ပိုး' ရှေ့မှာငါ့ကိုတမင်သက်သက် အရှက်ခွဲသွားတာ... တစ်သက်လုံးငါတို့ပြောစကား မြေဝယ်မကျနားထောင်လာတဲ့ကောင်က အခု ဘာမဟုတ်တဲ့မိန်းမတစ်ယောက်အတွက်နဲ့ တစ်မိသားစုလုံးကိုအာခံရဲလာပြီ... လုပ်ချင်တာလုပ်လာပြီ... မင်းသတ္တိရှိတယ်ဆိုရင် အိမ်ပေါ်ကအခုချက်ခြင်းပဲဆင်းသွားလိုက် ဟေ့ကောင်... မင်းဘဝမင်းလျှောက်ကြည့်စမ်း"

'ဟိန်း' ရင်ထဲနာကျင်ဝမ်းနည်းနေရသည်။ ဒီလောက်တောင်ပဲ 'ဟိန်း' ရဲ့အပြစ်ကကြီးသွားပြီလား။ ဖုန်းပိတ်လိုက်တဲ့အတွက် လူကိုရိုက်ပြီးဆုံးမဖို့အထိ အပြစ်ကကြီးနေသတဲ့လား။

'အန်တီခင်' စကားသံလည်း ထွက်လာသည်။

"မင်းဘယ်ကိုသွားတယ် ဘယ်မှာရှိတယ်ဆိုတာ တို့မေးနေစရာတောင်မလိုတော့ဘူး... မင်းမရှက်ဘူးလား ကတိမတည်တတ်ဘူးလား... ဒီမိန်းကလေးနဲ့ မပတ်သက်တော့ပါဘူးလို့ မင်းကိုယ်တိုင်ကတိပေးခဲ့တာလေ... အေး မင်းဘက်ကကတိဖျက်နေမှတော့ ငါတို့ဘက်ကလည်း မင်းအပေါ်ကိုထားတဲ့ယုံကြည်မှုတွေကိုဖျက်သင့်ရင်ဖျက်ပစ်ရတော့မှာပဲ... ဒီနေ့ကစပြီး မင်း





အလုပ်ကိုသွားစရာမလိုတော့ဘူး..."

"ကျွန်တော်လူမှုရေးအရ ခဏကလေးပဲ 'ဟန်နီ' ဖိတ်တဲ့ဆီကိုသွားလိုက်တာပါ... ချက်ခြင်းလည်းပြန်လာခဲ့တာပဲ"

"မလိုချင်ဘူး... ဒီမိန်းကလေးနဲ့မပတ်သက်ပါနဲ့လို့မင်းကိုပြောထားပြီးသားပဲ.. မင်းမှာစေ့စပ်ပြီးသား 'ပိုး' တစ်ယောက်လုံးရှိနေတာကို မင်းမေ့နေပြီလား... ငါတို့မျိုးရိုးကသိက္ခာလည်းရှိတယ် ကတိလည်းတည်တယ်... မျက်နှာမများတတ်ကြဘူး...ခပ်လေလေမိန်းကလေးတွေနဲ့လည်း ဘယ်သူမှမပတ်သက်ကြဘူး"

'ဘဘညီ' ရဲ့စကားက 'ဟန်နီ' ရဲ့သိက္ခာကိုစော်ကားလိုက်သလိုပါပဲ။ 'ဟန်နီ' သည် မိန်းမကောင်းတစ်ဦးပါ။ မမြင်ဖူးသေးဘဲနဲ့ မိန်းကလေးတစ်ယောက်ကို 'ဘဘညီ' တို့ဘက်က ရမ်းသမ်းအပြစ်မပြောသင့်ပါ။

"'ဟန်နီ' က သိက္ခာနဲ့အဆင့်အတန်းရှိတဲ့ မိန်းကလေးတစ်ယောက်ပါ"

"မင်းစကားတွေရပ်တန်းကရပ်လိုက်တော့... လူကြီးတွေက ဒါမကြိုက်ဘူးဆိုရင် မင်းဘက်ကမလုပ်ဖို့ပဲ လိုတယ်လေ... ဘာလို့ထပ်ထပ်ပြီး ဆင်ခြေတွေပေးနေရတာလဲ... 'မမခင်' ပြောသလိုပဲ မင်းအလုပ်ကိုလာစရာမလိုတော့ဘူး... အိမ်မှာပဲနေလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့... မင်းနဲ့ 'ပိုး' နဲ့လက်ထပ်ပြီးတော့မှပဲ မင်းကိုပုံမှန်အတိုင်း ပြန်နေခွင့်ပေးမယ်"

"ဖေဖေ..."

'ဟိန်း' ဘက်ကဘယ်လိုပဲတောင်းပန်တောင်းပန် ဒီကိစ္စ အတည်ဖြစ်ပြီဆိုတာ သိလိုက်ပါပြီ။ ယောကျ်ားလေးတစ်ယောက် ကို သူတို့တွေလျှောင်ပိတ်ပြီး အိမ်ထဲမှာသွင်းထားတော့မယ်ပေါ့။

'ဟိန်း' ဘက်ကနေ ကူပြောပေးမယ့်သူလည်း မရှိကြပါ လား။ 'မမယွန်း' ကိုလှမ်းကြည့်တော့ ခေါင်းလေးငုံ့ထားသည်။

"ကဲ ကဲ 'ဟိန်း' ဘက်ကလည်း ဆင်ခြင်ကွာ... တစ်ခါမှ ဒီလိုမျိုးလူကြီးတွေဆန္ဒကိုဆန့်ကျင်ပြီးလုပ်ခဲ့ဖူးတာမဟုတ်တော့ အခုကိစ္စမှာ 'ဟိန်း' ဘက်ကမှားတယ်လို့ 'ဘဘမောင်' မြင်တယ် နောက်ထပ်ဒါမျိုးမဖြစ်စေနဲ့... 'ညီညီ' နဲ့ 'ကိုကို' ကလည်း ဒီ တစ်ခါတော့ခွင့်လွှတ်ပေးလိုက်ပါ... အိမ်ထဲမှာပဲထိန်းချုပ်ထားရင် 'ပိုးဝါနု' တို့ဘက်က တစ်မျိုးမြင်လာလိမ့်မယ်... ပုံမှန်အတိုင်းပဲ အလုပ်ကိုသွားခိုင်းလိုက်ကြပါ..."

"'ကိုမောင်' ကလည်း နောက်ထပ်တစ်ခါ ထပ်ပြီးဒါမျိုး ဖြစ်နေရင် ဘယ်လိုလုပ်မလဲ... တစ်ချိန်လုံး 'ဟိန်း' ကိုအလစ် ချောင်းပြီး ချိန်းချိန်းနေတဲ့ဟာကို"





"ဒါကတော့ 'ကိုမောင်' တို့ဘက်က 'ဟိန်း' ကိုထိန်းသိမ်း ရမှာပေါ့... 'ဟိန်း' ဘက်ကလည်း နောက်ထပ်တစ်ခါဆိုတာမျိုး မဖြစ်ရလေအောင် ဆင်ခြင်ရမယ်... ပေးထားတဲ့အခွင့်အရေး ထက်ပိုလာရင်တော့ 'ဘဘမောင်' က အားလုံးပြောတာထက်ကို ပိုဆိုးတယ်နော်"

'ဟိန်း' ရင်မောစွာနဲ့ သက်ပြင်းကိုသာချလိုက်မိသည်။ ဆင်ခြင်ရမယ်ဆိုတာ 'ဟန်နီ' နဲ့ အဆက်ဖြတ်ပြီးနေဖို့ကိုပြော တာလား။

'ဟိန်း' စိတ်ထဲကတော့ မဖြစ်နိုင်တော့ဘူးလို့ ထင်ပါ သည်။ ဘာလို့လဲဆိုတော့ 'ဟန်နီ' ကို 'ဟိန်း' ချစ်သွားမိလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

တစ်ပတ်တိတိ 'ဟိန်း' နဲ့ဘာအဆက်အသွယ်မှမရတဲ့အတွက် 'ဟန်နီ' စိတ်ထဲနေလို့မရအောင်ဖြစ်လို့လာခဲ့ရသည်။ 'ဟိန်း' တစ်ယောက် အိမ်ကနေမပြန်ခင် နှုတ်ဆက်ကာကြည့်သွားတဲ့မျက်လုံးအကြည့်ကို 'ဟန်နီ' ဘယ်လိုမှမေ့ဖျောက်လို့မရနိုင်တော့ပါ။

ချစ်တယ်လို့ဖွင့်မပြောသွားပေမယ့် 'ဟိန်း' 'ဟန်နီ' ကို ချစ်တယ်ဆိုတာ သူ့မျက်လုံးတွေကိုကြည့်လိုက်တာနဲ့ သိပ်ကိုသေချာနေသောအဖြေပါပဲ။





ကိုယ့်ဘက်ကလည်း ပြန်ပြီးချစ်ခင်မိတဲ့လူတစ်ယောက်ကို နောက်ထပ်တစ်ခါ ထပ်ပြီးဆုံတွေ့ချင်ပါသေးသည်။ 'ဟိန်း' ပြောသွားခဲ့တာပဲ၊ 'ဟန်နီ' ဆီကိုဖုန်းဆက်လိုက်မည်တဲ့။

'ဟိန်း' ဆီကဆက်လာမယ့်ဖုန်းကို 'ဟန်နီ' မျှော်နေမိပါသည်။ တစ်ရက်ပြီးတစ်ရက် ရက်တွေကြာလာတာနဲ့အမျှ မျှော်ရတဲ့သူ့ရင်ထဲ ပိုပိုပြီးမောလာရကာ စိုးရိမ်စိတ်တွေလည်းဝင်လာရသည်။

'ဟန်နီ' ဆီကို 'ဟိန်း' ရောက်လာတဲ့အတွက် 'ဟိန်း' ဘက်မှာ ဘယ်လိုအခက်အခဲတွေနဲ့များ ရင်ဆိုင်နေရသလဲမသိချေ။

ကိုယ့်ရဲ့အလုပ်တွေကို လုပ်နေရပေမယ့်လည်း 'ဟန်နီ' ရဲ့စိတ်က 'ဟိန်း' ဆီကိုသာရောက်နေသည်။ 'ဟန်နီ' ဖွင့်ထားတဲ့ကျောက်မျက်ဆိုင်လေးကို ဝန်ထမ်းကောင်မလေးနှစ်ဦးနဲ့သာလွှဲထားခဲ့ပြီး 'ဟိန်း' ရဲ့ရုံးခန်းရှိရာပတ်ဝန်းကျင်မှာ ယောင်လည်လည်လုပ်နေမိသည်။

'ဟိန်း' ရဲ့ကားရပ်ထားတာကိုတော့ တွေ့နေရသည်။

ကားကိုတွေ့လိုက်ယုံနဲ့တော့ 'ဟန်နီ' ရဲ့စိတ်တွေပျော်လာနိုင်မယ်မထင်ပါ။ ကိုယ်ချစ်ရတဲ့လူကို တွေ့ရမှပဲ တင်းကြပ်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့စိတ်တွေ ပြေလျော့တော့မယ်နဲ့တူပါရဲ့။

'ဟန်နီ' သည် တစ်နေ့ထက်တစ်နေ့ 'ဟိန်း' နဲ့အဆက်အသွယ်မရဘဲနေနေရတာကို စိတ်ပျက်လာခဲ့ရသည်။ 'ဟိန်း' ဘက်က တမင်ပဲကိုယ်နဲ့မတွေ့ချင်တော့လို့ ရှောင်နေလိုက်တာဆိုရင်ကော ဘယ်လိုလုပ်ရမလဲ။

လူတစ်ယောက်ကိုချစ်မိနေတဲ့အတွက် 'ဟန်နီ' စိတ်ထဲမှာအရင်ကလို လွတ်လပ်ငြိမ်းချမ်းမှုမျိုးမရတော့ပေ။ စောင့်စည်းနေတဲ့သိက္ခာတို့ဘာတို့ကိုသာ ငဲ့မနေရရင် 'ဟိန်း' ဆီ 'ဟန်နီ' ဘက်ကအရင်စပြီးတွေ့လိုက်ဖို့ ကြိုးစားနေလောက်ပါပြီ။

'ဟန်နီ' ရဲ့စိတ်တွေက အရမ်းကိုပြင်းထန်နေလို့ပဲလားမသိ၊ 'ဟိန်း' ဆီက ဖုန်းခေါ်သံဝင်လာခဲ့သည်။ ပေါ်နေတဲ့နံပါတ်ကို 'ဟန်နီ' မသိပေမယ့် 'ဟိန်း' လို့ပဲထင်လိုက်ကာ ဖုန်းကိုဖွင့်လိုက်သည်။

" 'ဟန်နီ' လားဟင်"

'ဟိန်း' ရဲ့အသံက တိုးတိုးလေးနဲ့လှိုက်မောနေသည်။

"ဟုတ်တယ်… 'ဟိန်း' ဘယ်ကနေဆက်နေတာလဲဟင်"

"အခုလေ 'ဟန်နီ' 'ဟိန်း' တို့ရုံးခန်းရှေ့နားလောက်မှာရောက်နေတယ်သိလား"





'ဟိန်း' ဘက်ကတွေ့ချင်တယ်ဆိုရင် လာခဲ့လို့ရအောင် လမ်းကြောင်းပေးလိုက်တာဖြစ်ပါသည်။ 'ဟိန်း' လည်း 'ဟန်နီ' ခံစားနေရသလိုမျိုး ခံစားနေရမယ်ဆိုတာကို သိနေတာကြောင့်လည်း မရှက်နိုင်ဘဲဖွင့်ပြောမိတာဖြစ်လေသည်။

"ရုံးခန်းကဖုန်းနဲ့ခိုးဆက်လိုက်တာ… ကျွန်တော့်စိတ်ထဲ 'ဟန်နီ' ကိုအရမ်းသတိရလာလို့ပါ"

" 'ဟိန်း' ရယ်…"

'ဟန်နီ' ရင်ထဲမှာရှိသောဆန္ဒတွေကို ဖွင့်မပြောရသေးခင် ဖုန်းလိုင်းကတူတူတူနဲ့နေအောင် ပြတ်တောက်သွားခဲ့ရတော့သည်။

'ဟိန်း' ပြောနေတဲ့ဖုန်းကို တစ်ယောက်ယောက်ကချပစ်လိုက်တာပဲဖြစ်ရပါမည်။ 'ဟန်နီ' သည် ကျဉ်းထဲကျပ်ထဲရောက်နေသော 'ဟိန်း' ရဲ့အဖြစ်ကိုစာနာမိပြီး သနားလို့လာရသည်။

သူဘယ်လောက်တောင် စိတ်ဆင်းရဲနေလိမ့်မလဲ။ ရင်ထဲကဆန္ဒနဲ့ဆန့်ကျင်စွာ နေထိုင်ပြုမူဆက်ဆံနေရတဲ့ဘဝသည် အကျဉ်းထောင်ထဲကျနေသလိုမျိုးပဲမဟုတ်ဘူးလား။

'ဟန်နီ' ရဲ့ဘဝက လွတ်လပ်မှုတွေနဲ့တည်ဆောက်ထားခဲ့ရတာဆိုတော့ ကျဉ်းထဲကျပ်ထဲရောက်နေတဲ့ 'ဟိန်း' ရဲ့အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီး သနားလို့လာရသည်။

'ဟိန်း'ရဲ့မိသားစုအသိုင်းအဝိုင်းက 'ဟန်နီ'နဲ့ပတ်သက်
နေတာကိုတားမြစ်နေတာသည် 'ပို'ဆိုတဲ့မိန်းကလေးရဲ့ ဂုံးချော
စကားတွေကြောင့် မဖြစ်နိုင်ဘူးလား။

'ဟန်နီ'ရဲ့အခြေအနေ၊ အပြုအမူတွေကိုမြင်တွေ့သွား
ခဲ့လျှင်ဖြင့် တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်ပါသည်။ အကြားနဲ့
စာရင် လက်တွေ့အမြင်က ပိုပြီးအကျိုးရှိနိုင်တယ်လို့ ယူဆမိ
တာကြောင့် 'ဟန်နီ'သည် 'ဟိန်း'ရဲ့လူကြီးတွေနဲ့တွေ့ကြည့်ဖို့
စိတ်ကူးလိုက်မိသည်။

နီးရာစတိုးဆိုင်တစ်ဆိုင်ကိုသွားလိုက်ကာ တန်ဖိုးကြီး
သော လက်ဆောင်ခြင်းတောင်းတစ်တောင်းကို ဝယ်လိုက်ပါ
သည်။

ကားပေါ်မှာပဲ ကိုယ့်ကိုကိုယ်ကြည့်ကောင်းအောင်ပြင်
ဆင်လိုက်မိသည်။ 'ဟန်နီ' ဝတ်ထားတဲ့စကတ်ရှည်လေးက အကွဲ
တွေဘာတွေမပါတာကြောင့် လူကြီးတွေအမြင်မှာ ရုပ်ဆိုးမှုမဖြစ်
စေနိုင်ပါ။

အားလုံးပြင်ဆင်ပြီးမှ အေးဆေးသောခြေလှမ်းတွေဖြင့်
'ဟိန်း' ရှိနေသောရုံးခန်းအတွင်းသို့ ဝန်ထမ်းတစ်ယောက်လမ်း





ညွှန်မှုဖြင့် ရောက်လာခဲ့ရတော့သည်။

မှန်ခန်းအတွင်းမှာထိုင်နေသော 'ဟိန်း' ရဲ့မျက်နှာက
မှုန်မှိုင်းမှိုင်းဖြစ်ကာနေသည်။ 'ဟန်နီ' ရောက်နေတယ်ဆိုတာကို
'ဟိန်း'ကမသိသေးပေမယ့် အရင်ဆုံးသိသွားတဲ့လူက 'ဟိန်း'ရဲ့
ဘကြီးတစ်ယောက်ဖြစ်နေသည်။

တွေ့ချင်လို့ခေါ်ခိုင်းလိုက်တာက 'ဟိန်း'ကိုဖြစ်ပေမယ့်
ရောက်လာတာက ကိုယ်မသိသော လူကြီးတစ်ယောက်ဖြစ်နေ
တာမို့ အံ့သြစွာမျက်ခုံးလေးပင့်ပြီး ကြည့်နေလိုက်မိပါသည်။

"'ဟိန်း' ကိုတွေ့ချင်တာ မင်းလား"

မေးလိုက်တဲ့လေသံက နွေးထွေးမှုမပါဘဲ မာထန်နေတာ
ကြောင့် 'ဟန်နီ' စိတ်ပျက်သွားရပါသည်။ ဧည့်သည်တစ်ယောက်
ကို စစချင်းကြိုဆိုလိုက်တဲ့လေသံက တကယ့်ကိုရိုင်းစိုင်းလွန်းပါ
သည်။

ထားလိုက်ပါတော့။ ကိုယ့်ထက်ကြီးနေသောလူကြီးတစ်
ယောက်ကို တန်ပြန်ပြီးမစော်ကားချင်ပါဘူး။ 'ဟန်နီ' သည်အား
ယူရင်းပြုံးလိုက်ကာ...

"ဟုတ်ပါတယ်... 'ဟန်နီ' ဆိုရင်သူသိပါတယ်ရှင်"

"'ဟိန်း' ကမင်းနဲ့မတွေ့ချင်ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်..."

မဖြစ်နိုင်တဲ့စကားတွေကို ပြောလိုက်တာကြောင့် 'ဟန်နီ' အံ့သြစွာဖြင့်ပါးစပ်ပါပွင့်နေရသည်။ 'ဟိန်း' နှုတ်ကတကယ်ပဲ မတွေ့ချင်ပါဘူးဆိုရင်ဖြင့် 'ဟန်နီ' ချက်ခြင်းကိုပြန်သွားဖို့စိတ်ကူးမိမှာပါ။

အခုက 'ဟန်နီ' ရောက်လာတာကိုပင် 'ဟိန်း' ကသိသေးတာမဟုတ်။

"အန်ကယ်ကနောက်တော့မယ်... 'ဟန်နီ' က 'ဟိန်း' ကိုကျေးဇူးတင်လွန်းလို့ လက်ဆောင်လာပေးတာပါ... အန်ကယ်က 'ဟိန်း' ရဲ့ဖေဖေလားဟင်"

"ဒါတွေမင်းသိစရာမလိုပါဘူး... မင်းပြန်လိုက်တော့... လူကြီးတစ်ယောက်က ပြန်ပါလို့ပြောနေတာကို မင်းဆက်ပြီးခေါင်းမာနေမယ်ဆိုရင်တော့ ဒါဟာစော်ကားရာလည်းရောက်သလို ရိုင်းစိုင်းတဲ့အပြုအမူလည်းဖြစ်တယ်ကွ နားလည်လား"

"ဟို တစ်ဆိတ်လောက် အန်ကယ်... 'ဟန်နီ' လေ ဒီကိုရောက်လာတာ မကောင်းတဲ့အကြံအစည်တစ်ခုမှမပါပါဘူး... ခင်မင်မှုအရ ကျေးဇူးတင်ထိုက်တဲ့သူကို ကျေးဇူးလာတုံ့ပြန်တာပါ... အန်ကယ်ဟာ 'ဟိန်း' နဲ့ပတ်သက်တဲ့လူတစ်ယောက်ဖြစ်နေတယ်ဆိုရင် တွေ့ရတဲ့အတွက်ဝမ်းသာပါတယ် အန်ကယ်... 'ဟိန်း' ကလေ 'ဟန်နီ' ကိုကူညီခဲ့တာတွေအတွက်လည်း ကျေးဇူးတင်တယ်လို့လည်းပြောပေးပါနော်"





"မင်းပြောချင်တာဒါပဲဆိုရင်လည်း ပြန်လိုက်တော့... နောက်လည်း 'ဟိန်း' နဲ့လုံးဝမပတ်သက်တော့နဲ့ကြားလား... ငါက 'ဟိန်း' ရဲ့ဘကြီးတော်တယ်... ဘကြီးတစ်ယောက်က နေရာတကာ ဝင်ပတ်သက်နေပါလားလို့ မင်းစိတ်ထဲတွေးမိလိမ့်မယ်... 'ဟိန်း' ရဲ့ကိစ္စမှန်သမျှတိုင်းကို ငါတို့တွေစီမံခန့်ခွဲပိုင်ခွင့်ရှိတယ်... သူ့အဖေတောင် ငါတို့စကားကိုနားထောင်ရတယ်... 'ဟိန်း' ဆိုရင်တော့မပြောနဲ့တော့ပေါ့"

လေသံကအေးဆေးပေမယ့် 'ဟန်နီ' အား အဖက်မတန်သလိုပြောဆိုနေတာဖြစ်ပါသည်။ 'ဟိန်း' နဲ့ပတ်သက်တဲ့လူတစ်ယောက်ဖြစ်နေတာကြောင့်သာ 'ဟန်နီ' သည်းခံပြီးငြိမ်နေမိပေမယ့် စိတ်ထဲမှာတော့ အရမ်းကိုပြန်ပြောလိုက်ချင်မိသည်။

ဘာဆေးတွေစားပြီး ဒီလောက်တောင် မောက်မောက်မာမာ စကားတွေပြောထွက်နေရတာလဲမသိပါ။ လောကကြီးမှာ ကိုယ့်ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ကိုယ်ဆိုတာကို ဒီလူကြီးမေ့နေလေရော့သလား။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တားမြစ်တဲ့အတိုင်း 'ဟန်နီ' ဘက်ကမလိုက်နာတော့ကော ဘာတတ်နိုင်မှာကျလို့။ စကားအခြေအတင်တွေဖြစ်လာရင် 'ဟိန်း' ကိုပဲ ပိုပြီးမာန်မဲတော့မှာကို ကြိုသိနေတာကြောင့် ဒေါသတွေကို လျှော့လျှော့ချနေရတော့သည်။

"မင်းပြန်တော့လေ..."

နှင်တဲ့စကား ထပ်ထွက်လာပြန်သည်။ ဘေးလူတွေရှိနေတာကြောင့် 'ဟန်နီ' ထပ်ပြီးအရှက်ကွဲမခံချင်တော့ပါ။ ပြန်ဖို့ကိုပဲ ဆုံးဖြတ်လိုက်ပါသည်။

သိချင်တာတစ်ခုကိုတော့ လေသံချိုလေးနဲ့ပဲ 'ဟန်နီ' က မပြန်ခင်မေးကြည့်လိုက်မိသည်။

"တစ်ခုတော့မေးခွင့်ပြုပါ အန်ကယ်... 'ဟိန်း' နဲ့ခင်မင်မှုကို ဘာဖြစ်လို့များတားမြစ်ချင်ရတာလဲ... 'ဟန်နီ' မှာဘာချို့ယွင်းချက်များရှိနေလို့ပါလဲ... 'လဝန်းဟန်နီ' ဆိုတဲ့မိန်းကလေးဟာလည်း ကိုယ်ပိုင်အရည်အချင်းကော ဆွေမျိုးအသိုင်းအဝိုင်းပါ အတော်ကလေးတောင့်တင်းတဲ့ မိန်းကလေးတစ်ယောက်ပါ နေရင်းထိုင်ရင်း အန်ကယ်တို့ဘက်က ခါးခါးသီးသီးဖြစ်နေတာကို အံ့ဩလွန်းလို့စဉ်းစားလို့ တောင်မရနိုင်တော့ပါဘူး... အဖြေတစ်ခုလောက်တော့ အန်ကယ်ပေးသင့်တယ်ထင်တယ်"





အန်ကယ်ကြီးမျက်နှာပျက်ထွက်သွားရလေသည်။ ဖြစ်ခယ့်သာဖြစ်တာ 'ဟန်နီ' ပြောလိုက်တဲ့စကားတွေမှာ ရိုင်းစိုင်းတဲ့စကားတစ်လုံးမှမပါပါ။

သိချင်တဲ့ဆန္ဒကလေးကိုသာ မေးကြည့်လိုက်တာပါ။

"မင်းအဲ့ဒီလိုလျှာရှည်တာရယ် အတင့်ရဲတာရယ်ကို ငါတို့ကပိုပြီးခါးသီးတာ... 'ဟိန်း' မှာစေ့စပ်ပြီးသားရှိနေပြီ... ဒီလိုယောကျ်ားတစ်ယောက်ကို မင်းကဘာရည်ရွယ်ချက်နဲ့ မိတ်ဖွဲ့ချင်နေရတာလဲ... 'ဟိန်း' ဟာသိပ်ကိုရိုးသားအေးဆေးတယ်... မင်းနဲ့တွေ့မှလူကြီးတွေဆန္ဒကိုလည်း ဆန့်ကျင်လာတယ် လုပ်ချင်တာကိုလည်းလုပ်လာတယ်... မင်းကြောင့်ငါတို့တွေ စိတ်ညစ်နေရတယ်... ပုံစံဂွင်ထဲမှာအသားသေနေတဲ့ လူတစ်ယောက်ကို မင်းကဖျက်ဆီးလိုက်တာပဲလို့ ငါတို့ကယူဆထားလို့ မင်းနဲ့မပတ်သက်စေချင်တာ ရှင်းပြီလား"

"'ဟန်နီ' ဘာမှမလုပ်ပါဘူး"

"ဘာမှမပြောနဲ့တော့... မင်းထွက်သွား"

'ဟန်နီ' သည် တစ်သက်နဲ့တစ်ကိုယ် ဒီလိုအပြောမျိုးတွေအပြောမခံရဖူးတာကြောင့် ရင်ထဲမှာနာပြီးမျက်ရည်ပါဝဲလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိန်း' နဲ့ပတ်သက်မိလို့ ဒီလိုမျိုးအပြောခံထိတယ်ဆို ပြီး 'ဟိန်း' အပေါ်ကိုလည်း စိတ်မနာရက်ပြန်ပါ။ ဒီလိုမျိုးတွေ ဖြစ်တာကို 'ဟိန်း' မှမသိလိုက်ဘဲလေ။

"ဟိတ် ဟိတ် မင်းခြင်းတောင်းကြီးကို မြွန်ယူသွားလေ ဘာလို့ထားခဲ့တာလဲ"

"မယူတော့ဘူး အန်ကယ်... အန်ကယ်တို့မလိုချင်ရင် လည်း လမ်းဘေးတစ်နေရာရာမှာသာ ချထားလိုက်ပါတော့"

အပိုလုပ်ပြီးဝယ်လာတဲ့ လက်ဆောင်ခြင်းတောင်းကို လည်းပြန်ယူမသွားချင်တော့ပါ။ 'ဟိန်း' ရှိရာရုံးခန်းလေးအတွင်း တို့ သံယောဇဉ်မကုန်သလို လည်ပြန်ကာအကြည့် 'ဟိန်း' ကို မတွေ့ရတော့ပါ။

ဘယ်များထွက်သွားခဲ့တာလဲ။ 'ဟန်နီ' ရောက်လာတယ် ဆိုတာကို 'ဟိန်း' သိလိုက်ပါတော့လား။

"'ဟန်နီ'... လာခဲ့"

ရုတ်တရက် 'ဟန်နီ' လက်ကိုဆောင့်ဆွဲခြင်းခံလိုက်ရ သလို လူကလည်းဆွဲခေါ်ရာနောက်သို့ ပါသွားခဲ့ရတော့သည်။ အို 'ဟိန်း' ဘယ်ကနေဘယ်လိုရောက်လာခဲ့တာလဲ။

"ဟော့ကောင် 'ဟိန်း'... ပြန်လာခဲ့စမ်း... မင်းဘယ်ကိုမှ မသွားရဘူး"

'ဟိန်း' က သူ့ဘကြီးအော်ခေါ်လိုက်တာကို ဂရုမပြုဘဲ ခြေလှမ်းမြန်မြန်နဲ့ 'ဟန်နီ' လက်ကိုဆွဲကာ အပြင်တစ်နေရာကို ခေါ်လာခဲ့ပါသည်။

"'ဟိန်း' တော့ ထပ်ပြီးအဆူခံထိတော့မှာပဲ..."

"ထွက်လာပြီးမှတော့ ဘာကိုမှမတွေးချင်တော့ပါဘူးဗျာ 'ဟန်နီ' ကိုပဲသနားတယ်... ကျွန်တော့်ကြောင့် ဘာမှမဆိုင်ဘဲ 'ဟန်နီ' အပြောအဆိုခံထိနေပြီ... 'ဟန်နီ' စိတ်မဆိုးပါနဲ့နော်"

'ဟိန်း' က 'ဟန်နီ' လက်ကိုလွှတ်မပေးသေးဘဲ ဆုပ် ကိုင်ထားဆဲပဲဖြစ်သည်။

"ဘာလို့စိတ်ဆိုးရမှာလဲ... 'ဟိန်း' က 'ဟန်နီ' ဘက်က ရှိနေတာမဟုတ်လား"

"အင်းပေါ့... ကျွန်တော်လေ တစ်ခါမှလူကြီးတွေစကား ကို နားမထောင်တာမရှိဖူးဘူး အခုလေ 'ဟန်နီ' နဲ့ပတ်သက်ပြီးမှ ကျွန်တော့်စိတ်တွေ ဘယ်လိုဖြစ်သလဲမသိတော့ပါဘူး"

"'ဟန်နီ' လည်း 'ဟိန်း' နဲ့ကျမှ စိတ်တွေဘယ်လိုဖြစ် ကုန်သလဲမသိတော့ပါဘူး"

'ဟိန်း' က 'ဟန်နီ' ကိုစိုက်ကြည့်ပြီး ပြုံးလာသည်။







www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သားလျှောက်လာတာ အတော်ခပ်ဝေးဝေးကိုတောင် ရောက်လာပါပြီ။

"'ဟိန်း' ကဘာလို့ပြုံးတာလဲ"

"ကျွန်တော်ပြောလိုက်ရင် 'ဟန်နီ' စိတ်ဆိုးမယ်နဲ့တူတယ်"

"မဆိုးပါဘူး... 'ဟန်နီ' သာ 'ဟိန်း' နဲ့ပတ်သက်ပြီးစိတ်ဆိုးတတ်မယ်ဆိုရင် ခုနကတည်းက 'ဟိန်း' ခေါ်တဲ့နောက်ကို တောင်မလိုက်တော့ဘူးသိလား"

"ကျွန်တော်ပြောမယ်နော်... ကျွန်တော်တို့နှစ်ယောက်ရဲ့စိတ်ထဲမှာ အချစ်တွေဖြစ်နေပြီနဲ့တူတယ်... 'ဟန်နီ' ကိုကျွန်တော်ချစ်နေမိသလို 'ဟန်နီ' လည်း ကျွန်တော်နဲ့ပတ်သက်ပြီး အချစ်တွေရင်ထဲမှာရှိနေပြီနဲ့တူတယ်"

'ဟန်နီ' က 'ဟိန်း' ကိုမျက်စောင်းလှလှထိုးပစ်လိုက်ပါသည်။ ဒီလိုတော့လည်း သူသိပ်ပြီးလည်လှပါလား။ ချစ်စကားကို ခပ်မြန်မြန်ပြောထွက်ရဲသားပဲ။

"'ဟိန်း' က 'ဟန်နီ' ကိုချစ်တယ်ပြောရအောင် 'ပိုး' ဆိုတဲ့မိန်းကလေးကို ဘယ်ချောင်မှာသွားထိုးထားမလို့လဲ"

"မသိဘူး...နဂိုတည်းကလည်း သူ့ကိုခေါင်းထဲမှာမထား





ထားဘူး... 'ဟန်နီ' တစ်ယောက်တည်းပဲ ကျွန်တော့်စိတ်အတွေးထဲမှာရှိနေတယ်... 'ဟန်နီ' ကျွန်တော့်ကိုပြန်ချစ်နိုင်ပါ့မလား"

"အချစ်တစ်ခုရဲ့နောက်မှာ စိတ်မောစရာတွေအများကြီးကြုံလာနိုင်တယ်ဆိုတာကိုကော 'ဟိန်း' သတိထားမိရဲ့လား"

"သိပါတယ်... ဒါပေမဲ့ ရင်ထဲမှာဖြစ်လာတဲ့အချစ်ကို ကျွန်တော်မှမထိန်းသိမ်းနိုင်တာ"

'ဟိန်း' သည် 'ဟန်နီ' ပြောလာမယ့်စကားကို စောင့်စားနေပုံရသည်။ သူ့မျက်နှာမှာ မျှော်လင့်ချက်တွေပြည့်သိပ်လို့နေပါသည်။ ချစ်စရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ကို 'ဟန်နီ' ဘက်က သိပ်ပြီးမနှိပ်စက်ချင်ပါ။

ကိုယ့်ရင်ထဲကဆန္ဒကိုလည်း ကိုယ်သိနေတာပဲမဟုတ်လား။

"'ဟန်နီ' လည်း 'ဟိန်း' လိုပဲသိလား... ရင်ထဲကအချစ်ကိုမထိန်းချုပ်နိုင်တော့ဘူး"

"ဒါဖြင့်..."

'ဟိန်း' ရဲ့အသံက အကျယ်ကြီးထွက်လာသည်။ ဘေးဝတ်ဝန်းကျင်ကိုလည်း သူ သိပ်ပြီးဂရုပြုမိပုံမရတော့ပါ။

"ဘေးလူတွေကြည့်နေတယ်လေ 'ဟိန်း' ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့် ကြည့်... ပြောပါ 'ဟန်နီ' ရဲ့"

"အဖြေကရှင်းရှင်းလေးလေ... 'ဟိန်း' လို့ပဲဆိုမှတော့ ချစ်တာပေါ့"

ပျော်လွန်းလို့ အားကနဲအော်လိုက်တဲ့ 'ဟိန်း' ရဲ့အသံက ပတ်ဝန်းကျင်တစ်ခုလုံး ရိုက်ခတ်သွားရတော့သည်။





## ၁၃

ချစ်လိုက်ရတာတစ်ရက်၊ လွမ်းရတဲ့ရက်တွေကတစ်သက်ဆိုသလိုများ ဖြစ်နေမလားမသိပါ။ တစ်ရက်ကလေး 'ဟိန်း' ရဲ့လက်ကိုခပ်တင်းတင်းဆုပ်ကိုင်ကာ ကြည်နူးပျော်ရွှင်လိုက်ရတဲ့ အချိန်တွေက ပြန်စဉ်းစားကြည့်ရင် အိပ်မက်လိုကိုဖြစ်နေခဲ့ပါသည်။

'ဟိန်း' ဆီကဆက်သွယ်လာမယ့် အချိန်ကိုသာ မျှော်လင့်စောင့်စားနေမိသည်။ ဆိုင်လိပ်စာကိုလည်း ပေးထားတာကြောင့် ဘယ်ကိုပဲ 'ဟိန်း' ဘက်ကဆက်သွယ်ဆက်သွယ် 'ဟန်နီ'



www.burmeseclassic.com

www.burmeseclassic.com



သိနိုင်ပါသည်။

'ဟိန်း' နဲ့ ပတ်သက်ပြီး စိတ်ထဲမှာမပျော်မရွှင်ဖြစ်နေမိပေမယ့်လည်း ကိုယ့်အလုပ်တော့ကိုယ်လုပ်ရတာပင်။ ကျောက်မျက်ရတနာဆိုင်ကို ပုံမှန်ဖွင့်ပြီးဦးစီးကွပ်ကဲရသလို 'ဟန်နီ' ဝါသနာပါသည့် ကားဝယ်ရောင်းကိုလည်း အလုပ်ပေါ်လာရင်ပေါ်လာသလိုလုပ်နေရသည်။

'ဟန်နီ' အခုစီးနေသည့်ကားကို ဝယ်လက်ရှိတယ်ဆိုသဖြင့် နေ့ခင်းဘက်လောက်ချိန်းထားခဲ့သည်။ ခါတိုင်းကားလာကြည့်တဲ့လူတွေက 'ဟန်နီ' ချိန်းတဲ့နေရာကိုလာကြပေမယ့် အခုတစ်ခေါက်ကတော့ 'ဟန်နီ' ကိုယ်တိုင်သွားပြပေးရမည်။

ကြားထဲကပွဲစားကလည်း ကိုယ့်ဆွေမျိုးလိုဖြစ်နေတဲ့သူမို့ ကားကိုလာပြပေးမယ်လို့ 'ဟန်နီ' ကတိပေးခဲ့သည်။ ကားဝယ်မယ့်လူတွေက သူတို့ရဲ့မြေးကိုမွေးနေ့လက်ဆောင်ဝယ်ပေးမလို့ဖြစ်ပါသည်။

ကားကိုအဘိုးကြီးအဘွားကြီးကြည့်ပြီးတာနဲ့ ကြိုက်ဖြဆိုရင်ငွေလက်ငင်းချေမယ့်လို့လည်း ပြောတာကြောင့် 'ဟန်နီ' လက်ခံမိလိုက်ခြင်းလည်းဖြစ်သည်။

ဈေးတွေကိုအရမ်းဆစ်ပြီး အချောင်လိုချင်တဲ့ဝယ်လက်





မျိုးဆိုရင်လည်း 'ဟန်နီ' ကမရောင်းချင်ပါ။ ကိုယ်ကငွေမရှိလို့လုပ်စားနေတာလည်းမဟုတ်။

ကားကိုထည့်လဲစီးနေရတာ ဝါသနာပါတာကြောင့်သာဒီအလုပ်မျိုးကိုလုပ်နေမိတာဖြစ်ပါသည်။ တစ်ခါတလေဝယ်ထားတဲ့ကားက မြတ်သလို၊ သိန်းဆယ်ချီပြီး ရှုံးသွားတဲ့အခါမျိုးတွေလည်း ရှိခဲ့ပါသည်။

ဒါပေမဲ့ နောက်ကားအသစ်တစ်စီး စီးရတာကိုပဲပိုမက်မောတဲ့ 'ဟန်နီ' ကတော့ ရှုံးရှုံးမြတ်မြတ် ဝယ်ရောင်းအလုပ်ကိုဆက်လုပ်နေဆဲပဲဖြစ်သည်။

ချိန်းထားတဲ့နေရာကို 'ဟန်နီ' တစ်ယောက်တည်းရောက်လာခဲ့ပါသည်။ ပွဲစားက 'ဟန်နီ့' ထက်အရင်စောရောက်ကာနေသည်။

"ပွဲဖြစ်မယ်ဆိုလို့ 'ဟန်နီ' လာတာနော် 'ကိုရဲစိုး'... ဆိုင်ကိုပစ်ထားခဲ့ရတာ... အချိန်ကသိပ်ရတာမဟုတ်ဘူး"

"အေးပါ... ကျိန်းသေသလောက်ရှိပါပြီ... ကားကိုဆိုင်မှာမြင်ဖူးတည်းက သဘောကျနေကြတာ... သူတို့မြေးကအခုနယ်ရောက်နေတယ်.... မနက်ဖြန်ပြန်ရောက်မှာဆိုတော့အဆင်သင့်ဖြစ်အောင် ဒီနေ့ပဲစာချုပ်ချုပ်ပြီး ငွေအကြေချေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



အိမ့်ရှင်လင်မယားနှစ်ယောက်လုံးက သဘောကောင်းကြပါသည်။ သူတို့အဖေနဲ့အမေစိတ်ကြိုက် ဘာမှမပြောဘဲနေနေကြသည်။

အင်းပေါ့လေ။ သူတို့ရဲ့သားက တန်ဖိုးကြီးကားကိုရမှာဆိုတော့လည်း မိဘတွေက ဘယ်ကန့်ကွက်ကြပါ့မလဲ။ ဈေးနှုန်းကိုလည်း ကြိုပြောပြီးသားမို့ ကားကိုသေချာလေးစစ်ပြီးတာနဲ့ ကိစ္စအားလုံးက အဆင်ပြေသွားခဲ့ပါသည်။

အဘိုးကြီးအဘွားကြီးက ချက်ခြင်းပဲကားကို ဂိုဒေါင်ထဲထည့်ပြီးသိမ်းလိုက်ချင်တာမို့ 'ဟန်နီ' ပြန်ဖို့ပင်ခပ်ခက်ခက်ပါပဲ။ ငွေကတော့ ချက်ခ်နဲ့ပေးလိုက်တာမို့ အဆင်ပြေပါသည်။ ဘဏ်ကိုလည်း 'ဟန်နီ' ကိုယ်တိုင်ဖုန်းဆက်ပြီး ပိုသေချာသွားအောင်စစ်ကြည့်လိုက်သေးသည်။

"ကဲ ဒီကသမီးကို ပြန်ပို့ပေးရမယ်လေ... အန်ကယ်တို့ပဲပြန်ပို့ပေးပါ့မယ်"

"နေပါစေ အန်ကယ်ရယ်... ရပါတယ်... လမ်းမကြီးနဲ့လည်းသိပ်မဝေးဘူးဆိုတော့ ကားငှားရတာလည်းအဆင်ပြေနိုင်ပါတယ်... 'ကိုရဲစိုး' လည်းအဖော်ရှိနေတယ်ဆိုတော့ မလိုပါဘူးကျေးဇူးတင်ပါတယ်"





ဝယ်ထားတဲ့ကားသစ်ကိုကြည့်ပြီး ကျေနပ်နေကြတဲ့သူတို့မိသားစုကို ဒုက္ခမပေးချင်တာကြောင့် ကိုယ့်ဖါသာပဲပြန်ဖို့ဆုံးဖြတ်လိုက်မိသည်။

"'ကိုရဲစိုး' ကိုတော့ ဆိုင်ရောက်မှပဲ ပွဲခရှင်းပေးတော့မယ်နော်... ဆိုင်အထိတော့လိုက်ခဲ့လိုက်"

"ရပါတယ်ဟာ... နောက်နေ့မှပဲ လာခဲ့တော့မယ်... ဒီနေ့တော့ ငါနောက်တစ်စီးထပ်ချိန်းထားသေးတယ်... နင့်အတွက်လည်း ကားသန့်သန့်တစ်စီးရှာပေးရဦးမယ်လေ... ပြောထားတာတော့ရှိတယ်"

"အင်း ဒီနေ့အဆင်ပြေမယ်ဆိုရင်လည်း ဒီနေ့ပဲအလုပ်ဖြစ်ချင်တယ်... အခုပဲကားရှိတယ် အခုမရှိတော့ဘူး ချက်ခြင်းကိုလက်မဲ့ဖြစ်သွားတာ မနေတတ်ဘူးဖြစ်နေတယ်"

"အေးပါ ငါကြိုးစားပါ့မယ်"

လမ်းသွယ်ကလေးက အပင်ရိပ်တွေနဲ့တကယ့်ကိုအေးချမ်းလှပါသည်။ နေ့ခင်းဘက်ပေမယ့် အပူကင်းကာအရိပ်ရပြီးအေးချမ်းကာနေရသည်။

"ဟာ ဒုက္ခပဲ... ဖိုင်ကျန်ခဲ့ပြီ"

"ဘာဖိုင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုသွားရမယ့်ကားပိုင်ရှင်ရဲ့ စာအုပ်လေ… ငါ့ကို
အပ်ထားတာ… ဒီနေ့အလုပ်ဖြစ်ရင် သူ့ကိုချိန်းလိုက်ဆိုပြီးတ
ခါတည်းပေးထားတာ… ကားကိုပွဲစားတန်းမှာ ဒီအတိုင်းထိုးထား
ခဲ့တာ… နင်ခဏလေးစောင့်ပေး… ငါပြန်သွားယူလိုက်မယ်"

"ဖြစ်ရမယ် 'ကိုရဲစိုး' ကတော့… 'ဟန်နီ' ဒီခြံရှေ့မှာပဲ
ရပ်စောင့်နေလိုက်မယ်… မြန်မြန်တော့ပြန်ခဲ့နော်"

"အေးပါ အေးပါ"

'ကိုရဲစိုး' ထွက်သွားတဲ့အတွက် 'ဟန်နီ' က ခြံတစ်ခြံရဲ့
အဝင်ဝဘေးဘက်မှာရှိသော အုတ်ခုံကလေးမှာထိုင်စောင့်ရင်း
ကျန်နေရစ်ခဲ့ပါသည်။

ခြံစည်းရိုးကြီးက မြင့်လွန်းတာကြောင့် အတွင်းဘက်
ကိုမမြင်ရပါ။ ဟိုးခပ်ဝေးဝေးမှာတော့ အမိုးချွန်ချွန်တိုက်ခေါင်
မိုးကိုတော့ မြင်နေရသည်။ ခြံဝနဲ့အတွင်းကတိုက်ကြီးနဲ့အတော်
လေးကိုလှမ်းတာပဲ။

ဘာရယ်မဟုတ်ကြည့်နေမိဆဲ ကားဟွန်းသံကျယ်ကျယ်
ကို ရုတ်တရက်ကြားလိုက်ရတာကြောင့် လူကတုန်တက်သွားပါ
သည်။

'ဟန်နီ' အနားမှာတမင်ဘဲ ကပ်တီးလိုက်လေသလား





မသိပါ။ စိတ်တိုတိုနဲ့ကားကို လှမ်းကြည့်လိုက်ပါသည်။

'ဟန်နီ' နဲ့မျက်နှာချင်းဆိုင်လိုဖြစ်နေသော ကားရှေ့ခန်း
မှာထိုင်သည့် မိန်းမကြီးရဲ့မျက်လုံးက ရန်လိုမှုတွေနဲ့အရမ်းကိုစူး
ရှတောက်ပြောင်ကာနေသည်။

နေရင်းထိုင်ရင်း ရန်ပုမှုတွေပြင်းထန်နေတဲ့အတွက် အံ့
သြသွားရသည်။ သူတို့ခြံရှေ့ကအုတ်ခုံမှာ ခဏလေးထိုင်မိတာ
နဲ့ ဒီလောက်ထိအောင် ဒေါသတွေဖြစ်သင့်သလား။

စုတ်ပြတ်နေတဲ့ လူတစ်ယောက်ဆိုရင်လည်း စိတ်မချ
စရာဖြစ်နေတာမို့ ထားပါဦးတော့။ အခု 'ဟန်နီ' လိုတောက်
တောက်ပြောင်ပြောင် သားသားနားနားမိန်းကလေးတစ်ယောက်
ကို ကြည့်နေတဲ့အကြည့်က ပြင်းထန်လွန်းနေပါသည်။

'ဟန်နီ' နားမှာဝတ်ထားသည့် နှစ်ဘက်ပေါင်းရင်သိန်း
တစ်ရာနီးပါးတန်သည့် စိန်နားကပ်ကိုပဲ အားနာပါဦးတော့လား။

"မင်းတော်တော့ကို လွန်လွန်းလာပြီကွယ်… မင်းရုပ်ရည်
မင်းအဆင့်အတန်းနဲ့ ဒီလောက်ထိအောင် မျက်နှာပြောင်တိုက်
ဖို့မကောင်းပါဘူး… ကြည့်ရတာ မိဘကမဆုံးမထားဖူးနဲ့တူပါ
တယ်"

ခပ်ပြင်းပြင်းအကြည့်နဲ့အတူ နှုတ်ကပါစကားသံတွေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီဆိုတော့ ဒီမိန်းမကြီး 'ဟန်နီ' အပေါ်ကိုအမြင်မကြည်… လင်တာ သေချာသွားခဲ့ပါပြီ။

ဒုက္ခပါပဲ။ ခုတလော နေရင်းထိုင်ရင်း 'ဟန်နီ' ကုသိုလ်… ကံတွေဆိုးနေပါလား။ လူမုန်းများနေသည်။ ဘယ်လိုကြောင့်များ… 'ဟန်နီ' ကိုမုန်းနေရတာလဲ။

“အန်တီ ကျွန်မကိုပြောနေတာနဲ့တူတယ်”

“ဟုတ်တယ် မင်းကိုပြောနေတာ”

“ပြောရအောင် ကျွန်မအန်တီ့ကိုဘာများစော်ကားထား… ဖူးလို့လဲ… ခုမှမြင်ဖူးတာပါ… တစ်ဆိတ်တော့ လူကြီးပီပီစကား… ကို အန်တီဆင်ခြင်ပြောရင်ကောင်းလိမ့်မယ်… ကျွန်မမိဘတွေ… ကို ထည့်ပြောစရာအကြောင်းကိုမရှိဘူး”

“မပြောစေချင်ရင် မင်းဆင်ခြင်ပါလား… ဘာကိစ္စ … တို့ခြံရှေ့မှာလာစောင့်နေသလဲ… မင်းကြောင့် 'ဟိန်း' ကိုထော… ချထားလိုက်ပြီသိရဲ့လား… တစ်သက်လုံးလူကြီးမိဘစကားကို… နားထောင်လာခဲ့တဲ့ 'ဟိန်း' လိုလူကို မင်းဖျက်ဆီးလိုက်တာ သိ… ကိုကောင်းတဲ့လုပ်ရပ်လား… မိုက်ရိုင်းပြီးအောက်တန်းကျလွန်း… တယ်”

ဖြစ်မှဖြစ်ရလေ။ ဒီလောက်တောင်ပဲ တိုက်ဆိုင်ရသလား…





…ယ်။ 'ဟန်နီ' ဝန်ခံပါသည်။ 'ဟိန်း' ကိုမတွေ့ရတဲ့အတွက်နေ…တဲ့နေရာကို အရမ်းသိချင်နေရပါသည်။

'ဟိန်း' ရဲ့ဖုန်းနံပါတ်နဲ့လိပ်စာကို စုံစမ်းကြည့်ပြန်တော့ …ည်း ရုံးခန်းလိပ်စာဖြစ်နေသည်။ နေတဲ့နေရာသာသိခဲ့ရင် တွေ့…ို့ရအောင် ကြိုးစားဖို့အခွင့်အရေးရလာနိုင်သည်မဟုတ်လား။

အခုတော့မထင်မှတ်ပဲ 'ဟိန်း' နေတဲ့နေရာကိုသိလိုက်ရ…ပြီ။ မျှော်လင့်မထားဘဲ သိလိုက်ရတဲ့အဖြစ်မို့ လူကကြောင်…နေရသည်။

ဒီအန်တီကြီးက 'ဟိန်း' ပြောပြသွားတဲ့ 'ဒေါ်ခင်ခင်လေး' …ဖြစ်ရပါမည်။ ခြံတံခါးကပွင့်သွားပေမယ့် ကားကတော့ခြံထဲ…ကိုမဝင်သေးပါ။

နောက်ခန်းမှာပါလာသော မိန်းကလေးကတော့ 'ဟန်နီ' …ကို စိတ်မကောင်းသလိုမျက်လုံးမျိုးနဲ့သာ ငေးကြည့်နေသည်။ …က 'မမယွန်း' ဆိုတာများလား။

ချစ်သူသက်တမ်းတစ်ရက်ကလေးနဲ့တင် 'ဟိန်း' တို့အိမ်…ကြီးမှာနေသော ဆွေမျိုးအုပ်စုကို 'ဟန်နီ' ပြည့်ပြည့်စုံစုံသိလိုက်…ပြီးပါပြီ။

“မင်းခြံရှေ့မှာ လာရပ်နေလို့လည်း 'ဟိန်း' ကိုတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်မထင်နဲ့... မောသွားမယ်"

"ကျွန်မ ခြံရှေ့မှာတမင်လာရပ်နေတာမဟုတ်ပါဘူး... ကိစ္စတစ်ခုရှိလို့ ရပ်စောင့်နေတာပါ... အန်တီအထင်လွဲနေတာပါ"

"ဟင်း ဟင်း အပြောကတော့ကောင်းပါ... ဒီလိုကလိမ်ကကျစ်အပြောတွေနဲ့ပဲ 'ဟိန်း' ကိုလှည့်စားသိမ်းပိုက်သွားတာမဟုတ်လား... ငါအပြတ်ပြောလိုက်မယ်... မင်းနဲ့ 'ဟိန်း' နဲ့ဘယ်လိုမှမဖြစ်နိုင်ဘူး... မင်းလိုလူကို ငါတို့ဘက်က တစ်သက်လုံးအသိအမှတ်ပြုနိုင်မှာကိုမဟုတ်ဘူး"

"ဘာအတွက်ကြောင့်များပါလဲ... ကျွန်မက ဘာအပြစ်တွေများလုပ်ထားလို့လဲ အန်တီ"

"ငါတို့သဘောမတူဘဲနဲ့ မင်း 'ဟိန်း' နဲ့ပတ်သက်နေတယ်ဆိုတည်းက အပြစ်ကလုပ်ပြီးနေပြီလေ"

"အန်တီတို့သဘောတူတာမတူတာကို ကျွန်မကကြိုသိထားတာမှမဟုတ်ဘဲ... နှလုံးသားကအရင်ချစ်သွားခဲ့တာပါ...ချစ်ပြီးတော့မှ ဒီလိုကိစ္စမျိုးတွေဖြစ်လာတော့လည်း ကျွန်မလည်း မတတ်နိုင်ဘူး... 'ဟိန်း' ကိုအရမ်းချစ်တယ်... အဲ့ဒီလိုချစ်မိတဲ့အတွက်လည်း သူနဲ့ဝေးဖို့ကိုဘယ်လိုမှ စဉ်းစားလို့မရဘူးဖြစ်နေ





တယ်... အန်တီတို့စကားကို ဖြစ်နိုင်ရင်နားထောင်ပေးချင်ပါတယ်... ဒါပေမဲ့ 'ဟိန်း' ကိုမေ့လို့မရနိုင်တဲ့အတွက် ရှေ့ဆက်တိုးဖို့ကိုပဲ ကျွန်မဆုံးဖြတ်ထားပါတယ် အန်တီ"

"မင်း မင်း..."

'ဒေါ်ခင်ခင်ဇီလေး' လက်ညှိုးတထိုးထိုးဖြင့် ဘာစကားမှဆက်မပြောနိုင်တော့ပါ။ တော်တော့ကို ခေါင်းမာလွန်းသည့်မိန်းကလေးမျိုးပါလား။

ကားကိုသာ ခြံထဲမောင်းဝင်နိုင်းလိုက်မိတော့သည်။ ဒီနေ့ 'ဟိန်း' နဲ့ 'ပိုး' နဲ့မင်္ဂလာကိစ္စကို 'မမနု' နဲ့သွားတိုင်ပင်လာခြင်းဖြစ်သည်။

ဒီမိန်းကလေးကို စိတ်မချတာရယ်၊ ခေါင်းမာချင်သည့် 'ဟိန်း' ကိုလန့်တာရယ်ပေါင်းပြီး မင်္ဂလာကိစ္စကိုခပ်မြန်မြန်ပဲစီစဉ်လိုက်ဖို့ တိုင်ပင်ကြတာပါ။

'ဟိန်း' ရဲ့ပုံစံကိုကြည့်ရတာကလဲ လစ်တာနဲ့ထွက်ပြေးမယ့်ပုံဖြစ်နေပါသည်။ 'ဟန်နီ' နဲ့ဖြတ်ခိုင်းတာကို နည်းနည်းကလေးမှ မနာခံဘဲ ခေါင်းငုံ့ကာနေသည်။

သူ့အဖေ၊သူ့ဘကြီးတွေ ထိုးတော့လည်း မျက်ရည်သာဝဲပြီး ငြိမ်ခံနေသည်။ ကြာလာတော့ ဆုံးမရတဲ့သူတွေပင်မောလာ



www.burmeseclassic.com

www.burmeseclassic.com



ရကာ 'ဟိန်း' အား အခန်းထဲလှောင်ပိတ်ပြီး သော့ခတ်ထားတဲ့ အဆင့်ကိုရောက်သွားရတော့သည်။

ဒီကိစ္စအတွက် တစ်အိမ်လုံး ခေါင်းတွေနောက်နေရ၏။ တစ်ခါမှ 'ဟိန်း' နဲ့ပတ်သက်ပြီး အခုလိုအခြေအနေမျိုးတွေမဖြစ်ဖူးတာကြောင့် ရင်ထဲမှာနာကျင်နေကြရသည်။

ချစ်လွန်းလို့ အရိပ်တကြည့်ကြည့်ရှိခဲ့တဲ့ လူတစ်ယောက်ကို ရန်သူတစ်ယောက်လို အော်ဟစ်ပြီးပြောဆိုနေရတာအတွက် စိတ်ထဲမှာနည်းနည်းကလေးမှ မကောင်းနိုင်ပါ။

'ဟန်နီ' နဲ့ဓာတ်လမ်းကိုဖြတ်မယ်လို့ ကတိပေးရင်နေမြဲတိုင်းပေးနေမယ်လို့ပြောပေမယ့် 'ဟိန်း' ရဲ့နှုတ်က ဖြတ်မယ်ဆိုတဲ့စကားထွက်မလာဘဲ 'ဟန်နီ့'ကိုချစ်တယ်ဆိုတဲ့စကားကိုသာထပ်တလဲလဲပြောပြောနေတဲ့အတွက် အရမ်းကိုဒေါသထွက်ကြရသည်။

ဒီကလေးဘယ်လိုဖြစ်သွားတာလဲ မပြောတတ်တော့ပါ။ အချစ်တစ်ခုက ဒီလောက်အောင်ပဲ အသိဉာဏ်တွေကိုထုံထိုင်းစေသတဲ့လား။

တစ်သက်လုံးထိန်းသိမ်းပြုစုလာတဲ့ မိသားစုဝင်တွေကို ကလန်ကဆန်လုပ်ရဲအောင် ဒီအချစ်က စွမ်းဆောင်နိုင်သတဲ့





လား။ ကိုယ့်ရဲ့ဂုဏ်သိက္ခာ၊ ကိုယ့်ရဲ့ဩဇာတည်မြဲမှုစတာတွေကိုပါ 'ဘကြီး' ဘက်ကလူကြီးတွေရဲ့စိတ်ထဲမှာ အထင်သေးမသွားစေဖို့ ထိန်းသိမ်းနေရတာက ပိုပင်ပန်းပါသည်။

'ဟိန်း' ကိုအခန်းထဲမှာပိတ်လှောင်ပြီး သော့ခတ်ထားရတဲ့အဆင့်ဆိုတာကို သိရင် ကိုယ်တွေဘယ်လောက်တောင် အရှက်ကွဲရမယ့်အဖြစ်လဲ။

လူတွေမသိရအောင် တိတ်တဆိတ်လုပ်နေကာမှ ဒီမိန်းကလေးက ပတ်ဝန်းကျင်ကိုပါသိအောင် လာလုပ်နေသလိုပါပဲ။ ရုပ်ကလေးကချောပေမယ့် သူမရဲ့စိတ်ဓါတ်ကိုတော့ မုန်းလှပါသည်။

အထူးသဖြင့် 'ဟိန်း' နဲ့ဓာတ်လမ်းကို ဖြတ်မပေးနိုင်ပါလို့ပြောသွားတဲ့စကားအဓိပ္ပါယ်တွေကို ပိုမုန်းတီးမိသည်။ ခြံရှေ့မှာလာရပ်နေတာ ဘယ်လောက်အချိန်အထိ ရပ်တန့်နေမှာပါလဲ။

အရမ်းကြီးကြာလာရင်တော့ 'ကိုမောင်' တို့ဆီကိုလှမ်းပြောပြရမှာပင်။ တိုက်ထဲမှာခေါက်တံ့ခေါက်ပြန်လမ်းလျှောက်ပြီး အခြေအနေတွေကို စောင့်ကြည့်နေလိုက်သည်။

နာရီဝက်လောက်နေတော့ အိမ်ကကောင်မလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ခြံရှေ့မှာလူရှိမရှိ ချောင်းကြည့်နိုင်းလိုက်မိသည်။

ဘယ်သူ့ကိုမှမတွေ့ရဘူးဆိုတဲ့ အဖြေကိုကြားလိုက်ရမှပင် သက်ပြင်းကိုချလိုက်မိတော့သည်။





## ၁၄

တစ်ဖက်မှာအချစ်ရေးက အဆင်မပြေဖြစ်နေတဲ့အချိန် ကျန်တဲ့တစ်ဖက်မှာက မိသားစုအရေးဖြစ်တဲ့ ဖေဖေသည်လည်း သူ့ရဲ့အိမ်ထောင်ရေးကိစ္စ အဆင်မပြေဖြစ်နေတယ်ဆိုပြီး အီးမေးပို့လာပါသည်။

ဖြစ်နိုင်ရင် 'ဟန်နီ' ပြန်လာပြီး သူနဲ့အတူနေပေးဖို့ ဖေဖေကတောင်းဆိုလာခဲ့သည်။ 'ဟန်နီ' ဘယ်လိုလုပ်ရမလဲ ချစ်တဲ့သူကိုလည်းစွန့်ခွာပြီးထားမသွားရက်သလို ဖေဖေ့ကိုလည်း တစ်ယောက်တည်း အထီးကျန်စွာမနေစေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ဘဝမှာ သံယောဇဉ်တွယ်တာစရာဆိုလို့ 'ဟန်နီ' တစ်ယောက်တည်းပဲရှိတာမဟုတ်လား။ သံယောဇဉ်မဲ့ပြီး အထီးကျန်သလိုဖြစ်နေတဲ့ဖေဖေ့ကို 'ဟန်နီ' သနားမိပါသည်။

ပြန်တော့ပြန်လာခဲ့မည်ဟုစာပြန်ခဲ့ပြီး အချိန်ကိုတော့ အတိအကျပြောမထားခဲ့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် 'ဟန်နီ' ပြန်လာမည်ဆိုတဲ့အတွက် ဖေဖေ စိတ်ထဲကျေနပ်ဝမ်းသာလိမ့်မည်ဟု ထင်မိပါသည်။

'ဟိန်း' နဲ့ ကိစ္စသာအဆင်ပြေပြေဖြစ်ခဲ့မယ်ဆိုရင် 'ဟိန်း' ကိုလည်း 'ဟန်နီ' နဲ့ အတူတူလိုက်ခဲ့ဖို့ခေါ်သွားချင်သည်။ ဒါပေမဲ့ အခုဖြစ်ပျက်နေတဲ့အခြေအနေတွေက စိတ်ကူးထားတာနဲ့ တစ်ခြားစီဖြစ်အောင်ကို လွဲချော်နေခဲ့သည်။

'ဟန်နီ' နဲ့ ပတ်သက်မိမှ 'ဟိန်း' ရဲ့ ဘဝသည်လည်းအချုပ်အနှောင်နဲ့နေရပြီ။ ချစ်ရတဲ့သူကို ကိုယ့်ကြောင့် စိတ်ဆင်းရဲမှုတွေမကြုံတွေ့စေချင်ပါ။

'ဟန်နီ' သည်ဆိုင်ကိုလည်းမသွားနိုင်တော့ဘဲ လုပ်ငန်းကိစ္စအားလုံးကို 'ကြီးကြီးနု' ကိုသာပြောပြပြီး လွှဲထားခဲ့လိုက်သည်။

'ဟိန်း' ၏ ဖုန်းကိုလည်း ခဏခဏနှိပ်ပြီးခေါ်ကြည့်မိ





သေးသည်။ ဖုန်းပိတ်ထားတယ်ဆိုတဲ့အဖြေစကားကလွဲပြီး မျှော်လင့်မိနေတဲ့ 'ဟိန်း' အသံကိုတော့မကြားခဲ့ရပါ။

'ဟိန်း' နဲ့အဆက်အသွယ်ဖြတ်ပြီး နေနိုင်သလားစဉ်းစားမိတော့ နှလုံးသားတွေကနာကျင်အောင့်မျက်လာသည်။ ခဏကလေးစဉ်းစားကြည့်မိတာတောင် နှလုံးသားတွေနာကျင်ရရင် တကယ်များဆိုရင်တော့ ခက်ရချည်ရဲ့။

ဟင့်အင်း 'ဟိန်း' နဲ့မခွဲနိုင်ပါဘူး။ 'ဟန်နီ' 'ဟိန်း' ကိုသိပ်ချစ်နေမိပါပြီ။ ရင်ထဲမှာသိပ်ကိုချစ်ရသော ချစ်သူအတွက် 'ဟန်နီ' အက်ကဘာများလုပ်ပေးနိုင်မလဲ။ မာနဆိုတာတွေကို 'ဟန်နီ' ဘေးဖယ်ထားမှဖြစ်မည်။

'ဟိန်း' ကိုတကယ်ချစ်မိပြီဆိုမှတော့ သူနဲ့ပတ်သက်တဲ့ ဆွေမျိုးတွေကိုလည်း 'ဟန်နီ' ဘက်ကချစ်နိုင်ရမည်။ သည်းခံနိုင်ရမည်။ 'ဟိန်း' နဲ့ တွေ့ခွင့်ရနိုင်ဖို့က နည်းလမ်းတစ်လမ်းပဲရှိပါသည်။

တင်းကြပ်နေတဲ့စိတ်တွေကို ဖြေလျှော့လိုက်ပြီး 'ဟန်နီ' သည် ဈေးကိုသွားကာ ပန်းစည်းလှလှကြီးတွေ ဝယ်ပစ်လိုက်သည်။ ဘုရားကပ်ဖို့ဆိုပြီး ပေးလိုက်ရင်ဘယ်သူကငြင်းနိုင်မှာမို့လို့လဲ။ အဓိက က 'ဟန်နီ့' ကိုသူတို့ခြံထဲ ပေးဝင်ဖို့ပဲဒိုသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟိန်း' တို့ရဲ့ခြံတစ်ခါးဝမှာ ကားကိုရပ်လိုက်ပြီး ဟွန်းသံပေးမိသည်။ ခြံစောင့်အဖိုးကြီးက ချောင်းကြည့်ပေါက်လေးကနေ 'ဟန်နီ့' အားကြည့်နေလေသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲကွယ်"

" 'ပိုးဝါနု' တို့အိမ်ကပါ ဘကြီးရဲ့ ဘုရားပန်းတွေလမ်းကြုံပို့ခိုင်းလို့လာပို့ပေးတာပါ"

"ဪ အေး အေး ခဏလေးနော်"

ခြံတစ်ခါးက လွယ်လွယ်ကူကူပွင့်သွားတော့မှပဲ 'ဟန်နီ' မှာ သက်ပြင်းခိုးချရတော့သည်။ ကားလမ်းအတိုင်းမောင်းဝင်လာခဲ့ပြီး ကားကိုတိုက်ကြီးရဲ့ဆင်ဝင်အောက် ရှေ့တည့်တည့်မှာမရပ်ရဲတာကြောင့် ဘေးဘက်မှာသာထိုးရပ်မိလိုက်သည်။

ပန်းစည်းကြီးကိုကိုင်ထားတဲ့ 'ဟန်နီ' ရဲ့လက်တွေက စိတ်လှုပ်ရှားမှုကြောင့် တုန်ရီနေရလေသည်။ 'ဟိန်း' ကိုချစ်လွန်းလို့သာ ဒီလိုမျိုးမျက်နှာပုပ်ခံပြီး တောင်းပန်ရမယ့်အဖြစ်မျိုးကို ဖန်တီးမိတာပါ။

'ဟန်နီ' ရဲ့လုပ်ရပ်ကိုဖေဖေသာသိခဲ့ရင် ကောင်းကောင်းကြီးအပြစ်ပြောခံထိတော့မှာပါ။ အိမ်တံခါးဝမှာ 'ဟိန်း' ပြောပြဖူးတဲ့ 'မမယွန်း' ကကြိုစောင့်ကာနေသည်။ ရုတ်တရက် 'ဟန်နီ'





ကိုမြင်ပြီ မျက်လုံးပြူးကြီးနဲ့ကြည့်နေသည်။ သူ့စိတ်ထဲမှာ 'ပိုး' တို့အိမ်က တစ်ယောက်လို့ပဲမှတ်ထားမှာပေါ့လေ။ 'ဟန်နီ' က မျက်နှာကို အချိုသာဆုံးပြုံးပြပြီး နှုတ်ဆက်လိုက်ပါသည်။

" 'မမယွန်း' နေကောင်းလား.. 'ဟန်နီ' ဘုရားပန်းတွေယူလာပေးတာပါ"

'ဟန်နီ' ထက်တစ်နှစ် နှစ်နှစ်လောက်အသက်ပိုကြီးနိုင်တာကြောင့် 'ဟိန်း' ခေါ်သလိုမျိုးပဲ 'မမယွန်း' လို့ခေါ်လိုက်မိသည်။ 'ယွန်း' စိတ်ထဲမှာလည်း မမျှော်လင့်ဘဲ 'ဟန်နီ့' ကိုတွေ့လိုက်ရတာကြောင့် လူကနတ်ပူးသလိုကို တုန်ခါသွားခဲ့ရပါသည်။ အိမ်က လူကြီး တွေသိရင်တော့ မိုးမီးလောင်ကုန်တော့မည်။

'ဟန်နီ့' ကြောင့် အိမ်တွင်းရေးအခြေအနေ ပွက်လောရိုက်နေခဲ့တာ အိမ်ရှိလူအားလုံးတစ်ရက်မှကို စိတ်မချမ်းသာနိုင်ကြပါ။ 'ယွန်း' ကတော့မောင်လေးအရင်းလို ချစ်ခင်ရသော 'ဟိန်း' ကိုသာသနားနေမိသည်။ 'ဟန်နီ့' အပေါ်ထားသော 'ဟိန်း' ရဲ့ အချစ်ကိုသနားမိပေမယ့်လည်း 'ယွန်း' အနေနဲ့အားမပေးရဲချေ။

ဒီအိမ်ရဲ့မူအရ အကြီးတွေစကားကို အငယ်တွေက နာခံလိုက်နာရတာ ထုံးစံပဲမို့ 'ဟိန်း' လည်းတစ်နေ့ လူကြီးတွေရဲ့ ဆန္ဒကိုလိုက်လျောရမှာ ကျိန်းသေနေပါသည်။ 'ယွန်း' ကတော့လူ


www.burmeseclassic.com

www.burmeseclassic.com



ငယ်ပီပီ 'ဟိန်း' တကယ်ချစ်မြတ်နိုးသော မိန်းကလေးမျိုးနဲ့သာ ပေါင်းဖက်စေချင်သည်။

'ဟန်နီ' သည်လည်း ကောင်းမွန်သောမိန်းကလေးတစ် ယောက်ပါပဲ။ ဒါပေမဲ့ လူကြီးတွေရဲ့ဆန္ဒက 'ပိုး' နဲ့သာသဘောတူ နေတဲ့အတွက် 'ဟန်နီ' အတွက်နေရာဆိုတာမရှိနိုင်တော့ပါ။ 'ယွန်း' သည် 'ဟန်နီ' အား သနားတာကြောင့် မြန်မြန်ပြန်သွားဖို့ ကိုပဲ တိုက်တွန်းမိပါသည်။

"ဘုရားပန်းတွေယူလာပေးတဲ့အတွက် ကျေးဇူးတင်ပါ တယ် ညီမရယ်... မမတစ်ခုပြောချင်တယ်... 'ဟိန်း' နဲ့တွေ့ဖို့ဆို ရင်တော့ တွေ့ခွင့်ရနိုင်မယ်မထင်ဘူး"

"'ဟန်နီ' နားလည်ပါတယ် 'မမယွန်း' ရယ်... 'ဟိန်း' နဲ့တွေ့ခွင့်ရတာမရတာထက် 'ဟိန်း' ရဲ့အုပ်ထိမ်းသူတွေကိုတွေ့ ပြီး တောင်းပန်ချင်လို့ပါ... 'ဟန်နီ' နဲ့ 'ဟိန်း' ရဲ့ကြားမှာ ဘာကွာ ခြားချက်တွေများရှိနေသလဲ သိချင်တယ်... 'ဟန်နီ' ဘက်ကလို အပ်တာတွေ မှားတာတွေရှိရင်လည်း 'ဟန်နီ' ပြင်ပါ့မယ် 'မမ ယွန်း'"

'ယွန်း' လည်းဘာပြန်ပြောရမှန်းမသိတော့ပါ။ဒီအ ချိန်မှာပဲ 'အန်တီခင်' ရဲ့အသံကိုကြားလိုက်ရပါသည်။





"ညေ့သည်ကိုအိမ်ထဲခေါ်လေ 'ယွန်း' ရယ်... အိမ်ပေါက် ကြီးမှာ အားနာစရာ... ဟင်..."

'အန်တီခင်' ရဲ့စကားသံက တစ်ဝက်တပျက်နဲ့တင် ရပ် တန့်သွားတော့သည်။ 'ဟန်နီ' ကိုကြည့်ပြီ မျက်နှာကဒေါသ ကြောင့်ချက်ချင်းလိုနီမြန်းလာလေသည်။

"မင်းအတင့်ရဲလှချည်လားကွယ်... ဒီလောက်ထိပြောဆို နေတာတောင်မှ မင်းဘက်ကမနာကြည်းနိုင် မမေ့နိုင်ရအောင် ဖြစ်နေတာဘာကြောင့်လဲ... ငါတို့မိသားစုကိုသက်သက်မဲ့ အငြိုး အတေးတွေထားပြီး စိတ်ဆင်းရဲစေချင်တာလား... မင်းနဲ့ပင်ပ သက်မိလို့ 'ဟိန်း' တစ်ယောက်ဘယ်လောက်တောင် ဒုက္ခတွေ တွေ့နေရသလဲ မင်းသိသလား... မင်းဘက်ကသာ 'ဟိန်း' ကိုတ ကယ်ချစ်တာမှန်ရင် ဒီလောက်အထိဒုက္ခပေးနေမှာမဟုတ်ဘူး... မင်း မြန်မြန်ပြန်ပါကွယ်"

"ဒုက္ခဆိုတဲ့စကားကို အန်တီမပြောပါနဲ့... 'ဟန်နီ' ဘက်က ဘာဒုက္ခတွေများပေးနေလို့လဲ... 'ဟိန်း' ကိုချစ်မိတာတစ် ခုပဲရှိပါတယ်... အချစ်မပါတဲ့အိမ်ထောင်ရေးကို အန်တီတို့ကဖန် တီးချင်နေတာလား... 'ဟိန်း' ကို အန်တီတို့ တကယ်ချစ်တာမှန်ရင် စိတ်ချမ်းသာအောင်လုပ်ပေးသင့်တာပေါ့... 'ဟိန်း' တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



လုံး မပျော်ရွှင်ရတဲ့ဘဝမျိုးထဲမှာ နေရဖို့မဖန်တီးသင့်ပါဘူး”

“အံမယ်လေး ‘ဟိန်း’ ကိုအကြောင်းပြပြီး ညည်းဘက်က ညည်းယက်တဲ့စကားတွေပြောနေတာပဲ... နောက်မှဖြစ်မယ့်ကို တွေ နောက်မှပဲကြည့်ရှင်းမယ်ဟေ့... ‘ဟိန်း’ တစ်ယောက် ဒီအ သက်အရွယ်ထိရောက်အောင် ငါတို့ပဲပြုစုပျိုးထောင်လာခဲ့တာ ဘေးလူကဝင်ပူပေးနေစရာမလိုဘူး... ပြန် ပြန် ပြန်လိုက်တော့ ‘ယွန်း’ တံခါးကိုပိတ်လိုက်... ဆက်ရပ်နေရင် ငါ ရဲစခန်းကိုဖုန်း ဆက်ပစ်လိုက်မယ်”

‘ယွန်း’ ‘အန်တီခင့်’ ကိုကြောက်ရတာမို့ သံဘာဂျာတံခါး ကို ဆွဲပိတ်ပစ်လိုက်ရသည်။ အိမ်ခန်းထဲမှာတော့ ယောက္ခမဖြစ်သူ ‘ဒေါ်တင်မကြီး’ အား ‘အန်တီခင်’ ကအကြောင်းစုံကိုရှင်းပြ လေသည်။

“မမကိုပါလှမ်းခေါ်လိုက်ရောပေါ့ ‘ခင်’ ရယ်... အပေ ထပ်ကနေ ‘ခင့်’ အသံကိုကြားနေရတယ်... ဘာမှန်းမသိလို့သ ဆင်းမလာခဲ့တာ... ‘ဟိန်း’ တစ်ယောက်ကလည်း ဆန္ဒပြနေတာ ထက်ထိ ခွဲမလျှော့နိုင်သေးဘူးလေ... အခန်းထဲပို့ပေးထား ထမင်းလင်ဗန်းကဒီအတိုင်းပဲတဲ့ တော်ကြာ အားပြတ်ပြီးလဲသွာ ရင်တော့ဒုက္ခပါပဲ”





“သူ့ဘကြီးတွေကတော့ ဒီအတိုင်းပဲပစ်ထားလိုက်လို့ ပြောတာပဲ... ‘ခင်’ ကတော့ ‘ဟိန်း’ တစ်ခုခုဖြစ်သွားမှာပဲ စိုးရိမ် နေတယ်... နှစ်သိမ့်တဲ့စကားတစ်ခုခုပြောပြီး စည်းရုံးရင်ကောင်းမ သားစဉ်းစားနေတာ... ‘ယွန်း’ ကိုကြားဝင်ခိုင်းရင် အဆင်ပြေနိုင် ဘယ်လေ... သူ့အစ်ကိုရဲ့စကားဆိုရင်လည်း ငြင်းဆန်မယ်တော့ သိပ်မထင်ဘူး”

“အင်းလေ သေချာတိုင်ပင်ပြီးလုပ်ကြဘာပေါ့”

‘ဟိန်း’ အား စည်းလုံးနိုင်မည့်နည်းလမ်းတွေကို ‘ဒေါ်ခင် ခင်လေး’ နှင့် ‘ဒေါ်တင်မကြီး’ ခေါင်းချင်းဆိုင်ကာ တိုင်ပင်နေမိ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

လှောင်ပိတ်ခံထားရတဲ့ဘဝကို 'ဟိန်း' ရဲ့ရင်ထဲမှာ အ
တော်လေးခါးသီးနေတာကြောင့် ဒီအိမ်ကြီးကနေ လွတ်ထွက်
သွားဖို့ကိုသာ အချိန်တိုင်းစဉ်းစားနေဖြစ်တော့သည်။

'ဟန်နီ' နဲ့ ကိစ္စကို လူကြီးတွေဘက်ကနည်းနည်းလေး
တောင်နားလည်မှုမပေးဘဲ တင်းမာပြင်းထန်နေတဲ့အတွက် 'ဟိန်း'
ဘက်ကထပ်ပြီး တောင်းပန်ဖို့ မစဉ်းစားဖြစ်တော့ပါ။

ထပ်ပြောနေရင်ပိုပြီး အခြေအနေဆိုးလာမှာ စိုးတာ





ကြောင့် ရင်ထဲမှာဖြစ်ချင်နေတဲ့ဆန္ဒတွေကို အကောင်အထည်
ဖေါ်ဖို့ပဲ ဆုံးဖြတ်လိုက်ပါသည်။

'ဟိန်း' ရဲ့လက်ထဲမှာ ပိုက်ဆံအနည်းငယ်ရှိသည်။ ကိုယ်
မှာဝတ်ဆင်ထားတဲ့ ရွှေထည်ပစ္စည်းတချို့နဲ့ပါပေါင်းရင် နေထိုင်
ဖို့အတွက်အဆင်ပြေနိုင်ပါသည်။

'ဟိန်း' ဘက်ကတစ္ဖတ်ထိုးမလုပ်ချင်ပေမယ့် အခြေအ
နေတွေက ဒီအတိုင်းဖြစ်လာခဲ့ပြီဆိုတော့ သတ္တိကိုမွေးလိုက်ရပါ
သည်။ 'ပိုးဝါနု' နဲ့တော့အတူမနေချင်ပါ။

မချစ်မနှစ်သက်တဲ့သူနဲ့ အတူနေရတဲ့ဒုက္ခသည် တွေး
ကြည့်ယုံနဲ့တင် 'ဟိန်း' အတွက်ခါးသီးလွန်းနေရတာကြောင့် အ
ပြင်ကိုထွက်ဖို့ဆုံးဖြတ်လိုက်မိတာပါ။

အိမ်ကလူတွေအားလုံးကလည်း 'ဟိန်း' ဘက်ကခု
လောက်အထိ အတင့်ရဲရဲလုပ်လိမ့်မယ်လို့ တွေးထင်ထားပုံမရကြ
၍ အခွင့်အရေးရတုန်းကြိုးစားမှဖြစ်ပါမည်။

'ဟိန်း' သည်အိမ်မှာလူရှင်းတဲ့ နေ့ခင်းပိုင်းအချိန်လောက်
ကို ရွေးချယ်ထားလိုက်သည်။ 'ကြီးကြီးခင်' တို့က 'ဟိန်း' ရဲ့အ
ခန်းပေါက်ဝနားလောက်မှာ အမြဲလိုလိုရှိနေတတ်တာကြောင့်
အိမ်တွင်းကနေထွက်ပြေးဖို့က မ လွယ်ကူလှချေ။



www.burmeseclassic.com

www.burmeseclassic.com



'ဟိန်း' ရဲ့ အခန်းပြူတင်းပေါက်ကနေသာ လွတ်သင ခုန်ချဖို့ဆုံးဖြတ်ရတော့သည်။ အခန်းထဲမှာရှိသောကြိုးတစ်ချို့နဲ့ စောင်တို့ကိုသေချာခိုင်မြဲအောင်ဆက်ချည်ပြီး 'ဟိန်း' ကြောက် ကြောက်လန့်လန့်နဲ့ အောက်ရောက်အောင်ခုန်ချရသည်။

ခေါတစ်ခုကပဲ်နေတာကြောင့်လည်း ထိခိုက်ပွန်းပဲ့တဲ့ ဒဏ်ရာတွေလောက်ကို နာကျင်မနေနိုင်အားပါ။ ခြံထိပ်ကိုရောက် အောင် အားကုန်ဆက်ပြေးရလေသည်။

"ဟာ 'ဟိန်း' ဘယ်လိုရောက်လာတာလဲ... ဘယ်သွားမ လို့လဲ"

"ကျွန်တော်သွားတော့မယ်"

"လူကြီးတွေသိရဲ့လား"

"မသိဘူး"

ခြံစောင့်ဘကြီးက 'ဟိန်း' ရဲ့လက်ကိုဆွဲထားပြီးနောက် လွတ်ထွက်သွားမှာစိုးလို့ ကိုယ်ခန္ဓာကိုပါဖက်ထားလိုက်လေ သည်။

ခြံတံခါးက ဂျက်သာထိုးထားပြီး သော့မခတ်ထားတာက 'ဟိန်း' အတွက်ကံကောင်းစေပါသည်။ ဘကြီးကိုအားနာမိပေမယ့် ခြံထဲကလွတ်သွားဖို့က 'ဟိန်း' အတွက်ပိုအရေးကြီးနေတာကြော





နောက်ပြန်တွန်းထုတ်ကာ အပြေးထွက်လာခဲ့လိုက်ပါသည်။

ဘယ်ကိုသွားရမလဲ အရင်စဉ်းစားရသည်။ အခုချိန်မှာ အန်ဖိုးကြီးသော ဟိုတယ်တစ်ခုမှာလည်း မတည်းနိုင်ပေ။ ဘယ် အချိန်လောက်အထိ နေနေရမယ်ဆိုတာ မသိနိုင်တာကြောင့်ဈေး ပေါသောတည်းခိုခန်းတစ်ခုကိုသာ ရွေးချယ်လိုက်ရသည်။

သာမန်အဆင့်မျှသာရှိသော အခန်းရဲ့အပြင်အဆင်ကို ကြည့်ပြီး ကိုယ့်အိမ်ကလိုလေသေးမရှိအောင် ပြည့်စုံလှသောအ ခန်းကို ပြန်မြင်ယောင်လာမိတဲ့အတွက် ခေါင်းကိုခါပစ်လိုက်မိ သည်။

ထွက်လာခဲ့ပြီးနေမှတော့ ဘာကိုမှပြန်ပြီးလွမ်းဆွတ် တမ်းတနေစရာ ဘာလိုတော့သလဲနော်။ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ် ဘဝတစ်ခုကိုတည်ဆောက်နိုင်ရပါမည်။

'ဟိန်း' ရင်ထဲမှာ 'ဟန်နီ' နဲ့တွေ့ချင်နေပြီ။ 'ဟန်နီ့' လက်ကိုတွဲပြီး နေရာအနှံ့လျှောက်သွားပစ်ချင်နေပြီ။ လမ်းဘေး ဖုန်းကနေပဲ 'ဟန်နီ့' ဆီကိုဖုန်းခေါ်လိုက်မိသည်။

'ဟိန်း' အိမ်ကနေဆင်းလာတာကို 'ဟန်နီ' သိရင်စိတ်မ ကောင်းဖြစ်နေမှာစိုးတာကြောင့် ဘာမှမပြောဘဲဖုံးကွယ်ထားဖို့ ဆုံးဖြတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောတဲ့ 'ဟန်နီ့' အသံက တစ်မျိုးဖြစ်ကာနေသည်။

"ကျွန်တော်ပါ... 'ဟန်နီ' နဲ့ အခုတွေ့လို့ရမလား"

"အို ရတာပေါ့... 'ဟိန်း' ဘယ်မှာရှိတာလဲ... 'ဟန်နီ' လာခဲ့မယ်လေ"

ချက်ခြင်းလိုပျော်ရွှင်တက်ကြွသွားသော 'ဟန်နီ့' လေသံကြောင့် 'ဟိန်း' စိတ်ချမ်းသာသွားရသည်။

" 'ဟန်နီ' ရှိစေချင်တဲ့နေရာမှာ ကျွန်တော်ရှိနေမှာပေါ့ ဘယ်နေရာမှာ စောင့်နေပေးရမလဲ"

"ဒီလိုဆို ကန်တော်မင်ပန်းခြံမှာ စောင့်နေလိုက်ပါလား 'ဟန်နီ' က ဆန်းမစ်မှာ ဧည့်သည်တစ်ယောက်နဲ့စကားပြောနေလို့လေ... 'ဟန်နီ' ထွက်လာတော့မယ်သိလား... 'ဟိန်း' ဘက်က အချိန်ရရဲ့လားဟင်"

"ရပါတယ် ကျွန်တော်စောင့်နေမယ်နော်"

'ဟိန်း' ရှိနေတဲ့နေရာနဲ့ ချိန်းတဲ့နေရာက အတန်ငယ်အလှမ်းဝေးသည်။ လိုင်းကားလည်းမစီးတတ်သေးတာကြောင့်တက်စီတစ်စီးငှားပြီးသာ လာခဲ့လိုက်သည်။

ပန်းခြံအဝင်ဝက ကားပါကင်နေရာမှာ 'ဟန်နီ' ကအရင်ကြိုရောက်ပြီး ရပ်စောင့်နေရှာသည်။ ကျောပေးထားတဲ့အတွက်





'ဟိန်း' ရောက်လာတာကိုမတွေ့သေးချေ။ ခြေလှမ်းကိုခပ်ဖွဖွလေးလှမ်းပြီး ပခုံးလေးကိုပုတ်လိုက်မိသည်။

"ဟိတ်..."

'ဟန်နီ' က 'ဟိန်း' အားအံ့ဩသလို၊ မယုံသလိုကြည့်နေသည်။ ကြည့်နေရင်ဲ'နဲ့ မျက်ရည်တွေလည်းဝဲတက်လာလေသည်။

"ကားကိုဘယ်မှာ ရပ်ထားခဲ့တာလဲ"

"ကားမယူလာဘူး 'ဟန်နီ' ရဲ့... လွတ်လွတ်လပ်လပ်သွားချင်လို့ အားလုံးထားခဲ့တယ်..."

"အကြာကြီးနေလို့ကော ရရဲ့လား"

"သိပ်ရတာပေါ့"

"ဟုတ်ရဲ့လား... ဒီလောက်ကြီးမြန်မြန်ဆန်ဆန် ဘာလို့ပြောင်းလဲသွားရတာလဲ... အံ့ဩစရာကြီး"

"မအံ့ဩနဲ့တော့... ကျွန်တော့်ကိုထိန်းမနိုင်တော့လို့ မပြောကြတော့ဘူး... လုပ်ချင်တာလုပ်တော့ဆိုပြီး လွှတ်ပေးလိုက်ကြတာပဲ"

'ဟန်နီ' ကမျက်ခုံးကိုရှုံ့ရင်း...

" 'ဟန်နီ' အိမ်ကိုရောက်လာတာကို 'ဟိန်း' သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



လား"

"အိမ်ကို..."

'ဟိန်း' ဘာမှကိုမသိပါ။ 'ဟန်နီ' ကိုဘာတွေများပြောပြီး မောင်းထုတ်လိုက်ကြသလဲမသိပါ။

"ဟုတ်တယ်လေ... 'ဟိန်း' ကိုတွေ့ချင်လွန်းလို့ လိုက်လာခဲ့တာ"

"ဘယ်သူနဲ့တွေ့လဲ"

" 'ဒေါ်ခင်ခင်လေး' နဲ့ "

'ဟန်နီ' ကပြောနေရင်းမျက်ရည်တွေကျလာခဲ့သည်။ တသိမ့်သိမ့်ရှိုက်ငိုနေသော 'ဟန်နီ' ကိုကြည့်ပြီး ရင်ထဲမှာဘယ်လိုခံစားနေရတယ်ဆိုတာ 'ဟိန်း' ခန့် မှန်းကြည့်နိုင်သည်။

'ကြီးကြီးခင်' ရဲ့နစ်နစ်နာနာစကားတွေကို 'ဟိန်း' တောင်မှနာ ကြည်းခဲ့သေးတာပဲလေ။

" 'ဟန်နီ' ကျွန်တော့်ကို မုန်းသွားပြီလား"

" 'ဟိန်း' ရယ်... မမုန်းနိုင်လို့ချိန်းတဲ့နေရာကို ရောက်အောင်လာခဲ့တာပေါ့"

'ဟန်နီ' ရဲ့ ပါးပေါ်ကမျက်ရည်တွေကို 'ဟိန်း' ကသုတ်ပေးလိုက်ကာ ကစားကွင်းဘက်ဆီခေါ်လာခဲ့လိုက်သည်။





"ဘယ်သွားမှာလဲ 'ဟိန်း' ရဲ့"

"သရဲအိမ်ကြီးကိုသွားမယ်လေ"

"ဟင် ကလေးလည်းမဟုတ်ဘဲနဲ့ လျှောက်ဆော့နေချင်တယ်"

'ဟိန်း' တွေးလိုက်မိတာက သရဲအိမ်ကြီးထဲရောက်ရင် ထိတ်လန့်ပြီးကြောက်ရွံ့နေရှာမယ့် 'ဟန်နီ' ကိုခပ်တင်းတင်းကလေးဖက်ထားမယ်လို့ပါ။

ဒါက 'ဟိန်း' ရဲ့အတွေးပါ။ တကယ်တမ်းကြတော့ ကိုယ်တွေးထားတာနဲ့ပြောင်းပြန်ဖြစ်ပြီး ဘေးလူတွေအတွက် ရယ်စရာတောင်ဖြစ်ခဲ့ကြပါသေးသည်။

ယောကျ်ားလေးနဲ့ မိန်းကလေး ဘယ်သူကကြောက်စိတ်ပိုတယ်ဆိုတာ 'ဟိန်း' တို့နှစ်ယောက်ကပြောင်းပြန်။ သရဲအိမ်ကြီးထဲကိုဝင်လိုက်တာနဲ့ ခြောက်ခြားစရာကောင်းလောက်အောင် အသံတွေကဆူညံပြင်းထန်လွန်းနေသည်။

စစချင်းဝင်လိုက်တာနဲ့တင် လူသေအရိုးစုကြီးက ကြိုဆိုလိုက်တာကြောင့် 'ဟိန်း' တုန်သွားရသည်။ ခြေလှမ်းတုံ့သွားတဲ့ 'ဟိန်း' ကို 'ဟန်နီ' က အနောက်ကနေတွန်းထုတ်ရင်းရယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော်ချော ဆက်သွားလေ... ဘာတွန့်ဆုတ်တွန့်ဆုတ်လုပ်နေတာလဲ... ယောကျ်ားကြီးဖြစ်ပြီး ကြောက်မနေနဲ့"

ကြောက်မနေနဲ့လို့ပြောမှ ပိုကြောက်နေမိသည်။ လူက ကြောက်စိတ်နဲ့ချွေးတွေ ပြန်လာရကာ ဒူးတွေပင်ညွတ်ကွေးချင်လာရသည်။

ကြောက်လန့်စရာကောင်းတဲ့ အသံတွေက နားထဲမှာအူကာ အသက်ရှူရတာပင် ပင်ပန်းသလိုမျိုးအထိ ခံစားလာခဲ့ရတော့သည်။

ခြေလှမ်းကလည်း ရှေ့သို့ဆက်မတိုးတော့ပါ။ 'ဟန်နီ' က 'ဟိန်း' ရဲ့ပခုံးကိုပုတ်ရင်း...

"သွားလေ 'ဟိန်း' ရဲ့... ဘာဖြစ်နေတာလဲ"

"ဟင့်အင်း..."

ချွေးစေးတွေနဲ့ရွှဲနေသော 'ဟိန်း' ရဲ့လက်ကို 'ဟန်နီ' က ဆုပ်ကိုင်မိပြီး...

"ကြောက်နေတာလား... ချွေးတွေကိုရွှဲနစ်နေတာပဲကြည့်စမ်း... 'ဟန်နီ' ရှေ့ကနေသွားရမလား"

'ဟိန်း' ခေါင်းကိုသာ ညိတ်ပြနိုင်သည်။ 'ဟန်နီ' ကထိတ်လန့်တုန်လှုပ်နေသော 'ဟိန်း' ရဲ့မျက်နှာကိုကြည့်ပြီး ရယ်ချင်နေ





ပုံရသည်။

ယောကျ်ားသားကို အားကိုးရမလားထင်မိပေမယ့် မိန်းကလေးဖြစ်တဲ့သူက ရှေ့ကနေဦးဆောင်ပြီးသွားရတဲ့အဖြစ်မျိုးဆိုတော့လည်း 'ဟန်နီ' ရယ်ချင်နေတာ ဆန်းတော့မဆန်းပါ။

'ဟန်နီ' က 'ဟိန်း' ရဲ့လက်ကိုဆွဲခေါ်နေပေမယ့် 'ဟိန်း' ရဲ့ခြေလှမ်းတွေက ထင်သလောက်မရွေ့နိုင်ဖြစ်နေသည်။ ဗိုက်ကြီးသည်မိန်းမကြီး အသက်ထွက်နေပုံက တကယ့်ကိုကြောက်လန့်စရာကောင်းနေရသည်။

'ဟိန်း' သည် ကြောက်လွန်းလို့ ကိုယ်ခန္ဓာကိုပုကာ 'ဟန်နီ' ရဲ့ကျောပြင်မှာမျက်နှာကို ဝှက်ထားလိုက်မိသည်။

"'ဟိန်း' ကလည်းကွာ... အရုပ်ကြီးတွေမှန်းသိရဲ့သားနဲ့ ဒီလောက်ကြောက်မနေနဲ့ ထကွာ... ဘာထိုင်လုပ်နေတာလဲ... အပြင်ကလူတွေ တီဗွီထဲကနေကြည့်ပြီး ရယ်နေကြမှာကိုမရှက်ဘူးလား"

"မရှက်နိုင်ဘူး"

"ဒီလိုကြောက်နေရင် ရှည်ပြီးဘာလို့ဝင်ချင်သေးလဲ"

"ဒီလောက်ကြောက်ရမယ်မှန်းမသိလို့ပေါ့... ကျွန်တော်က 'ဟန်နီ' ကြောက်ရင်ဖက်ပြီး အားပေးချင်လို့ ဝင်ကြည့်မိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ရယ်ရတယ်... အခုတော့ပြောင်းပြန် သူကကြောက်ပြီး သူ့ကိုပဲဒီကပြန်ဖက်ပြီး အားပေးနေရတယ်... အကြိကတော့ကြီးပါ... အကောင်အထည်မဖော်နိုင်တာသာရှိမယ်"

ဒီလိုနဲ့ပဲအပြင်ကို ပြန်ရောက်ခဲ့ပါသည်။ ချွေးတွေရွှဲနစ်နေတဲ့ ကျွန်တော့်ကိုကြည့်ပြီး 'ဟန်နီ' က သူ့လက်ကိုင်ပုဝါနဲ့ နေရာအနှံ့လိုက်သုတ်ပေးလေသည်။

"တော်ပြီ အေးအေးဆေးဆေးထိုင်ပြီး စကားပဲပြောတော့မယ်... ပုဆိုးတွေပါရွှဲနေတာပဲ... ချွေးလားသေးလားတော့မသိဘူး... ကြည့်လည်းလုပ်ဦး 'ဟိန်း' ရေ"

"ချွေးတွေပါ 'ဟန်နီ' ရာ... သေးတော့မထွက်သေးပါဘူး ကျွန်တော်အခုဗိုက်ဆာနေပြီ... တစ်ခုခုသွားစားကြရအောင်"

"ဘယ်ဟိုတယ်မှာ စားမှာလဲ"

"ဟိုတယ်မှာမစားတော့ပါဘူး... ကြုံတဲ့ဆိုင်တစ်ဆိုင်ဆိုင်မှာပေါ့"

" 'ဟိန်း' က စားနိုင်လို့လား"

"ဗိုက်ပြည့်ဖို့ကအဓိကပဲ... ဘာလို့မစားနိုင်ရမှာလဲ"

'ဟန်နီ' က မယုံသလို 'ဟိန်း' အားကြည့်နေလေသည်။





ဘယ်ယုံပါ့မလဲလေ။ 'ဟိန်း' အနေနဲ့တကယ့်ကို လမ်းဘေးဆိုင်တန်းတွေမှာ တစ်ခါမှမစားဖူးခဲ့ချေ။ ကျောင်းတက်နေတဲ့အချိန်မှာတောင် ကျောင်းကင်တီးမှာ မထိုင်ဖြစ်ခဲ့ပါ။

'ဟိန်း' ရဲ့စိတ်က ကြီးကျယ်တာမဟုတ်ပေမယ့် ကိုယ်နေထိုင်တဲ့ပတ်ဝန်းကျင်ကိုလိုက်ပြီး အကျင့်ပါသွားခဲ့တာဖြစ်ပါလိမ့်မည်။

'ဟိန်း' အများဆုံးရောက်ဖြစ်တဲ့နေရာတွေက ဟိုတယ်ကြီးတွေ ရက်စတော့ရင့်တွေသာဖြစ်သည်။

"ဒီလိုလုပ်မယ်လေ... ဆိုင်မှာမစားတော့ဘူး... 'ဟန်နီ့' အိမ်ကိုပဲပြန်လိုက်မယ်... အိမ်မှာပဲအဝစားကျတာပေ့ါ... ညနေစောင်းလောက်မှပြန်ကွာ... တစ်ရက်တလေ 'ဟန်နီ့' အနားမှာအကြာကြီးနေပေး"

"ရတယ် 'ဟန်နီ' သဘော"

အစည်းအတားတွေမရှိသော 'ဟန်နီ့' ရဲ့အိမ်က 'ဟိန်း' အားပျော်ရွှင်မှုတွေ များစွာပေးနိုင်ခဲ့လေသည်။ နှစ်ယောက်သားသီချင်းတွေဆိုကြ၊ စကားတွေပြောကြ၊ မောလာရင်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြနဲ့ အချိန်တွေကကုန်လို့ကုန်မှန်းမသိအောင် ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းရောက်လာတော့ 'ဟိန်း' က ပြန်ဖို့ပြင်မိသည်။ 'ဟိန်း'ပြန်တော့မယ်ဆိုတော့ 'ဟန်နီ့'ရဲ့မျက်နှာကညှိုးသွားခဲ့သည်။

"မနက်ဖြန်လည်းလာဦးမယ်လေ... 'ဟန်နီ' အိမ်ကပဲစောင့်နေ... မောင်လာခဲ့မယ်"

'ဟိန်း' က သူ့ကိုယ်သူ မောင်လို့ပြောတာကိုသဘောတွေ့နေသည်။ 'ဟန်နီ' ကလည်း 'ဟိန်း' အကြိုက်မောင်လို့ပဲပြန်ခေါ်ခဲ့ပါသည်။

"တကယ်ကော လာနိုင်ပါဦးမလား... မောင့်ဘက်ကအခြေအနေမောင်အသိဆုံးပဲဟာ အခု အိမ်ပြန်ရောက်ရင်တောင်ဘယ်လိုဖြစ်မယ်မှန်း သိသေးတာမဟုတ်ဘဲနဲ့"

"ကတိပေးတယ်ကွာ"

'ဟန်နီ' က 'ဟိန်း' ရင်ခွင်ထဲပြေးဝင်ကာ ခပ်တင်းတင်းဖက်ထားလိုက်လေသည်။

"မောင့်ကို 'ဟန်နီ' တကယ်ချစ်တာသိလား... ဘယ်လိုအခက်အခဲတွေပဲရှိနေရှိနေ မောင်နဲ့မခွဲနိုင်ဘူး"

"မောင်လည်း အတူတူပါပဲ 'ဟန်နီ' ရယ်"

အပြန်ကျတော့ 'ဟန်နီ' က 'ဟိန်း' တို့နေတဲ့လမ်းထိပ်





ထိ ကားနဲ့ပြန်ပို့ပေးခဲ့သည်။ 'ဟန်နီ့' ရဲ့ကားမြင်ကွင်းကနေ ကျော်သွားတော့မှပဲ တက္ကစီတစ်စီးကိုငှားပြီး တည်းခိုခန်းရှိရာသို့ 'ဟိန်း' ပြန်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

တစ်ပတ်လောက် မောင်ရဲ့အုပ်ထိန်းသူတွေနဲ့ ပတ်သက်ပြီး အနှောင့်အယှက်တစ်စုံတရာမတွေ့ရတဲ့အခါကျတော့ 'ဟန်နီ့'စိတ်ထဲ တစ်မျိုးဖြစ်ကာလာသည်။

မောင့်ရဲ့အသိုင်းအဝိုင်း ဘယ်လောက်မာနကြီးတယ် ဘယ်လောက်ခက်ထန်တယ်ဆိုတာကို ကိုယ်တွေ့ကြုံခဲ့ဖူးတဲ့ 'ဟန်နီ'သည် အခုလိုမောင့်အား လက်လွှတ်စပယ် လုပ်ချင်ရာလုပ်စေဆိုပြီး လွှတ်ထားတဲ့ပုံစံမျိုးကို အံ့ဩကာနေသည်။





'ဟန်နီ' နဲ့သဘောတူနိုင်ဘူးဆိုတာကို လူကြီးတွေဘက်ကအမြဲတမ်း ပြောနေကြစကားပါ။ အခု 'ဟန်နီ့'ရဲ့အိမ်မှာအချိန်အတော်များများ မောင်ရှိနေခဲ့တာကို သူတို့တွေမသိဘဲနေကြမှာမဟုတ်။

မောင့်အားအမြဲတမ်း အရိပ်လိုကြည့်နေတတ်တဲ့သူတွေအဖို့ မောင်ဘာလုပ်နေတယ်ဆိုတာကို စောင့်ကြည့်နေကြမှာဖြစ်သည်။

'ဟန်နီ' ကသာမောင့်ကိုယ်စား ရင်တွေပူနေမိပေမယ့် မောင်ကတော့ နောက်ကြောင်းရှင်းနေသလိုမျိုး ခပ်အေးအေးရှိသည်။

အလုပ်ကိုလည်းမသွားတော့ပါ။ 'ဟန်နီ'သွားသမျှနေရာတွေကိုသာ လျှောက်လိုက်နေတော့သည်။ မောင်တစ်ယောက် 'ဟန်နီ့'ရဲ့ပေါင်ပေါ်မှာ ခေါင်းတင်ပြီးမဂ္ဂဇင်းတစ်အုပ်ကိုဖတ်နေလေသည်။

တအောင့်လောက်ကြာရင် မျက်လုံးတွေမှေးစင်းလာပြီး ဆိုဖာပေါ်တက်အိပ်တော့မည်။ အိပ်ယာကနိုးရင် 'ဟန်နီ့'ရဲ့ရာနာဆိုင်ကို သူလိုက်လာမည်။

ပြီးရင် သူ့အိမ်ကိုပြန်ပို့ပေးရမည်။ နေ့စဉ်ရက်ဆက်ဆို



www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုးတော့ ဒီလိုပုံစံမျိုးနေသွားလို့ ရနိုင်မယ်မထင်။

"မောင့်ကိုကြည့်ရတာ သိပ်ကိုအေးဆေးလွန်းနေတယ် 'ဟန်နီ' နဲ့ခုလိုနေနေတာကို မောင့်အိမ်ကဘာမှမပြောဘူးလား 'ပိုး' ကကော ဘယ်ရောက်နေသလဲ"

"မပြောလို့ နေ့တိုင်းလာလို့ရနေတာပေ့ါကွာ... 'ပိုး' ကိုဘေားချိတ်ထားလိုက်စမ်းပါ... ခေါင်းထဲကိုထည့်မနေနဲ့"

"မထည့်လို့မရဘူးလေ... သူကလည်းခေတ်သူမျိုးမှ ဟုတ်ဘဲ... မောင့်ကိုလွယ်လွယ်ကလေးနဲ့ အလွတ်ပေးလိုက်မှာ ကိုမဟုတ်ဘူး"

"မောင်မှသူ့ကိုမချစ်တာ... သူဘာတတ်နိုင်မှာလဲ"

"မောင်မချစ်ပေမယ့် မောင့်ရဲ့လူကြီးတွေက 'ပိုး' မှ 'ပိုး' ဖြစ်နေတာလေ... 'ပိုး' တစ်ယောက်ကလွဲပြီး မောင့်ကိုဘယ်မိန်း ကလေးနဲ့မှ သဘောတူချင်တာမဟုတ်ဘူး"

"အခုလူကြီးတွေလည်း ဘာတတ်နိုင်တော့လို့လဲ မော သဘောနဲ့မောင် နေနေတာပဲမဟုတ်ဘူးလား"

"အဲ့ဒီလိုလွှတ်ထားလိုက်တာကို 'ဟန်နီ' က အံ့သြ တာ... မောင်အလုပ်မလုပ်တာကိုလည်း ဒီအတိုင်းကြည့်နေ တာပဲလား... အိမ်ပြန်ရောက်တော့လည်း ဘာမှမပြောကြဘူ





လား"

"မပြောဘူး... နားကိုအေးနေတာပဲ မောင်ကပြန်ရောက် တာနဲ့အိပ်တော့တာ"

'ဟန်နီ' မယုံချင်ပါ။ မောင်တစ်ခုခုတော့ 'ဟန်နီ' ကိုလိမ် နေပြီနဲ့တူသည်။ တစ်ခါတစ်ခါ မူပျက်ချင်သလိုဖြစ်သွားတဲ့ မောင့်ရဲ့ဟန်ပန်ကို 'ဟန်နီ' အကဲခတ်မိနေသည်။

ပြီးတော့ အခုတလော မောင်ဝတ်လာတဲ့အဝတ်အစား တွေသည်လည်း ပြောင်းလဲနေသလိုပါပဲ။ စတစ်ကော်လံအင်္ကျီ ဖြူလက်ရှည်ဖြစ်နေပေမယ့် ခါတိုင်းမောင်ဝတ်နေကြ နာမည်ကြီး တံဆိပ်၊ ကွာလတီကောင်းကောင်းတွေမဟုတ်တော့ပါ။

သာမန်အမျိုးအစားတွေသာဖြစ်သည်။ မောင့်ရဲ့လည် ပင်းမှာအမြဲဆွဲထားသော ရွှေဆွဲကြိုးကိုလည်း မတွေ့ရတော့ပါ။ ဘာကြောင့်လည်းဆိုပြီး 'ဟန်နီ' ဘက်ကဖွင့်မပေးချင်။

မောင့်မှာရှိနေတဲ့အခက်အခဲကို 'ဟန်နီ' ဖါသာစုံစမ်း ကြည့်ချင်သည်။ ဒီနေ့တော့ မောင့်ကိုပြန်ပို့ပြီးတာနဲ့ 'ဟန်နီ' ကကားကိုခပ်ဝေးဝေးရောက်မှ ပြန်ကွေ့ချလာခဲ့လိုက်ပါသည်။

မောင်တို့ခြံရှိတဲ့လမ်းသွယ်ထဲကို ချိုးကွေ့ဝင်ဖို့ပြင်ပြီ ဟိုးခပ်လှမ်းလှမ်းလောက်မှာ မောင့်ကိုလှမ်းမြင်လိုက်ရပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



မောင် ဘယ်ကိုသွားနေတာလည်းမသိ။

ကားကိုခပ်ဖြည်းဖြည်းချင်းပဲ မောင်သွားတဲ့နောက်က နေသာမောင်းလာခဲ့လိုက်သည်။ မောင်က ကားတစ်စီးငှားပြီး တက်သွားသည်။

'ဟန်နီ' လိုက်ကြည့်နေတယ်ဆိုတာကို မောင်မသိတာ ကံကောင်းပါသည်။ မောင်ငှားလာတဲ့ကားက တည်းခိုခန်းတစ် ခုရှေ့မှာ ရပ်တန့်သွားလေသည်။

သားသားနားနားမရှိလှသော သာမန်တည်းခိုခန်းတစ်ခု ကို မောင်ဘာလာလုပ်တာလဲ။ ရင်ခုန်နေတဲ့စိတ်ဖြင့် တည်းခိုခန်း ထဲအထိ 'ဟန်နီ' ဝင်လာခဲ့လိုက်မိသည်။

ကောင်တာမှာမောင့်နာမည်ကို မေးကြည့်လိုက်မိပါ သည်။ ကြည့်စမ်း မောင်ဒီတည်းခိုခန်းမှာနေနေတာ တစ်ပတ်ပင် ပြည့်တော့မည်။

ဒါဆို 'ဟန်နီ့' ကိုစချိန်းတဲ့နေ့တည်းက မောင်အိမ်က နေထွက်လာခဲ့တာဖြစ်မည်။ ဒီလိုနေရာမျိုးမှာ မောင့်လိုလူက ဘယ်လိုလုပ်ပြီး နေနိုင်ပါ့မလဲ။

'ဟန်နီ့' အတွက်နဲ့ မောင်ပင်ပန်းဆင်းရဲနေရပြီ။

ဝမ်းနည်းစိတ်ကြောင့် မျက်ရည်ကချက်ခြင်းပင်လည်





လာရတော့သည်။

မောင့်ရဲ့အခြေအနေကို သိချင်လွန်းတာကြောင့် တည်း ခိုခန်းမန်နေဂျာကို အတင်းတောင်းပန်ကာ ခဏဆိုပြီးအပေါ်ထပ် ကို ဖွတ်တက်လာခဲ့လိုက်သည်။

မောင်ရှိနေတဲ့ အခန်းတံခါးကိုကြည့်ပြီး 'ဟန်နီ' မှာငိုချင် နေရပါပြီ။ တံခါးခေါက်သံကြောင့် မောင့်ရဲ့အခန်းတံခါးပွင့်လာ သည်။ ရုတ်တရက် 'ဟန်နီ့' ကိုမြင်တော့ မောင်လန့်သွားလေ သည်။

တခြားအခန်းက လူတွေမြင်ရင်စပ်စုနေမှာစိုးတာ ကြောင့် မောင့်အခန်းထဲကိုဝင်လိုက်ကာ တံခါးကိုပြန်ပိတ်ပစ် လိုက်မိသည်။ မောင်ကမလုံမလဲ 'ဟန်နီ့' ကိုကြည့်နေသည်။

"မောင်ဘာဖြစ်လို့ဒီလောက်တောင် ဟန်ဆောင် ကောင်းနေရတာလဲ 'ဟန်နီ့' ကို မောင်ဘာဖြစ်လို့မပြောတာလဲ"

'ဟန်နီ' ရဲ့အသံကငိုသံစွက်နေသည်။

"မောင့်ကြောင့် 'ဟန်နီ' စိတ်ဆင်းရဲမှာစိုးလို့မပြောတာ ပါ... မောင်ဘယ်လိုပဲဖြစ်ဖြစ် နေနိုင်ပါတယ်... လူချမ်းသာဖို့ ထက် စိတ်ချမ်းသာဖို့ကို မောင်ပိုမက်မောတယ်... 'ဟန်နီ' အနား မှာနေရတာကို မောင်ပျော်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ်"

တစ်ယောက်ကိုတစ်ယောက် ခပ်တင်းတင်းဖက်ထားရင်း ငြိမ်နေမိကြသည်။ 'ဟန်နီ' စိတ်ထဲမှာတော့ အတွေးပေါင်းစုံလျှ ရှိသည်။

မောင့်ကိုအိမ်မှာပဲ ခေါ်ထားလိုက်ရင်ကောင်းမလား။ အ မှမဟုတ် တိုက်ခန်းတစ်ခန်းငှားပေးလိုက်ရင်ပဲ အဆင်ပြေမလား 'ဟန်နီ' ဘက်ကစီစဉ်ပေးပေမယ့် မောင်လက်ခံမှဖြစ်မယ့် အ တွေပဲမို့ မောင့်ကိုအရင်တိုင်ပင်ကြည့်ရမည်။

'ဟန်နီ' ဆန္ဒတွေမပြောပြခင် မောင့်ဆီကစကားသံ အ ရင်ထွက်လာခဲ့သည်။

"မောင့်အခြေအနေကိုကြည့်ပြီး 'ဟန်နီ' ဘာကိုမှတွေးပြီး စိတ်မကောင်းဖြစ်မနေပါနဲ့... မောင်နေနိုင်ပါတယ်... အိမ်ကို လည်း မောင်ပြန်ဖို့စိတ်မကူးဘူး... မောင့်ဘဝအတွက် မောင်ကြိုး စားမယ်... အချိန်တော့စောင့်ရမှာပေါ့ 'ဟန်နီ' ရယ်... မောင့်ကို ယုံတယ်မဟုတ်လား"

"ယုံပါတယ်... ဒါပေမဲ့ မောင်ပင်ပန်းတာကို 'ဟန်နီ' မကြည့်ရက်ဘူး... မောင့်ဘဝအေးချမ်းချောမွေ့အောင် 'ဟန်နီ' ဖန်တီးပေးနိုင်မယ်ထင်ပါတယ်"





"မောင် ကြိုးစားပါရစေ... မိန်းမတစ်ယောက်ကို မောင့်ရဲ့ကိုယ်ပိုင်အစွမ်းအစနဲ့ တင့်တင့်တယ်တယ်လက်ထပ်ယူချင်လို့ပါ"

မောင့်ရဲ့အုပ်ထိန်းသူတွေမပါဘဲ နှစ်ဦးသဘောတူလက်ထပ်ရတဲ့အဖြစ်မျိုးကိုတော့ 'ဟန်နီ' အဖြစ်မခံနိုင်ပါ။ ပြေလည်လာမဲ့အချိန်တစ်ခုအထိ 'ဟန်နီ' ဘက်ကစောင့်ချင်ပါသေးသည်။

မောင့်ရဲ့ဆွေမျိုးတွေဘက်ကပြေလည်ခဲ့ရင် ဖေဖေကိုလည်း 'ဟန်နီ' ဘက်ကဖွင့်ပြောပြလို့ကောင်းပါသည်။ အခုလိုအခြေအနေမျိုးနဲ့တော့ ဖေဖေဘက်ကိုဘယ်လိုလုပ်ပြီးအသိပေးရပါ့မလဲ။

"လက်ထပ်ဖို့ဆိုတာ အဝေးကြီးလိုပါသေးတယ် မောင်ရယ်... 'ဟန်နီ' တို့နှစ်ယောက်ပေါင်းပြီး အားလုံးပြေလည်အောင်ညှိကြသေးတာပေါ့"

"လူကြီးတွေသဘောတူညီမှုကို 'ဟန်နီ' ကလိုချင်တာလား"

"လိုချင်တာပေါ့... အုပ်ထိန်းသူတွေသဘောမတူဘူးဆိုတဲ့ အကြောင်းအရာကို ဘေးပတ်ဝန်းကျင်ကသိတာမဟုတ်ဘူးလေ... အပြစ်မရှိဘဲ 'ဟန်နီ' သိက္ခာအကျမခံနိုင်ဘူး... ချစ်တာကို



www.burmeseclassic.com

www.burmeseclassic.com



တားဆီးလို့မရနိုင်ပေမယ့် လက်ထပ်တာကိုကြတော့ ဂုဏ်သိက္ခာနဲ့ပြန်ထိန်းထားလို့ရနိုင်တယ်လေ... ငယ်ငယ်တည်းက 'ဟန်နီ' စိတ်ကူးယဉ်ခဲ့တယ်... 'ဟန်နီ့' ရဲ့မင်္ဂလာပွဲကို ခမ်းခမ်းနားနားသိပ်လုပ်ချင်တယ်... အားလုံးသိုက်သိုက်ဝိုင်းဝိုင်းနဲ့ အရမ်းပျော်စရာမင်္ဂလာပွဲကြီးတစ်ပွဲပေါ့ မောင်ရယ်... နှစ်ဦးနှစ်ဘက်မပြေလည်ဘဲ နှစ်ယောက်တည်းရုံးတက်လက်မှတ်ထိုးတဲ့ မင်္ဂလာပွဲမျိုးဆိုရင်တော့ 'ဟန်နီ' ပျော်နိုင်မယ်မထင်ဘူး... ဒါကြောင့် 'ဟန်နီ' ဖွဲ့မလျှော့ပါဘူး... မောင့်ရဲ့ လူကြီးတွေလက်ခံနိုင်တဲ့အထိ 'ဟန်နီ' ကြိုးစားမယ်"

"'ဟန်နီ' အရမ်းစိတ်ပင်ပန်းရလိမ့်မယ်နဲ့တူတယ်"

"ကိုယ်လိုချင်တာပြည့်ဖို့အတွက် 'ဟန်နီ' အပင်ပန်းခံနိုင်ပါတယ်"

ပြုံးနေတဲ့ မောင့်ရဲ့အပြုံးက အားအင်တွေဖျော့တော့နေတယ်ဆိုတာ 'ဟန်နီ' သိလိုက်ပါသည်။





## ၁၈

မောင်ကတကယ်တန်းကျတော့ ခေါင်းအတော်မာသောသူဖြစ်နေသည်။ မောင်ပင်ပန်းမှာစိုးလို့ 'ဟန်နီ့' ရဲ့အလုပ်မှာကူလုပ်ပေးဖို့ပြောပေမယ့် မောင်ကလက်မခံချေ။

သူ့အားသူကိုးကာ အလုပ်တွေလိုက်လျှောက်နေလေသည်။ မောင့်မှာကတတ်ထားတဲ့ ပညာရပ်တွေများတာကြောင့် ကုမ္ပဏီအတော်များများက မောင့်ကိုသဘောကျကြသည်။

လူတွေ့စစ်ဆေးပြီးပြန်လာတဲ့ မောင့်ရဲ့မျက်နှာက အမြဲတမ်းလိုလို ပြုံးချိုရွှင်နေပေမယ့် နောက်နှစ်ရက်လောက်ကြာရင်



www.burmeseclassic.com

www.burmeseclassic.com



မရှင်လန်းနိုင်တော့ပေ။

အလုပ်ခန့်မယ်လို့ သေချာပေါက်ပြောလိုက်တဲ့ကုမ္ပဏီတွေက နောက်တစ်ရက်ဘယ်နေ့ထပ်လာခဲ့ရမလဲလို့ ဖုန်းဆက်မေးကြည့်လိုက်ရင် မခန့်ဖြစ်တော့ဘူး၊ လူမလိုတော့ဘူးဆိုတဲ့စကားတွေကိုပဲ ကြားရဖန်များလာတော့ မောင်စိတ်ဓါတ်ကျလာသည်နှင့်တူပါသည်။

'ဟန်နီ' ကိုယ်တိုင်လည်းအံ့ဩမိသည်။ အလုပ်ခန့်မယ် မခန့်ဘူးဆိုတာတွေက ကလေးတွေကစားသလို ပြီးစလွယ်ပြင်ဆင်လို့ရတဲ့အရာမျိုးတွေမှမဟုတ်ဘဲ။

'ဟန်နီ' ကိုယ်တိုင်လည်းဆိုင်တစ်ဆိုင်ကို ဦးစီးပြီးဖွင့်ထားတဲ့သူဆိုတော့ ဝန်ထမ်းခန့်တဲ့အပိုင်းကို နားလည်နေရသည်။ မောင်နဲ့ပတ်သက်ပြီး တစ်ခုခုတော့လွဲချော်နေပြီနဲ့တူသည်။

မောင်ကတော့ စိတ်ဓါတ်ကျလွန်းလို့ 'ဟန်နီ့' ဆီကိုတောင်ရောက်မလာတော့ပါ။ တည်းခိုခန်းမှာပဲ ဘယ်ကိုမှမထွက်ဘဲ အခန်းအောင်းနေပြီနဲ့တူသည်။

အလုပ်တစ်ခုလျှောက်ပြီးတိုင်း အားတက်သရောလက်မလေးထောင်ပြတတ်တဲ့ ေ ်အနေနဲ့ ခဏခဏလွဲချော်နေတော့လည်း ရှက်ရှာမည်ပေါ့လေ။





'ဟန်နီ' ကိုယ်တိုင်လည်း ကိုယ်နဲ့ပတ်သက်ရာပတ်သက်ကြောင်းတွေဆီ မောင်နဲ့သင့်တော်မယ့်အလုပ်ရဖို့အတွက် စုံစမ်းကြည့်မိသည်။

ဆိုင်ရဲ့ဖောက်သည်တွေထဲမှ အန်တီကြီးတစ်ယောက်က စကားစလာသည်။ သူ့ယောကျ်ားဖွင့်ထားတဲ့ တိုးရဲ့ကုမ္ပဏီက မန်နေဂျာတစ်ယောက် ငွေတွေလိမ်ပြီးပြေသွားတဲ့အတွက် သောကတွေများနေရကြောင်း စိတ်ချရတဲ့လူယုံတစ်ယောက်လိုနေရကြောင်း၊ အင်္ဂလိပ်စကားလည်း ကျွမ်းကျင်ရမည်ဖြစ်ကြောင်း ပြောပြလာသည်။

ချက်ခြင်း 'မောင့်'မျက်နှာကိုမြင်ယောင်မိကာ 'ဟန်နီ' ကိုယ်တိုင်အားတက်သရော မောင့်ရဲ့ကောင်းကြောင်းတွေပြောပြီး အလုပ်ရဖို့အတွက်ကြိုးစားနေမိသည်။

'ဟန်နီ' အပြောကောင်းတာကြောင့် နောက်တစ်ရက်မှာပဲ အင်တာဗျူးလုပ်ပေးမယ်ဆိုပြီး သူ့ယောကျ်ားနဲ့ ဆက်သွယ်ပေးခဲ့သည်။

မောင်လုပ်ခဲ့ဖူးတဲ့အလုပ်ကို ပြောပြတော့ အန်ကယ်ကြီးက သဘောကျပါသည်။ 'ဟန်နီ့' စိတ်ထဲမှာတော့ မောင်အလုပ်တစ်ခုရဖို့ သေချာသလောက်ရှိနေခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရှိနေတဲ့တည်းခိုခန်းကိုလာခဲ့တော့ မောင်ကအိပ်ပျော်နေသည်။ ဘာအလုပ်မှ အဆင်ပြေပြေမရှိတဲ့အတွက် မောင်စိတ်ညစ်ပြီးအိပ်နေတယ်ဆိုတာကို 'ဟန်နီ' နားလည်နေရသည်။

မောင့်စိတ်တွေလန်းဆန်းသွားရအောင် အပြင်ထွက်ဖို့ ပြောလိုက်ရပါသည်။

"မောင်အဝတ်အစားလဲကွာ... အပြင်ထွက်မယ်... 'ဟန်နီ' ချိန်းတော့လည်း မလာချင်ဘူးဆိုပြီး အခန်းထဲပဲအောင်းနေတယ်... တစ်နေ့တစ်နေ့အိပ်နေရင် လူကပျင်းပြီးလေးလာလိမ့်မယ်... မောင်မနက်ဖြန်ကစပြီး ပျင်းချိန်တောင်မရှိတော့ဘူး... အင်တာဗျူးတစ်ခုရှိတယ်သိလား... ပြီးတာနဲ့ ချက်ခြင်းအလုပ်တန်းဆင်းရမယ်နဲ့တူတယ်... အလုပ်မဆင်းခင်လေး 'ဟန်နီ' နဲ့ အတူလျှောက်လည်မယ်လေကွာ...လိုက်ပို့ပေးမယ်မဟုတ်လား"

မောင်ကအိပ်ချင်မူးတူးပုံစံဖြင့် ငိုင်ပြီးကြည့်နေသည်။ အိပ်ချင်စိတ်ပျောက်သွားအောင်လို့ မောင့်ရဲ့နှာခေါင်းချွန်ချွန်ကို လိမ်ဆွဲပစ်လိုက်သည်။

"အား နာတယ်ကွာ"

"နာပစေ... မြန်မြန်အဝတ်အစားလဲပါဆို လဲမှမလဲဘဲ ချွတ် ချွတ် ရည်စားပဲရနေပြီ... ကလေးတစ်ယောက်လိုပဲနေရာ





တကာလိုက်ပြီးပြောနေရတယ်... အိမ်ပြန်ပါဆိုတော့လည်းမပြန်ဘူး... 'ဟန်နီ့' အိမ်မှာလိုက်နေပါဆိုတော့လည်းမနေဘူး... မောင့်ကိုတစ်ယောက်တည်းထားထားရတာ စိတ်မချဘူးသိရဲ့လား"

"အိမ်ကိုပြန်ရင် 'ဟန်နီ' နဲ့ဘယ်လိုတွေ့ရတော့မလဲ... 'ဟန်နီ့' အိမ်မှာလိုက်နေတော့ကော သင့်တော်ပါ့မလား... ပတ်ဝန်းကျင်ကပြောကြမှာပေါ့... ဒီမှာပဲနေတာကောင်းပါတယ်"

တွန့်ကြေနေတဲ့ မောင့်ရဲ့အင်္ကျီတွေကိုချွတ်ပစ်ရင်း အသစ်တစ်ထည်လဲဝတ်ပေးလိုက်သည်။ မောင်ကထိုင်နေရာကနေ မတ်တပ်ထရပ်ရင်း...

"အင်္ကျီပဲလဲပေးမှာလား... ပုဆိုးကျတော့ လဲမပေးတော့ဘူးလား"

မောင့်ရဲ့အမေးကို မျက်စောင်းဖြင့် ပြန်တုံ့ပြန်လိုက်သည်။

"'ပိုးဝါနု' ကိုလဲခိုင်းလိုက်ပေါ့... ကဲ အောက်မှာပဲစောင့်နေတော့မယ်... ကြာနေရင်တစ်မျိုးထင်နေကြလိမ့်မယ်... ဒီကလူတွေက 'ဟန်နီ' လာတိုင်းပြုံးစိစိနဲ့ကြည့်နေကြတာ သိပ်မုန်းစရာကောင်းတာပဲသိလား"

မောင့်ကိုထားခဲ့ပြီး 'ဟန်နီ' က အရင်အပြင်ထွက်ဖို့ပြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မောင်က 'ဟန်နီ' ရဲ့လက်ကိုဖမ်းဆွဲကာ ခပ်တင်းတင်းဖက်ရင်း ငုံ့နမ်းနေလေသည်။

"သွားတော့မယ်ကွာ… မောင်ကသိပ်ဆိုးတာပဲ… နောက်လာမခေါ်တော့ဘူး"

"ဒီလိုဆိုးအောင် ဘယ်သူကသင်ပေးတာလဲ"

'ဟန်နီ' မောင့်ရင်ဘတ်ကိုတွန်းကာ ပြေးထွက်လာခဲ့လိုက်သည်။ မောင်ပြောသလိုပဲ 'ဟန်နီ' ကိုယ်တိုင် ရီးသားလွန်းတဲ့ မောင့်ကိုနမ်းတတ်အောင်သင်ပေးခဲ့တာလား မပြောတတ်တော့ပါ။

မောင့်လက်ကိုတွဲပြီး ဒဂုံစင်တာထဲလျှောက်ကြည့်နေမိသည်။ မနက်ဖြန်အင်တာဗျူးဖြေရမယ့် မောင့်အတွက် အင်္ကျီကောင်းကောင်းတစ်ထည် လက်ဆောင်ဝယ်ပေးချင်သည်။

မောင့်ဘက်က ငြင်းဆန်မယ်ဆိုတာသိပေမယ့် 'ဟန်နီ' ဇွတ်ပြောရင် လိုက်လျောမယ်ထင်သည်။ မောင့်လက်ထဲမှာ ပိုက်ဆံမရှိတော့တာ သိနေတဲ့အတွက်စိတ်မကောင်းဖြစ်မိပေမယ့် 'ဟန်နီ' ပေးတဲ့ငွေကို မောင်ကလက်မခံဘဲ ငွေကိုရေလိုသုံးနိုင်သော မောင်လိုလူတစ်ယောက်ဟာ လက်ထဲမှာငွေမရှိရင် မနေတတ်ဘူးဆိုတာ ကိုယ်ချင်းစာနိုင်ပါသည်။





ဒါကြောင့် မောင့်အလုပ်ရှင်ကို 'ဟန်နီ' ကကြိုပြီး ခွင့်…ောင်းထားလိုက်သည်။ ရသင့်ရထိုက်တဲ့လခထက် တစ်သိန်းပို…ဆးဖို့ကိုပါ။

'ဟန်နီ့' ဘက်ကငွေတစ်သိန်း ပေးတာကိုဖွင့်မပြောဖို့…ကတိလည်းတောင်းထားရသည်။ 'ဟန်နီ' ဒီလိုမျိုးလုပ်ရတာ…မောင်စိတ်ချမ်းသာဖို့အဓိကပါပဲ။

မောင့်ရဲ့မျက်နှာကိုကြည့်ကာ ကြည်နူးနေမိဆဲ မျက်နှာ…ချင်းတည့်တည့်ကြီးတိုးနေသော လူသုံးယောက်ကြောင့် စိတ်ညစ်…သွားရသည်။ မောင့်မျက်နှာလည်း ပျက်ယွင်းလျက်ရှိသည်။

"'ကိုကိုဟိန်း'"

'ပိုးဝါနု' က သံယောဇဉ်မပြတ်နိုင်သလို လှမ်းခေါ်လိုက်…ပါသည်။ 'ဒေါ်နုနု' နဲ့ 'ဒေါ်ခင်ခင်လေး' တို့မျက်နှာတွေကတော့…တင်းထန်လျက်ရှိသည်။ မောင်ကသူ့ကြီးဒေါ်ကို အရင်နှုတ်ဆက်…လိုက်ပါသည်။

"'ကြီးကြီးခင်' နေကောင်းတယ်နော်"

'ဒေါ်ခင်ခင်လေး' ရင်ထဲမှာ 'ဟိန်း' ကိုမြင်လိုက်ရပြီးက…တ…ုးက ငိုချင်သွားခဲ့တာပါ။ ဒီကလေးကို မိမိတို့တစ်အိမ်သား…သုံး ဘယ်လောက်ချစ်သလည်းဆိုတာ မိမိတို့သိသည်။



www.burmeseclassic.com

www.burmeseclassic.com

မိသားစုရဲ့ ချစ်ခြင်းတွေကိုပစ်ခွာပြီး ဘာမဟုတ်တဲ့မိန်း တစ်ယောက်နားမှာ ပျော်နေနိုင်တဲ့အတွက် စိတ်ထဲမှာနာကြည်း နေမိကြသည်။

မာနတရားနဲ့ဖြစ်ချင်တာဖြစ်ဆိုပြီး ပစ်ထားနေရပေမယ့် တစ်နေ့မှစိတ်မချမ်းသာနိုင်တာ မိမိကိုယ်မိမိပဲသိပါသည်။ နန တို့ဘက်ကိုလည်း အားနာရလွန်းတာကြောင့် တောင်းပန်ရ၊ မျက် နှာချိုသွေးရနဲ့ ကိုယ်တွေမှာအတော်ကလေးသိက္ခာကျနေရသည်။

တစ်နေ့ကိုယ်တွေဖြစ်ချင်တဲ့ ဆန္ဒအတိုင်းဖြစ်ရမယ်ဆိုတဲ့ စိတ်ကူးမျိုးရှိနေလို့သာ တောင့်ခံနိုင်တာဖြစ်ပါသည်။ ကိုကိုတို့ ညီအစ်ကိုသုံးယောက်လုံးလည်း ယောကျ်ားသားတွေဖြစ်နေလို့ စိတ်မကောင်းတာကို ပါးစပ်ကနေဖွင့်မပြောကြပေမယ့် မျက်နှာ တွေကတော့ ဟန်ဆောင်လို့မရလောက်အောင် ပျက်ယွင်းလျက်ရှိ နေကြသည်။

'ဟိန်း' နဲ့ပတ်သက်ပြီးသူတို့မှာ အစီအစဉ်တွေရှိတယ်လို့ ပြောပေမယ့် ဘာဆိုတာကိုတော့ဖွင့်ပြောမပြကြပါ။ တစ်နေ့တစ် နေ့ ညီအစ်ကိုသုံးယောက် ခေါင်းခြင်းဆိုင်နေကြတဲ့အချိန်က များနေသည်။

ထင်မှတ်မထားဘဲ 'ဟိန်း' နှုတ်ဆက်စကားသံကြောင့်





'ဒေါ်ခင်ခင်လေး' ဘာပြန်ပြောရမှန်းမသိဖြစ်နေရ၏။

"ပိန်သွားသလိုပဲ 'ကိုကိုဟိန်း' ရယ်… အိမ်ကိုပြန်လာခဲ့ပါ တော့လား… တစ်အိမ်လုံးကလည်း 'ကိုကိုဟိန်း' ပြန်လာမဲ့ရက် ကိုမျှော်နေကြတာပါ"

"ပြန်လာချင်ပါတယ်… ဒါပေမဲ့"

'ဟိန်း' ရဲ့စကားက ရပ်သွားတန့်သွားသည်…

"ပြန်လာချင်တယ်ဆိုရင် အချိန်မရွေးပြန်လာလို့ရပါ တယ်… မင်းကိုဘယ်သူကမှ အိမ်ပေါ်ကနှင်ချခဲ့တာမဟုတ်ဘူး မင်းဘာသာဆင်းသွားခဲ့တာ…လူကြီးတွေရင်ထဲမှာ ဘယ်လောက် ဆောင်ခံစားနေရမလဲဆိုတာ မင်းစဉ်းစားကြည့်ဖို့ကောင်းပါတယ် 'ကြီးကြီးတင်' ဆို မင်းကြောင့်အိပ်ယာထဲမှာလဲနေပြီး… မင်းကိုပဲ မျှော်နေတာ မင်းဘက်ကရက်စက်နိုင်ပေမဲ့ ငါတို့ဘက်ကမရက် စက်ပါဘူး… မင်းစိတ်ချမ်းသာအောင် လွှတ်ထားပေးလိုက်ရတာ တစ်နေ့မှစိတ်မချနိုင်ဘူး… မင်းကတော့ငါတို့ကိုမေ့ပြီး ပျော်နေ နိုင်တယ်ပေါ့လေ… အီး ဟီး ဟီး"

'ဒေါ်ခင်ခင်လေး' တစ်ယောက်ဆက်ပြီး မတင်းထားနိုင် တော့ဘဲ ပြောနေရင်းတန်းလန်းငိုချလိုက်မိတော့သည်။ အမြဲတမ်း တောက်ပြောင် ကျော့မော့နေတဲ့ 'ဟိန်း' ဟာခုတော့ ဝတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



'ဖေါ်ခင်ခင် လေး' တစ်ယောက်ဆက်ပြီး မတင်းထားနိုင်
တော့ဘဲ ပြောနေရင်းတန်းလန်းငိုချလိုက်မိတော့သည်။ အမြဲတမ်
တောက်ပြောင် ကျော့မော့နေတဲ့ 'ဟိန်း' ဟာခုတော့ ဝတ်ထားတဲ့
အဝတ်အစားတင်မက မျက်နှာထားကပါညှိုးနွမ်းနေတဲ့အတွက်
ရင်ထဲမှာမချိအောင်ခံစားရသည်။

ဒီကလေးဟန်လုပ်ပြီး နေနေရတယ်ဆိုတာ အကဲခတ်
ကြည့်မိတာနဲ့တင်သိနိုင်ပါပြီ။ အရိပ်တစ်ကြည့်ကြည့်နဲ့ လိုလေ
သေးမရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနေတဲ့ အိမ်သားတွေကို
ဘယ်မေ့ပျောက်နိုင်ပါ့မလဲလေ။

"ကျွန်တော်လည်း အားလုံးကိုသတိရနေပါတယ်"

"သတိရနေရင်ပြန်လာခဲ့ပေါ့... ဘယ်သူကမင်းကိုတား
ထားလို့လဲ"

'ကြီးကြီးခင်' က "ဟန်နီ့' ကိုကြည့်ရင်းပြောခြင်းဖြစ်
သည်။

"ဘယ်သူကမှမတားထားပါဘူး... 'ဟန်နီ့' ကဆိုတစ်ခု
လုံးပြန်ဖို့ချည်းပဲ နားချနေခဲ့တာပါ... ကျွန်တော့်ကြောင့် လူကြီး
တွေထပ်ပြီးစိတ်ဆင်းရဲမှာစိုးလို့ပါ"

ရပ်စောင့်နေတဲ့ 'ဒေါ်နုနု' က စိတ်ရှည်ပုံမရတော့ သူ့အ





နနဲ့လည်း အားနာလို့သာရပ်စောင့်ပေးနေရပေမယ့် စိတ်ထဲမှာ
တော့ 'ဟိန်း' တို့စုံတွဲကိုကြည့်ပြီး ခံပြင်းနေမှာသေချာသည်။

'ပိုးဝါနု' ကလည်းမျက်လုံးကြီးပြူးပြီး ရန်လိုသလို 'ဟန်
နီ' တစ်ယောက်တည်းကိုပဲ ကြည့်နေခဲ့သည်။ ဆက်ပြီးရပ်နေလို့
မကောင်းတာကြောင့် 'ဟိန်း' ကအရင်စပြီးနှုတ်ဆက်လိုက်ပါ
သည်။

"ကျွန်တော်တို့သွားတော့မယ် 'ကြီးကြီးခင်'... နေကောင်း
အောင်နေပါနော်... ဖေဖေတို့ကိုလည်း အမြဲတမ်းသတိရနေတယ်
လို့ပြောပေးပါ"

ယောကျ်ားလေးတန်မဲ့ 'ဟိန်း' ရဲ့အသံတွေက တုန်ရီပြီး
ငိုသံပေါက်နေသည်။ ခွဲရခါနီးတော့ 'ဒေါ်ခင်ခင်လေး' မနေနိုင်
တော့ပါ။ 'ဟိန်း' ရဲ့လက်ကိုဆွဲပြီး မိမိမှာပါလာတဲ့ပိုက်ဆံတွေကို
အတင်းထိုးပေးနေသည်။

"ကျွန်တော့်မှာရှိပါသေးတယ်... နေပါစေ"

"စေတနာကို မစော်ကားနဲ့ကွယ်... သားခပ်မြန်မြန်ပြန်
လာခဲ့ပါတော့... အခုနေနေတဲ့တည်းခိုခန်းကနေ ပြောင်းလိုက်
တော့... 'ကြီးကြီးခင်' တို့အားလုံးသိတယ်... ဟိုတယ်တစ်ခုခု
မှာပြောင်းနေပါ... မိဘတွေရင်ခွင်လောက် ဘယ်နေရာကမှ မ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းဖူးဆိုတာ သားနားလည်ပါကွယ်"

တစ်ထောင်တန်လေးအုပ်ကို 'ဟိန်း' ရဲ့လက်ထဲဖွတ် ထည့်ပေးကာ 'ကြီးကြီးခင်' ထွက်သွားခဲ့ပါသည်။ ငိုချင်စိတ် ကြောင့် 'ဟိန်း' ရဲ့မျက်လုံးတွေ နီရဲစွတ်စိုလာခဲ့ရသည်။

'ဟန်နီ' ကိုပင်စောင့်မနေတော့ဘဲ ကားရပ်ထားတဲ့နေ ရာဆီ တစ်ယောက်တည်းထွက်လာခဲ့လိုက်မိတော့သည်။





၁၈

အားကနဲ အားကနဲ လှိုက်လှိုက်ပြီးအော်ငိုနေတဲ့ 'ဟိန်း' ရဲ့ငိုသံကြီးက အဲယားကွန်းဖွင့်ပြီးမှန်အလုံပိတ်ထားတဲ့ ကားအ တွင်းမှာဆူညံလျှက်ရှိနေသည်။

ဝမ်းပန်းတနည်းငိုရှိုက်နေတဲ့ 'ဟိန်း' ကို 'ဟန်နီ' က အနှောင့်အယှက်မပေးချင်သလို စကားတစ်ခွန်းမှမပြောဘဲ ကြည့် နေခဲ့သည်။

ဒီလိုပွင့်ထွက်ပြီးငိုချလိုက်တော့မှပဲ ရင်တွင်းမှာအောင်း ထားရတဲ့သောကတွေ လျော့ပါးပြေပျောက်သွားရတော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



'ဟိန်း' သည်လည်းကြိတ်မှိတ်ခံစားနေရတဲ့ဝေဒနာကို ဘယ်လို ချုပ်တီးမထားချင်တော့ပါ။ အချစ်တစ်ခုအတွက်နဲ့ ချစ်ခင်အား ကိုးရသောမိသားစုကို ခွဲခွာပြီးထွက်လာခဲ့ရတာ 'ဟိန်း' အတွက် စိတ်ဆင်းရဲလွန်းလှသည်။

လွတ်လပ်မှုကိုစစခြင်းရက်တွေမှာ သာယာမိသလိုရှိပေ မဲ့ နည်းနည်းကလေးထပ်ကြာလာတာနဲ့ ထိုလွတ်လပ်မှုကို 'ဟိန်း' မမက်မောချင်တော့ပါ။

နေရထိုင်ရတာ၊ စားရသောက်ရတဲ့အခြေအနေ အဆင် အတန်းတွေကိုစိတ်ပျက်လာမိသည်။ အုပ်ထိန်းမှုကင်းမဲ့တဲ့ ဘဝ မှာ 'ဟိန်း' အနေနဲ့ ဘယ်လိုမှကိုမနေတတ်တော့ချေ။

ရှင်းရှင်းပြောရရင် ကိုယ်နေထိုင်ခဲ့တဲ့ပတ်ဝန်းကျင်အ သိုင်းအဝိုင်းကို လွမ်းနေမိပါသည်။ 'ဟန်နီ' နဲ့အတူတွဲသွားရတဲ့ အခါတွေမှာလည်း 'ဟိန်း' ရဲ့စိတ်ထဲအလိုလိုကို အားငယ်နေမိ တတ်သည်။

ယောကျ်ားလေးဖြစ်တဲ့ 'ဟိန်း' ဘက်ကသာ အစစအရာ ရာ ဦးဆောင်လှုပ်ရှားရမှာဖြစ်ပေမယ့် လက်ရှိအခြေအနေအ 'ဟန်နီ' ကပဲဦးဆောင်နေရလေသည်။

အဲဒီအတွက် 'ဟိန်း' ရင်ထဲမှာခံစားခဲ့ရသည်။ ငွေရေး





ကြေးရေးနဲ့ပတ်သက်ရင် ပူပင်စရာမရှိတဲ့ 'ဟိန်း' ရဲ့ ဘဝဟာ အခုဆိုရင် ငွေကိုပေါပေါသီသီ မသုံးရတော့တဲ့အတွက် ချစ်သူနဲ့ အတူအပြင်ထွက်လည်ခွင့်ရတာတောင်မှ မပျော်ရွှင်ရတော့တဲ့ ဘဝမျိုးပါ။

အလုပ်တွေသွားလျှောက်တော့လည်း အဆင်ပြေမလိုလို နဲ့ တစ်ခုမှကိုအဆင်မပြေတဲ့အခါကျတော့ ကိုယ့်ကိုကိုယ်ယုံ ကြည်မှုအားနည်းလာရတော့သည်။

အခန်းထဲအောင်းကာ ဝမ်းနည်းစိတ်နဲ့မျက်ရည်သာကျ နေဖြစ်သည်။ 'ဟန်နီ့' ဘက်က အကူအညီပေးပေမယ့် 'ဟိန်း' အနေနဲ့ ယူလို့ကောင်းပါ့မလား။

ပတ်ဝန်းကျင်ကပြောဆိုကဲ့ရဲ့တာမျိုးကိုလည်း မခံစား ချင်၊ အဆင်ပြေမဲ့အလုပ်တစ်ခုကိုသာ အမြန်ဆုံးရချင်နေမိတော့ သည်။

အိမ်ကိုသတိရစိတ်နဲ့ငိုနေမိတဲ့ 'ဟိန်း' တစ်ယောက် ကြာ လာတော့မောလို့လာရသည်။ စိတ်ရှိလက်ရှိငိုလိုက်ရတဲ့အတွက် လည်း ရင်ထဲမှာပေါ့သွားသလိုရှိသည်။ယခုမှ 'ဟန်နီ့' ကိုအားနာ ရမှန်းသိလာသည်။

" 'ဟန်နီ' ဘယ်သွားချင်သေးလဲ... ဟိုတယ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှာစားမလား"

"မောင့်ကိုကြည့်ပြီး 'ဟန်နီ' ရင်တွေအလိုလိုပြည့်နေရပြီ မောင်သွားချင်တဲ့နေရာသာပြော... 'ဟန်နီ' လိုက်ပို့ပေးမယ်"

"ကြီးကြီးခင်' ပြောသလိုပဲ ဟိုတယ်တစ်ခုခုကို မောင် ပြောင်းနေလိုက်မယ်... ဟိုတယ်ဆိုတော့ 'ဟန်နီ' လာရတာလည်း ကောင်းတယ်လေ"

'ဟန်နီ့' ရင်ထဲမှာဆုံးဖြတ်ချက်တစ်ခုကို ချပြီးနေတာ ကြောင့် မောင်ဖြစ်ချင်တာတွေကိုအကုန်လုံးကို လိုက်လျောပေးဖို့ ခေါင်းညိတ်ပြလိုက်သည်။

"ဟိုတယ်တစ်ခုခုကိုပြောင်းဖို့ထက် အိမ်ကိုပြန်သွားဖို့က မောင့်အတွက်ပိုပြီးအရေးကြီးနေပါတယ်... မောင်အိမ်ပြန်လိုက် တာအကောင်းဆုံးပဲ"

"မောင်စဉ်းစားပါတယ်... ဒါပေမဲ့ 'ဟန်နီ' နဲ့ ခွဲရမှာစိုး တယ်"

"'ဟန်နီ' နဲ့ခွဲရမှာစိုးတာနဲ့ပဲ မောင်တစ်သက်လုံးဒီအ တိုင်းနေသွားနိုင်လို့လား"

မောင်ကငြိမ်ပြီးနားထောင်နေသည်။ အဖြေစကားတစ် ခွန်းမှပြန်မပြောပါ။





"မောင်မနေနိုင်ပါဘူး... နေနိုင်တယ်လို့ မောင်ပြောလာ လည်း 'ဟန်နီ' ကမောင့်ကို ဒီလိုမျိုးဘဝမှာမထားနိုင်ဘူး... အလုပ် တစ်ခုခုမှာ မောင်ဝင်လျှောက်လို့ အလုပ်ရသွားရင်လည်း မောင် ဟာအလုပ်သမားပဲဖြစ်မယ်... မောင့်ပိုစ့်အခြေအနေက သူများရဲ့ ဝန်ထမ်းမဖြစ်သင့်ဘူး... အလုပ်ရှင်ပဲဖြစ်သင့်တာ... မောင်ကိုယ် တိုင်လည်း သူများသြဇာအာဏာအောက်မှာ ကြာကြာလုပ်နိုင် မယ်မထင်ပါဘူး... မောင်နေထိုင်ကျင်လည်ခဲ့တဲ့ဘဝကို မောင် တမ်းတနေမှာ... ဘယ်တော့မှလည်းမေ့နိုင်မှာမဟုတ်ဘူး... ဒီ တော့ နေသားကျနေပြီးတဲ့ မောင်ရဲ့ဘဝထဲကို မောင်ပြန်သွား လိုက်ပါ... 'ဟန်နီ' နဲ့ကိစ္စကတော့ တဖြည်းဖြည်းခြင်းညှိယူရလိမ့် မယ်... 'ဟန်နီ' ထင်တယ် မောင့်ရဲ့လူကြီးတွေဘက်က မောင့်ကို သိပ်ပြီး တင်းတင်းကျပ်ကျပ် ချုပ်ထိန်းလိမ့်မယ်မထင်တော့ဘူး သူတို့မောင့်ကိုစိတ်ချမ်းသာအောင် ထားကြပါလိမ့်မယ်"

"'ဟန်နီ' ပြောသလိုဖြစ်မလာခဲ့ရင်တော့..."

"ဖြစ်လာလိမ့်မယ်လို့ 'ဟန်နီ' ကတော့ယုံတယ်"

"ခုချက်ချင်းကြီးတော့ မောင် မပြန်ချင်သေးဘူးကွာ"

မောင်မပြန်ချင်သေးတာမဟုတ်ပါ။ တစ်ဖက်ကအခေါ် ကို မောင်စောင့်နေခဲ့တာဖြစ်ရပါမည်။ သူ့ဖအသာသူ့အိမ်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာပြီး ခေါ်မယ့်သူမရှိဘဲ ပြန်တက်ရမှာကိုရှက်နေပုံရသည်။

မောင့်ကိုအသိမပေးတော့ဘဲ 'ဟန်နီ' ကိုယ်တိုင်မောင့်ဖေဖေနဲ့ သွားဆွေးနွေးမှုပဲအဆင်ပြေနိုင်ပါတော့မည်။ ပထမဆုံးမောင်နေထိုင်ဖို့အတွက် သမ္မတဟိုတယ်ကို ရွေးချယ်လိုက်သည်။

နေရာထိုင်ခင်း အဆင့်မြင့်လာတဲ့အတွက် မောင့်ရဲ့မျက်နှာက ကြည်လင်ရွှင်ပျလာသည်။ မောင့်လက်ထဲမှာလည်း ငွေကလုံလောက်စွာရှိနေခဲ့တာကို:...

"မနက်ဖြန် အင်တာဗျူးသွားဖြေရင် 'ဟန်နီ' လိုက်ပို့ပေးမှာလား"

တကယ်တမ်း မောင့်စိတ်ထဲမှာ အလုပ်အင်တာဗျူးဖြေဖို့ စိတ်မပါတော့ဘူးဆိုတာကို 'ဟန်နီ' ကသိနေခဲ့ပါပြီ။ အားနာ၍မေးသောမေးခွန်းကို 'ဟန်နီ' ကအလိုက်သင့်ပြန်ဖြေလိုက်မိသည်။

"နေ့ခင်းဘက်လောက်လာခေါ်မယ်လေ... မောင်စောင့်နေမှာလား"

"အင်း"

'ဟန်နီ' လာခေါ်မယ့်အချိန်ထက်စောပြီး မောင့်အိမ်ကလာပြန်ခေါ်မယ်ဆိုတာကို ကြိုသိနေခဲ့ရင် မောင်ငြင်းလိုက်မှာလားမပြောတတ်။ 'ဟန်နီ' သည် မောင့်ရဲ့နဖူးကို ခပ်ဖွဖွလေးနမ်း





ရင်းနှုတ်ဆက်ကာ မောင့်ဖေဖေရှိမယ့်ရုံးခန်းဆီလာခဲ့လိုက်ပါသည်။

'ဟန်နီ' တွေ့ချင်တာက မောင့်ရဲ့ဖေဖေနဲ့ဖြစ်ပေမဲ့ တကယ်တမ်းတွေ့ရတော့ မောင့်ရဲ့ဖေဖေတစ်ယောက်တည်းတင်မကဘဲ ဘကြီးနှစ်ယောက်ကိုပါ အချောင်တွေ့လိုက်ရသည်။

ပြေလည်မှုကိုလိုလားတဲ့အတွက် 'ဟန်နီ့' ဘက်ကတော့အေးအေးဆေးဆေးပါပဲ...

"လာရင်းကိစ္စကိုပြောပါ... "

" 'ဟိန်း' ကိုအိမ်ပြန်ခေါ်ဖို့ ကျွန်မလာပြောတာပါ... ပွင့်ပွင့်လင်းလင်းပြောရရင် သူအန်ကယ်တို့ကိုသိပ်သတိရနေတယ်... ပြီးတော့ သူတစ်ယောက်တည်းနေရတာ အဆင်ပြေပုံမရဘူး... ကျွန်မသူ့ကိုခေါ်ထားနိုင်ပေမယ့် သူလာမနေချင်ဘူး... တစ်နေ့တစ်နေ့ ဘာအလုပ်မှမလုပ်ဘဲလေနေရင် သူ့ရဲ့စိတ်ဓာတ်တွေ ပျက်စီးသွားမှာစိုးရတယ်"

မောင့်ရဲ့ ဘကြီးနှစ်ယောက်ကပြုံးသည်။ မောင့်ဖေဖေကတော့ စိတ်မကောင်းသလို ငြိမ်သက်ကာနေသည်။

"သူအလုပ်တွေလျှောက်သေးတယ်ဆို မရဘူးလား... သူ့မှာတတ်ထားတဲ့ ပညာရပ်တွေအများကြီးပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အနှောက်အယှက် အပှာန့်အတားတွေမရှိဘူးဆိုရင်တော့ 'ဟိန်း' အတွက်အလုပ်တစ်ခုရဖို့က လွယ်ကူနိုင်ပါတယ် 'ဟိန်း' ကိုထွက်ပေါက်မရှိအောင် ပိတ်ပင်တားစီးထားတဲ့အတွက် သူ အလုပ်မရတာမဆန်းပါဘူး"

'ဦးမောင်မောင်' နဲ့ 'ဦးညီညီ' မျက်နှာပျက်သွားကြသည်။ သူတို့တွေဘာလုပ်ခဲ့တယ်ဆိုတာ 'ဟန်နီ' သိနေခဲ့ရပြီမဟုတ်လား သူတို့ဘယ်လောက်တောင်ချက်ကင် အလိုက်ကောင်းသလည်းဆိုရင် 'ဟန်နီ' နဲ့ပတ်သက်ပြီး ရမယ့်အလုပ်ကိုတောင်မှ ဖျက်ပစ်နိုင်စွမ်းရှိပါသည်။

ကုမ္ပဏီပိုင်ရှင်အန်ကယ်ကြီးက မပြောပေမယ့် အန်တီကမိန်းမပီပီ သူသိသမျှကို ဖုန်းဆက်ပြီးဖောက်သည်ချလေသည်။ ဒီရုံးကိုလာနေတဲ့အချိန်မှာပဲ ဖုန်းဆက်ပြောလာခြင်းပါ။

'ညီဟိန်း' ဆိုတဲ့သူကို အလုပ်မပေးဖို့နဲ့ သူတို့တွေရဲ့တရားဝင်ခွင့်ပြုချက်မရဘဲ အလုပ်မခန့်ဖို့ကို ပတ်သက်ရာပတ်သက်ကြောင်းက တစ်ဆင့်အကြောင်းကြားထားခဲ့ကြသည်။

ကုမ္ပဏီအချင်းချင်း လုပ်ငန်းလုပ်တဲ့သူအချင်းချင်း စည်းဆိုတာစောင့်ထိန်းတဲ့အတွက် မောင့်ကိုဘယ်ကုမ္ပဏီကမှ မခန့်ရဲကြတာဖြစ်သည်။





မောင့်ဘကြီးတွေရဲ့ အရှိန်အဝါကလည်း ကြီးမားနေခဲ့တာလဲပါသည်။

"မင်းကပါးနပ်သားပဲ... 'ဟိန်း' ကိုအိမ်ပြန်ခေါ်ထားပြီး မင်းနဲ့သဘောတူပေးဖို့ မင်းကတောင်းဆိုချင်တာလား"

'ဦးညီညီ' ကမေးခြင်းဖြစ်သည်။

"တောင်းဆိုလို့ရမယ်ဆိုရင်တော့ တောင်းဆိုကြည့်ချင်တာပေါ့... ဒါပေမဲ့ အဲဒီတောင်းဆိုမှုက သိပ်ကိုလောဘကြီးလွန်းပါတယ်... ကျွန်မဖြစ်စေချင်တာကို ပြောရရင် 'ဟိန်း' နဲ့ အဆက်အသွယ်မဖြတ်ရင်ဘဲ ကျေးဇူးတင်လှပါပြီ"

"တစ်ခုမင်းကိုမေးချင်တယ်... မင်းဘာလို့ 'ဟိန်း' နဲ့လက်မထပ်သေးတာလဲ... နှစ်ဦးသဘောတူဆိုရင် ငါတို့ဘက်ကဘယ်လိုမှဖျက်လို့မရတော့ဘူးလေ"

'ဟန်နီ' ပြုံးလိုက်မိသည်။ 'ဟိန်း' လက်ထပ်လိုက်မှာကိုသူတို့တွေအစိုးရိမ်ရဆုံးမဟုတ်လား။

"အဲဒါ အန်ကယ်တို့ဘက်က ကံကောင်းတဲ့အချက်လေ ကျွန်မနဲ့ 'ဟိန်း' ချစ်သူတွေဖြစ်ကြတာမှန်ပေမယ့် လက်ထပ်ဖို့မစဉ်းစားမိကြသေးဘူး... ပြီးတော့နှစ်ဘက်မိဘ သဘောမတူတဲ့မင်္ဂလာပွဲမျိုးကို ကျွန်မ မနှစ်သက်ဘူး..." နှစ်ဦးနှစ်ဘက်ပြေလည်



www.burmeseclassic.com

www.burmeseclassic.com



ကြည်ဖြူမယ့်မင်္ဂလာပွဲမျိုးကိုပဲ ကျွန်မမက်မောတယ်… ကျွန်မနဲ့ ‘ဟိန်း’ ကိုအန်ကယ်တို့ဘက်က ကြည်ဖြူစွာသဘောတူပေးမယ့် အချိန်အထိ စောင့်ရမှာပေါ့”

“တစ်သက်လုံး သဘောမတူဘူးဆိုရင်ကော”

မောင့်ဖေဖေက ဝင်မေးလိုက်တာဖြစ်သည်။

“တစ်သက်လုံးစောင့်နေပါ့မယ်”

“ကဲ ကဲ မင်းဆန္ဒအတိုင်း တို့သဘောတူတယ်ပဲထားပါ ‘ဟိန်း’ ကိုပြန်ခေါ်လိုက်ပါ့မယ်”

“ကျွန်မလာပြောလို့ ခေါ်ရတဲ့ပုံစံမျိုးတော့ ‘ဟိန်း’ ကို မသိစေချင်ပါဘူး”

“မပြောပါဘူး… မင်းစကားအတိုင်းတော့ မင်းတည်ရမယ်နော်… နှစ်ဦးနှစ်ဘက်ပြေလည်မှ မင်္ဂလာကိစ္စကိုလက်ခံမယ်ဆိုတာ”

“ကျွန်မမပြောင်းလဲပါဘူး… အန်ကယ်တို့ဘက်ကသာ သဘောတူပေးဖို့ကြိုးစားကြပါ… ကျွန်မဖေဖေကိုတော့ ကျွန်မရအောင်စည်းရုံးပါ့မယ်”

“မင်းဆန္ဒတွေ ပြည့်ဝပါစေကွယ်”

ဖြစ်ချင်တဲ့ဆန္ဒဖြစ်သွားခဲ့ပြီဆိုတော့ ‘ဟန်နီ’ ပြန်လာခဲ့





လိုက်ပါသည်။ မောင့်ရဲ့ပြုံးပျော်နေသော မျက်နှာကို ‘ဟန်နီ’ မြင်တွေ့ရရင် လာရကျိုးနပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

မူလနေရာမှာပြန်ပြီးနေနေရတဲ့အတွက် မောင့်မျက်နှာ
ကကြည်လင်လျက်ရှိကာ 'ဟန်နီ' နဲ့လည်း ရက်ခြားဆိုသလိုတွေ့
ဆုံခွင့်ပါရနေတဲ့အတွက် စိတ်ချမ်းသာနေရသည်။

မောင့်အိမ်ကလူတွေသည် ဘယ်လို စိတ်ကူးမျိုးတွေ
ကြောင့် 'ဟန်နီ' နဲ့မောင့်ကို ဆက်ပြီးပတ်သက်ခွင့်ပြုနေသ
မသိချေ။

မောင်ကတော့နောက်ထပ်တစ်ခါ အိမ်က်နေထွက်သွာ
မှာစိုးလို့ လူကြီးတွေကသိပ်ပြီး မတင်းကြပ်တော့တာဆိုပြီး





ကြေးနဲ့ပြောလေသည်။

ဘယ်လိုပဲဖြစ်ဖြစ် ချစ်သူနဲ့တွေ့ဆုံခွင့်ရနေတဲ့အတွက်
ဟန်နီ' မှာပျော်နေရသည်။ ဖေဖေကလည်း ခပ်မြန်မြန်ပြန်လာဖို့
ခါလှပါပြီ။

မောင်နဲ့ပတ်သက်ပြီး တိကျတဲ့အဖြေတစ်ခုမရမချင်း
ဟန်နီ' ကတော့ ဖေဖေ့ဆီကိုလိုက်မသွားနိုင်သေးပါ။ မောင်ဟာ
ဟန်နီ' ရဲ့ဘဝပဲဆိုတော့ မောင်နဲ့နီးစပ်ဖို့သေချာပြီဆိုမှ လိုက်
သွားဖို့စဉ်းစားထားသည်။

မောင့်ရဲ့အသိုင်းအဝိုင်းနဲ့လည်း အဆင်ပြေသလောက်
ရှိနေပါပြီ။ ဒီနေ့မောင့်ဖေဖေရဲ့မွေးနေ့ကို 'ဟန်နီ့' အားလာခဲ့
ဖို့ဖိတ်ထားသည်။

လူရင်းတွေပဲဖိတ်ပြီးကျွေးတဲ့ပွဲမို့ 'ဟန်နီ' မသွားလို့မဖြစ်
ပါ။ လူကြီးတွေသဘောကျ တစ်ခါမှမဝတ်ဖူးတဲ့ မြန်မာဆန်ဆန်
ရင်ဖုံးလက်ရှည်လေးကို 'ဟန်နီ' က ဝတ်လာခဲ့သည်။

'ဟန်နီ့' ကိုကြည့်ပြီး မောင့်မျက်နှာကပြုံးရွှင်နေပေမယ့်
ကျန်တဲ့လူတွေကတော့ သိပ်ပြီးဖော်ဖော်ရွေရွေမရှိလှဘဲ 'ပိုးဝါန'
ရဲ့မျက်နှာကိုသာ အရိပ်လိုကြည့်နေကြသည်။

သူတို့ရဲ့ အပြုအမူတွေကိုကြည့်ပြီး ခံရခက်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မောင်မျက်နှာမပျက်ရလေအောင် မသိဟန်ဆောင်နေလိုက်ရပ
သည်။

"'ဟန်နီ' ခဏနေဦးနော်... မောင်အပေါ်ထပ်တက်လိုက်
ဦးမယ်... ဖေဖေကလာတဲ့လူတွေကို အမှတ်တရလက်ဆောင်ပေး
ဖို့စီစဥ်ထားတယ်...ပါဆယ်ထုပ်လေးတွေ သယ်ပေးလိုက်ဦးမယ်"

မောင်ထွက်သွားတော့ 'ဟန်နီ' တစ်ယောက်တည်းဧည့်
ခန်းမှာကျန်နေရစ်ခဲ့ပါသည်။ ကျန်တဲ့လူတွေက သူ့အုပ်စုနဲ့သူ
စကားတွေပြောလျှက်ရှိကြသည်။

'ပိုးဝါနု' ကအရင် 'ဟန်နီ' ထိုင်နေတဲ့အနားကိုရောက်
လာသည်။ မျက်နှာထားကိုပြုံးထားပေမယ့် မျက်လုံးတွေကတော့
စူးရှလက်ပြောင်နေသည်။

'ပိုး' တစ်ယောက်ရန်စတော့မယ်နဲ့ တူပါရဲ့။

"ပျင်းနေပြီနဲ့တူတယ်... အင်းပေါ့လေ တစ်ယောက်
တည်းဘယ်သူကမှလည်း အဖက်မလုပ်တော့ ပျင်းနေရှာမှာပေါ့
'ပိုး' သာဆိုရင် သိက္ခာအကျခံပြီး ဒီလိုနေရာမျိုးကိုမလာတော့ဘူး
သိလား... ဘုရားသွားပြီး ပုတီးစိပ်လိုက်မယ်"

မပွင့်တပွင့်ပြောနေတဲ့ 'ပိုး' ကိုကြည့်ပြီး 'ဟန်နီ' အသည်း
ယားနေမိသည်။ မောင့်ရှေ့မှာဆိုရင်တော့ မခုတ်တတ်တဲ့ကြောင်





လိုလို မျက်နှာငယ်လေးနဲ့နေပြီး ကွယ်ရာလည်းကျရော ဘီးလူးမ
တစ်ယောက်လို အစွယ်ထုတ်ပြနေတာ ကောင်းတဲ့အလုပ်လား။

'ဟန်နီ' လည်း သူလုပ်သလိုပြန်လုပ်ပြလို့ ရတာပဲ
မဟုတ်လား။ မောင်မရှိမနေခဲ့တာ။ မောင်ပြန်လာရင် သူလိုပဲမျက်
နှာထားလေးကို ချိုပြထားလိုက်မယ်လေ။

"အ,နေတယ်နဲ့တူတယ်... 'ကိုကိုဟိန်း' ရှေ့ကြတော့ စ
ကားတွေတွတ်ထိုးနေလိုက်တာ အရှုံးမကြီးကြနေတာပဲ ခုကြ
တော့လည်းကုပ်လို့"

'ဟန်နီ' ရဲ့ မျက်နှာထားက တင်းသွားပြီး မျက်လုံးအ
ကြည့်ကလည်း ပြင်းထန်သွားမည်ထင်ပါသည်။

"အ,နေတာမဟုတ်ဘူး... မင်းကိုကြည့်ပြီးအံ့ဩနေတာ
သနားနေတာ... ယောကျ်ားတစ်ယောက်အတွက်နဲ့များ အမေဖြစ်
တဲ့သူကို နေရာတကာခေါ်ပြီး စစ်ကူလုပ်ခိုင်းနေတာ မင်းမရှက်
ဘူးလား... မောင်ကမင်းကိုမချစ်ဘူး... တို့ကိုဘာပြောသလဲဆိုရင်
လေ မင်းမျက်နှာကိုမြင်လိုက်ရရင် သူ့မှာအန်ချင်တာအရမ်းပဲတဲ့
ကိုခြေဖျားလောက်လုရင်လည်း မပြောပါဘူးတဲ့ မောင်ပြောသလို
မင်းကလည်းကိုယ်နဲ့မတန်မရာကို မှန်းနေတာကို... စိတ်တွေမော
ပြီး ရူးသွားလိမ့်မယ်ညီမရဲ့... တရားသဘောလေးနဲ့ဆင်ခြင်...



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ရင်မဖြစ်နိုင်ဘူးလို့မှတ်… မရနိုင်ရင်မရနိုင်ဘူးလို့မှတ် ဒီလိုဆို ညီမလေးဘဝကျူးကောင်းလိမ့်မယ်သိလား”

ပုပ်ပွပြီးမည်းသွားသော ‘ပိုးဝါနု’ မျက်နှာကို အရသာရှိရှိကလေး ‘ဟန်နီ’ ကငေးကြည့်နေလိုက်သည်။ သူ့အလှည့်ကျတော့ နာတတ်သလား။

လူတိုင်းလူတိုင်းမှာ တုံ့ပြန်တတ်တဲ့စိတ်မျိုးရှိတယ်ဆိုတာ သူသိရင် ‘ဟန်နီ’ ကိုလာမစော်ကားနဲ့ပေါ့။

“ ‘ကိုကိုဟိန်း’ ကိုပိုင်ယုံနဲ့ တစ်သက်လုံး လက်တွဲလို့ရလိမ့်မယ်လို့ ရှင်ကထင်နေတာလား… ဝေးပါသေးတယ်… အခုရှင့်ကိုသနားလို့ ဘဘကြီးတို့က ခဏလွှတ်ထားပေးတာပဲရှိတယ် ရှင်စောင့်ကြည့်ပါဦး… နောက်ပိုင်းအခြေအနေ ဘယ်လိုဖြစ်လာမလဲဆိုတာကို”

“တို့ကလည်း မင်္ဂလာရက်ဘယ်နေ့ရွေးမလဲဆိုတာကို စောင့်နေတာလေ… မပူပါနဲ့ သိပ်မကြာခင် မောင်နဲ့တို့ရဲ့ မင်္ဂလာဖိတ်စာ မင်းလက်ထဲရောက်လာမှာပါ”

“ရှင် ဒီအိမ်ကနေ ထွက်သွားရင်ကောင်းလိမ့်မယ်နော် လူပါးဝစကားတွေ သိပ်ပြောလွန်းအားကြီးတယ်”

“မင်းပြောတော့ကောင်းလား”





“ကောင်းတယ်… ‘ပိုး’ တို့ဘာလုပ်လုပ် ဒီအိမ်ကလူတွေအကုန်လုံးက ကန့်ကွက်မယ့်သူမရှိဘူး”

“တို့ဆိုရင်မင်းထက်တောင် ပိုပြီးအခွင့်အာဏာတွေ ပိုရှိသေးတယ်… ‘ညီဟိန်း’ ကိုတို့ပိုင်တယ်လေ”

‘ပိုးဝါနု’ တစ်ယောက်သူ မနိုင်တဲ့အခါကျတော့ အံကိုကြိတ်ပြီး မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာသည်။ ငိုသံထွက်အောင်လည်း ရှိုက်လိုက်သေးသည်။

သူ့ရဲ့ငိုသံတွေကိုကြားတော့ လူကြီးတချို့အပြေးရောက်ချလာကြသည်။ ‘ဟန်နီ’ ကတော့ ပြဿနာတွေမတက်ခင်မောင်ရောက်လာမယ့်အချိန်ကိုသာ မျှော်နေဖြစ်သည်။

“ဟင် ‘ပိုး’ ဘာဖြစ်လို့လဲ… ဘာလို့ငိုနေတာလဲ”

“အဟင့် ဟင့် ဟင့်… သူပေါ့ ‘ပိုး’ ကိုဒီအိမ်ကိုမလာနဲ့တဲ့… ‘ကိုကိုဟိန်း’ အနားကိုလုံးဝကပ်စရာမလိုဘူးတဲ့… ‘ပိုး’ ရှိနေတာသူ့အတွက် အနှောင့်အယှက်အတားအဆီးဖြစ်နေတယ်တဲ့လေ… အမေကောသမီးကော အရှက်မရှိကြဘဲ ‘ကိုကိုဟိန်း’ ကိုလိုချင်လို့ကပ်နေကြတာတဲ့”

‘ပိုး’ ရဲ့နှုတ်ကထွက်တဲ့စကားတွေကိုကြားပြီး ‘ဟန်နီ’ အံ့ဩသွားရသည်။ တော်တော်မျက်နှာပြောင်တိုက်ပြီး ပြောရဲတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ကွယ်ရာမှာပြောတယ်ဆိုရင် ကြားလို့ကောင်းပါသေးသည်။

အခုဟာက 'ဟန်နီ' တစ်ယောက်လုံးရှေ့မှာ ငုတ်တုတ်ထိုင်နေရဲ့သားနဲ့ လိမ်ပြောလိုက်တာ။ 'ပိုး' ရဲ့စိတ်ဓါတ်ကိုလက်ဖျားခါသွားရပါသည်။

'ဒေါ်နုနု' က စကားတစ်ခွန်းမှမပြောဘဲ 'ဟန်နီ့' မျက်နှာလည်ထွက်သွားအောင် ရိုက်ချလိုက်လေသည်။ ရုတ်တရက်မို့ ရှောင်ချိန်မရလိုက်ဘဲ မျက်စိထဲကြယ်တွေလှဲတွေမြင်သွားသလိုပါပဲ။

တစ်သက်နဲ့တစ်ကိုယ် ဒီလိုမျိုးကိုယ်ထိလက်ရောက် အစော်ကားမခံရဖူးတာကြောင့် ဒေါသစိတ်နဲ့တစ်ကိုယ်လုံးတုန်ရီလာရသည်။

ဒါလူတစ်ယောက်ကို အညွန့်ချိုးလိုက်တာ။ တစ်သက်လုံးမလှန်ရဲအောင် ပညာပြလိုက်တာ။ 'ဟန်နီ့' ရဲ့သားတွေ တဆတ်ဆတ်တုန်လို့လာရသည်။

ထိုင်နေရာကနေ ဝုန်းကနဲ့ထရပ်မိသွားတဲ့အထိပါပဲ။

"ဘာလုပ်တာလဲ... အန်တီ ကျွန်မကိုဘာလုပ်လိုက်တာလဲ... ဒီလိုမျိုးအန်တီ့မှာ လုပ်ပိုင်ခွင့်ရှိလို့လား"

"ရှိလို့ပဲ လုပ်ချလိုက်တာပေါ့... ညည်းစော်ကားတာကျ







တော့ရောကောင်းသလား... ညည်းနဲ့ပတ်သက်ရမှာစိုးလို့ ညည်းမျက်ခွက်ကိုလှည့်မကြည့်ဘူး... ညည်းအကြောင်းကိုလည်း စကားထဲတောင် တစ်ခွန်းထည့်မပြောဘူး... ညည်းသာမနေနိုင်မထိုင်နိုင် ငါတို့ကိုသက်သက် ရန်စပြီးစော် ကားလိုက်တာ... စိတ်ဓာတ်ကတော်တော် အောက်တန်းကျလွန်းတယ်"

"အောက်တန်းကျလွန်းတာ ကျွန်မ မဟုတ်ဘူး... ရှင်မွေးထားတဲ့ ရှင့်သမီးပဲ... မနေနိုင်မထိုင်နိုင် ကျွန်မကိုလာပြီးပတ်သက်တာ... ရန်စ စကားတွေပြောတာ... ကိုယ့်သမီးကိုယ်တော့နိုင်အောင်မဆုံးမဘဲ ကျွန်မကိုလာပြီးမဲနေစရာမလိုဘူး"

"ညည်းငါ့ကိုဒီလိုမျိုး ကက်ကက်လန်တစ်ခွန်းမခံ ပြန်ပြောနေစရာကိုမလိုဘူး"

"အန်တီလည်းထပ်မပြောနဲ့ပေါ့... ကိုယ်ကျတော့ပြောချင်ရာအဝပြောမယ် တစ်ခြားတစ်ဖက်ကငြိမ်ခံနေလိုက်ဆိုတဲ့တစ်ဖက်သတ်ကြီးကိုတော့ ဘယ်သူကမှလက်မခံဘူး"

ဒေါသဖြစ်ရလွန်းတာကြောင့် 'ဟန်နီ့' ဘက်က တစ်ခွန်းမခံပြန် ပြန်ပြောနေမိသည်။ လူကြီးတစ်ယောက်ကို ရန်ပြုဖက်ပြိုင်ပြီး မပြောသင့်ဘူးဆိုတာသိပေမယ့် နေရင်းထိုင်ရင်း အရိုက်ခံလိုက်ရတဲ့အတွက် ဘယ်လိုမှကိုမကျေအေးပေးနိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အစော်ကားခံလိုက်ရတဲ့အတွက် ဘယ်သူက 'ဟန်နီ' ကျေနပ်အောင် တောင်းပန်ပေးမှာလဲ။ မဆိုင်တဲ့လူတွေ တောင်းပန်တဲ့စကားပြောတာကို မလိုချင်ပါ။

"ကဲ 'ဟန်နီ' တော်တော့... 'နုနု' ကိုဘာမှပြန်ပြောမနေနဲ့ ငါတို့အိမ်မှာ ညည်းဒီလိုမျိုးပြောရဲဆိုရဲဖြစ်နေတာကိုကသိပ်လွန်နေပြီ... ဘယ်သူကမှလည်းညည်းကို မျက်နှာသာမပေးထားဘူး ဒီအိမ်နဲ့ပတ်သက်တဲ့လူမှန်သမျှကို ညည်းဘက်ကသည်းခံနိုင်ဖို့ စဉ်းစားထားစမ်းပါ"

'ဒေါ်ခင်ခင်လေး' ကဝင်ပြောလိုက်တာဖြစ်သည်။

"သည်းခံတာက နောက်ပိုင်းကိစ္စပါ 'ကြီးကြီးခင်'... အခုကျွန်မ အရိုက်ခံလိုက်ရတဲ့အတွက် မကျေနပ်နိုင်ဘူး... ကျွန်မကျေနပ်အောင်ဘယ်လိုတောင်းပန်မှာလဲ... ပါးစပ်နဲ့ပြောကြတာချင်း အတူတူ ကျွန်မကအရိုက်ပါခံလိုက်ရတယ်... ကျွန်မနေရာမှာ 'ဟိန်း' ဆိုရင် 'ကြီးကြီးခင်' 'ဒေါ်နုနု' ကို ဒီအတိုင်းပဲကြည့်နေမှာလား"

"ကြည့်သင့်ရင်ကြည့်ရမှာပေါ့... 'ဟိန်း' ကလည်းညည်းလိုမျိုး မမိုက်ရိုင်းတတ်တော့ ဒီလိုပြဿနာမျိုးတွေဘယ်ဖြစ်ပါ့မလဲ... ဒီနေ့က 'ဟိန်း' ဖေဖေရဲ့မင်္ဂလာရှိတဲ့မွေးနေ့ ညည်းကြောင့်





ပျက်ဆီးသွားပြီ... ပျော်စရာကျန်တဲ့အချိန်လေးကိုတော့ ညည်းထပ်ပြီးမဖျက်ဆီးပါနဲ့တော့... ပြန်လိုက်ပါ"

မောင့်ကိုတွေ့ပြီးအကျိုးအကြောင်း ပြောပြချင်ပေမယ့် ကိုယ့်ကိုအလိုမရှိတဲ့ ပတ်ဝန်းကျင်မှာ မျက်နှာပြောင်တိုက်ပြီး မနေချင်တော့ပါ။ ပြန်ဖို့ဆုံးဖြတ်လိုက်ပါသည်။

မပြန်ခင်လေးတော့ မကျေနပ်ချက်ကို ပြသတဲ့အနေနဲ့ ပေစောင်းစောင်းရပ်ကြည့်နေတဲ့ 'ပိုးဝါနု' ရဲ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်မိသည်။

အားကနဲအော်ကာ ဆိုဖာခုံပေါ်နောက်ပြန်လဲကျသွားတဲ့ 'ပိုးဝါနု' ရဲ့ဖရိုဖရဲပုံစံကိုကြည့်ပြီး စိတ်ထဲမှာတော့ ကျေနပ်သွားခဲ့သလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

'ဟန်နီ' ဘာလို့ပြန်လာခဲ့ရတယ်ဆိုတဲ့ အကြောင်းအရင်း အမှန်ကို မောင်ကမမေးမြန်းဘဲ သူ့အိမ်ကလူတွေရဲ့ သွေးထိုးစကားကို ယုံကြည်နေခဲ့သည်။

ကိုယ့်ဘက်ကမမှားတာကြောင့်လည်း ခံလကုန်ခံပြီးတော့ မောင့်ကိုဖွဲ့နွဲ့ပြီး ရှင်းပြမနေတော့ပါ။ ပြန်တွေးမိရင်တောင် မောင်နဲ့ပတ်သက်တဲ့ အသိုင်းအဝိုင်းကို စိတ်ပျက်ရွံရှာမိတာကြောင့် ခေါင်းထဲကနေထုတ်ထားလိုက်မိသည်။

မောင်နဲ့မနီးစပ်သ၍တော့ 'ဟန်နီ' သည်းခံနေရဦးမှာဖြစ်





သည်။ မောင့်ကိုများပိုင်ဆိုင်ခွင့်ရခဲ့ပြီဆိုတော့ 'ဟန်နီ့' စိတ်တိုင်းကျ ဒီအုပ်စုနဲ့ဝေးတဲ့ လွတ်တဲ့နယ်မြေသစ်မှာ နေထိုင်ဖို့ဆုံးဖြတ်ထားပြီးနေပါပြီ။

'ဟန်နီ' ခေါ်တဲ့နောက်ကို မောင်ကလိုက်ပါ့မလား။မောင်ပြောနေတဲ့စကားတွေက 'ဟန်နီ့' နားထဲမရောက်ဘဲ ကိုယ်တွေးချင်တဲ့အကြောင်းအရာတွေကိုသာ လျှောက်တွေးနေဖြစ်သည်။

ကြာတော့ မောင်တစ်ယောက်တည်းအရူးဖြစ်နေခဲ့ပါပြီ 'ဟန်နီ့' ရဲ့ပခုံးကို ကိုင်လှုပ်ရင်း...

"မောင်ပြောနေတာကြားလားကွာ... ဘာမှလည်းပြန်မပြောဘူး... ငေးတိငေးငိုင်နဲ့ ဘာဖြစ်နေတာလဲ"

"လျှောက်စဉ်းစားနေတာ"

"ဒါဆို မောင်ပြောတာကို 'ဟန်နီ' ဘာမှမသိဘူးပေါ့... စိတ်မဝင်စားဘူးပေါ့ဟုတ်လား"

"ဟုတ်တယ်"

မောင်က စိတ်ပျက်သလိုပုံစံမျိုးဖြင့် အကဲခတ်ကာကြည့်နေ၏။

" 'ဟန်နီ' ရာ... မောင်က အားလုံးနဲ့ပြေလည်စေချင်လို့ ပြောနေတာ ဒီလိုပြေလည်မှလည်း 'ဟန်နီ' နဲ့ မောင်နဲ့မြန်မြန်နီး



www.burmeseclassic.com

www.burmeseclassic.com



စပ်မှာမဟုတ်လား… 'ပိုး' ကိုမေ့ထားလိုက်ပါ… မောင်မှ သူ့ကို မေတ္တာမရှိတာ သူနဲ့ဖက်ပြိုင်ပြီးရန်လုပ်နေရင် 'ဟန်နီ' ပဲမောရ တာအဖတ်တင်မှာပေါ့"

"ဖက်ပြိုင်တယ်ဆိုတဲ့စကားကို မောင်မပြောစမ်းပါနဲ့… 'ပိုးဝါန' နဲ့ 'ဟန်နီ' က ပြိုင်ဘက်မဟုတ်ဘူး… ခေါင်းထဲမှာတောင် သူ့ကိုထည့်မထားဘူး… သူနဲ့ 'ဟန်နီ' နဲ့အနေသာကြီး… သူက စလာလို့ 'ဟန်နီ' နဲ့ထိပ်တိုက်တွေ့တာ… ဘယ်သူမှားတယ်မှန် တယ်ဆိုတာကိုတော့ မောင့်အသိဉာဏ်နဲ့မောင် စဉ်းစားဆုံးဖြတ် 'ဟန်နီ' ကတော့ အလကားသက်သက်ရန်စပြီး ပြဿနာရှာတတ် တဲ့သူမျိုးကို သည်းမခံတတ်ဘူး"

"သည်းမခံတတ်တော့ 'ဟန်နီ' ကိုရိုင်းတယ်လို့ပြောကြ တာပေါ့"

"ကိုယ့်ရဲ့အသားအနာခံပြီးတော့တဲ့အထိတော့ ဘယ်သူ ကမှ သည်းခံနိုင်မယ်မထင်ဘူးမောင်… 'ဟန်နီ' ရိုင်းတယ်ပဲထား လိုက်ပါတော့"

မောင့်ကိုလည်းစိတ်ပျက်သွားရသည်။ ပြဿနာတစ်ခု ကို ပြေလည်စေချင်တယ်ဆိုရင် တစ်ဖက်တည်းကိုပဲ မောင်အပြစ် တင်မနေနဲ့လေ။





မောင့်ရဲ့အသိုင်းအဝိုင်းဘက်ကိုလည်း မောင်ထိန်းသိမ်း သင့်တာပေါ့။ 'ဟန်နီ့' ရင်ထဲကဆုံးဖြတ်ချက်တောင်မှ မောင့်ရဲ့ အသိုင်းအဝိုင်းကြောင့် ပြောင်းလဲချင်နေရပြီ။

အရွဲ့တိုက်ပစ်ချင်စိတ်နဲ့ မိဘတွေသဘောဆန္ဒကိုအ လေးမထားတော့ဘဲ နှစ်ဦးသဘောတူလက်ထပ်ပစ်လိုက်ချင်ပါ သည်။

လက်ထပ်ပြီးရင်မောင့်ကို 'ဟန်နီ' နဲ့အတူဖေဖေ့ဆီခေါ် သွားလိုက်မည်။ ဒီလိုဆိုရင် မောင်နဲ့ပတ်သက်ပြီး သည်းသည်း လုပ်နေတဲ့လူတွေ ရင်ပတ်ကိုထုပြီးငိုကြစမ်းပါ။

'ဟန်နီ့' မျက်နှာကတင်းနေတော့ မောင့်လေသံကပျော့ သွားသည်။

"မောင့်ကိုစိတ်ဆိုးသွားတာလား… မောင်က 'ဟန်နီ့' ကိုချစ်လို့ လူတွေအမြင်မှာကောင်းစေချင်လို့ပြောတာပါ"

"မောင့်ကို 'ဟန်နီ' တစ်ခုမေးချင်တယ်… မောင် 'ဟန်နီ့' ကိုတကယ်ချစ်လား"

"ချစ်တာပေါ့… ချစ်လို့လည်းအိမ်ပေါ်ကတောင် ဆင်း ခဲ့သေးတာပဲ"

"ဒါဆို 'ဟန်နီ' နဲ့မောင် ဘယ်တော့လက်ထပ်ကြမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါက 'ဟန်နီ' ပဲပြောတယ်လေ... နှစ်ဘက်လူကြီးမိဘတွေ သဘောတူညှိနှိုင်းကြပြီးမှ ခမ်းခမ်းနားနားလုပ်ချင်တယ်ဆို"

"နှစ်ဘက်ဆိုတဲ့နေရာမှာ 'ဟန်နီ့' ဘက်ကအေးဆေးနိုင်ပေမယ့် မောင့်ဘက်ကမအေးဆေးနိုင်ဘူးနော်... 'ဟန်နီ' ထင်တယ်... ဘယ်လိုမှ 'ဟန်နီ' နဲ့သဘောတူပေးနိုင်မယ်မထင်ဘူး"

မောင်က ရှေ့ရေးကိုတွေးမပူသလိုပြုံးသည်။

"သဘောတူပေးဖို့ဆန္ဒမရှိရင် မောင့်ကိုဒီလိုမျိုး 'ဟန်နီ' နဲ့ပေးတွေ့မယ်တောင်မထင်ဘူး... ပေးတွေ့နေတယ်ဆိုတည်းက သူတို့တွေစိတ်ထဲမှာ 'ဟန်နီ့' ကိုလက်ခံနိုင်လို့ပဲ"

"မောင်ပြောသလိုမျိုးဖြစ်လာရင်တော့ ကောင်းတာပေါ့ ဖြစ်မလာခဲ့ဘူးဆိုရင်တော့ 'ဟန်နီ့' ဘက်က သိပ်စိတ်မရှည်နိုင်တော့ဘူး"

"အခုချက်ခြင်း တရားရုံးသွားပြီး လက်ထပ်မလားပြော"

"ဒီနေ့ကတော့ စောသေးတယ်... နောက်နေ့ပေါ့"

မောင်က 'ဟန်နီ့' ကိုဖက်ရင်း ရယ်မောနေခဲ့သည်။

မောင့်ရဲ့ခါးမှာချိတ်ထားတဲ့ဖုန်းလေးက အသံမြည်လာပါသည်။ 'ဟန်နီ' က မဲ့ပြုံးလေးပြုံးလိုက်ရင်း...





"မောင်ရေ့ပြန်ဖို့ပြင်ပေတော့... စိတ်ထဲမှာထင်နေတာတော့ကြာပြီ... မောင့်အိမ်က တစ်နာရီပြည့်တာနဲ့ အကြောင်းအမျိုးမျိုးပြပြီးပြန်ခေါ်တော့တာပဲ... နာရီအတိအကျနဲ့မောင့်ကို 'ဟန်နီ' ဆီလွှတ်နေတာ"

"မဖြစ်နိုင်ပါဘူး"

"ဩော် မယုံရင်မောင်ဖုန်းပြောကြည့်လေ... 'ဟန်နီ' ထင်တာမမှားပါဘူး"

'ဟန်နီ' ပြောသလိုပါပဲ။ မောင့်ကိုအလုပ်ကိစ္စအကြောင်းပြပြီး ပြန်ခေါ်နေခြင်းပါပဲ။ မောင်လိုလူက သူ့အိမ်ကလူတွေစကားဆို သိပ်ယုံကြည်သည်။

'ဟန်နီ' နဲ့ပတ်သက်ခွင့်လေးပေးနေတာကိုပဲ ကျေးဇူးဆွေစွတ်တင်ကာ ဘာပဲပြောလိုက်ပြောလိုက် ခေါင်းညိတ်ပြီးသားဖြစ်နေတတ်သည်။

မောင့်ရဲ့သူ့အုပ်ထိန်းသူတွေအပေါ် ရှိသေနာခံတတ်တဲ့အကျင့်လေးကိုတော့ မဖျက်ဆီးချင်ပါဘူး။ ဒါပေမဲ့ 'ဟန်နီ' အတွက်တော့ တစ်ဖက်သပ် ပညာပြခံနေရသည်ဟု ယူဆမိသည်။

"ပြန်မှဖြစ်မယ် 'ဟန်နီ' ရေ... ဖေဖေ မူးလို့ဆေးရုံပို့ရင်ရှိရမယ်တဲ့... ခုတလော ဖေဖေ ခဏခဏသွေးတိုးနေတတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်တာလဲ မသိဘူး”

‘ဟုတ်ကောဟုတ်ရဲ့လား မောင်ရယ်’ လို့မေးလိုက်ချင် ပေမယ့် မမေးဖြစ်တော့ပါ။ တကယ်ဖြစ်နေရင် ‘ဟန်နီ’ ရဲ့အမေး ကြောင့် မောင်စိတ်မကောင်းဖြစ်သွားနိုင်သည်။

မောင်ပြန်သွားတော့ ‘ဟန်နီ’ လည်း အပြင်ထွက်ဖို့ပြင် ရသည်။ ဖေဖေမှာထားတဲ့ပစ္စည်းတချို့ကို လူကြုံရှိတာနဲ့ဝယ် ထည့်ပေးလိုက်ချင်လို့ပါ။

ပထမတော့ မောင်နဲ့အတူသွားဖို့ စိတ်ကူးထားမိပေမယ့် မောင်ပြန်သွားတဲ့အတွက် ‘ဟန်နီ’ တစ်ယောက်တည်းထွက်လာခဲ့ လိုက်ပါသည်။

ဖေဖေနဲ့လည်း ခုတလောအဆက်အသွယ်ပြတ်သလို ဖြစ်နေသည်။ ဖုန်းဆက်တော့လည်းမကိုင်၊ အီးမေးလ်ပို့တော့ လည်း စာမပြန်တဲ့အတွက် စိတ်ထဲမှာပူပင်နေမိသည်။

ပြန်လာခဲ့ဖို့ခေါ်နေတဲ့ ‘ဟန်နီ့’ ကို ဖေဖေစိတ်ဆိုးနေ ပြီလားမပြောတတ်ပါ။ ဒီတစ်ခါ ဖေဖေနဲ့များအဆက်အသွယ်ရ ရင် မောင်နဲ့ကိစ္စကိုဖွင့်ပြောပြဖို့ ‘ဟန်နီ’ က စိတ်ကူးထားခဲ့ သည်။

ဖေဖေသာသဘောတူမယ်ဆိုရင် မောင့်ကိုဖွင့်ပြောပြီး



www.burmeseclassic.com



‘ဟန်နီ’ တို့နှစ်ယောက်လိုက်သွားဖို့ ကြိုးစားကြမည်။ ကိုယ့်စိတ် ကူးနဲ့ကိုယ် ကြည်နူးမိနေတဲ့ ‘ဟန်နီ’ တစ်ယောက် ရှေ့ကစုံတွဲ ကိုမမြင်မိပါ။

စီးတီးမတ်ထဲရောက်မှ ဝယ်ရမည့်ပစ္စည်းစာရင်းတွေရေး ထားသည့်စာရွက်ကို ဖတ်နေမိသည်။

“ ‘ကိုကိုဟိန်း’ ကြိုက်တာဝယ်လေ… ‘ပိုး’ က ‘ကိုကိုဟိန်း’ သဘောပဲ”

“ဒါလေးပဲ ယူလိုက်မယ်နော်”

ကြားဖူးနေကြအသံမို့ ‘ဟန်နီ’ မော့ကြည့်လိုက်မိသည်။ မောင်ကတော့ ‘ဟန်နီ’ ကြည့်နေတာကိုမမြင်သေးချေ။ မောင့် မျက်နှာကို မထင်မှတ်ဘဲမြင်လိုက်ရတဲ့ ‘ဟန်နီ့’ မှာ ပျော်ရွှင်မ သွားရဘဲ ဒေါသထွက်သွားခဲ့ရသည်။

အဖေသွေးတိုးလို့ စိုးရိမ်တကြီးပြန်သွားတဲ့လူက စီးတီး မတ်ထဲ ဘာရောက်နေစရာလိုသလဲ။ မောင့်မျက်နှာကိုကြည့်တော့ လည်း ပူပင်မှုတွေကင်းနေရသည်။

မောင့်ဖေဖေ ဘာမှမဖြစ်တာ သေချာနေပါပြီ။ ‘ဟန်နီ’ သည် အဖြစ်အပျက်တွေကို ဆက်စပ်တွေးကြည့်ရင်း ဒေါသ ဖြစ်သထက်ဖြစ်လာရသည်။

www.burmeseclassic.com



မောင့်ကိုလည်း အေးအေးဆေးဆေး မနှုတ်ဆက်နိုင်တော့ပါ။ လက်ထဲမှာကိုင်ထားသောတွန်းလှည်းနဲ့ မောင်တို့စုံတွဲကိုခပ်ပြင်းပြင်း တမင်ကိုတိုက်ချပစ်လိုက်သည်။

"အား..."

"အံမယ်လေး"

'ပိုးဝါနု' နဲ့ မောင့်ရဲ့အသံက နာကျင်သွားသဖြင့် ခပ်ကျယ်ကျယ်ထွက်လာသည်။ ဘေးပတ်ဝန်းကျင်ရှိလူတွေကလည်း 'ဟန်နီ' တို့ကိုကြည့်နေကြသည်။

ဘယ်သူပဲကြည့်ကြည့် 'ဟန်နီ' မရှက်နိုင်တော့ပါ။ဒေါသက ပတ်ဝန်းကျင်ကိုမေ့စေနိုင်တဲ့အတိုင်းပါပဲ။

" 'ဟန်နီ'..."

မောင့်ရဲ့အသံက ခပ်တိုးတိုးသာထွက်နိုင်သည်။

"ဒါဘာလဲ... ဘာလုပ်နေတာလဲ... အဖေသွေးတိုးလို့ ဆေးရုံလိုက်သွားရမယ့်သူလား... ဟုတ်လား"

မှုပျက်နေသောမောင့်ရဲ့မျက်နှာကို ကြည့်လိုက်တာနဲ့တင် မောင်လိမ်သွားတယ်ဆိုတာကို 'ဟန်နီ' သိလိုက်ပါပြီ။ 'ဟန်နီ' နဲ့တွေ့ခွင့်ရဖို့အတွက်နဲ့ မောင့်ဘက်ကဒီလောက်တောင် လိုက်လျှောဖို့လိုသလား။





ကိုယ့်ချစ်သူကိုတော့ထားခဲ့ပြီး တခြားမိန်းမတစ်ယောက်ကို ဘာကြောင့်များလောကွတ်ပိုချော့နေရပါသလဲ။ မောင်က 'ဟန်နီ့' အနားကိုကပ်လာသည်။ လေသံတိုးတိုးလေးဖြင့်...

"မဟုတ်ဘူး... ဖေဖေ့အတွက်လိုအပ်တဲ့ဂျူ့စ်တစ်ခုခုလာဝယ်တာ... 'ပိုး' ရောက်နေတာနဲ့ သူ့ကိုပါ..."

"တော်စမ်းပါ မောင်ရယ်... မလိမ်တတ်ဘဲနဲ့မလိမ်စမ်းပါနဲ့... မောင်အဲ့ဒီလိုပျော့ညံ့နေလို့ မောင့်အိမ်ကလုပ်ချင်သလိုလုပ်နေကြတာ... 'ပိုးဝါနု' လည်းပိုအတင့်ရဲနေတာ... 'ဟန်နီ' ရှင်းရှင်းပဲပြောတော့မယ်... ပထမတော့မောင့်အသိုင်းအဝိုင်းရဲ့ ချစ်ခင်ကြည်ဖြူမှုကို 'ဟန်နီ' လိုချင်ခဲ့တယ်... ဒါကလည်းမောင့်ကိုပါစိတ်ချမ်းသာစေချင်လို့... အခုတော့တော်ပါပြီ... 'ဟန်နီ' စိတ်ချမ်းသာတာကိုပဲရွေးတော့မယ်... မောင့်ကိုပြောခဲ့ဖူးပါတယ် လက်ထပ်တာကို ဂုဏ်သိက္ခာနဲ့ထိန်းလို့ရတယ်ဆိုတာလေ... 'ဟန်နီ' ပြင်လိုက်ပြီ... လက်ထပ်ခြင်းဟာချစ်သူနှစ်ယောက်ရဲ့ ပန်းတိုင်ပဲ... ဒီပန်းတိုင်ကို 'ဟန်နီ' ရောက်အောင်သွားတော့မယ် မောင်အားမွေးထားပါ"

မဲ့ကနဲဖြစ်သွားတဲ့ 'ပိုးဝါနု' ရဲ့မျက်နှာကိုခပ်စူးစူးစိုက်ကြည့်ပြီးမှ 'ဟန်နီ' ထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့ အဆက်အသွယ် မြန်မြန်ရမှပဲဖြစ်ပါတော့မည်။





## ၂၁

ရုတ်တရက်ဖေဖေ့ကိုမြင်တွေ့လိုက်ရတဲ့အတွက် 'ဟန်နီ' အရမ်းကိုအံ့သြသွားခဲ့ရသည်။ ဟုတ်မှဟုတ်ရဲ့လားဆိုပြီးကြောင်ကြည့်နေမိတာ နှုတ်ဆက်ဖို့ပင်မေ့နေရသည်။

"'ဟန်နီ' အစ်ကိုကြီးကိုခေါ်လေ... ဘာထိုင်ကြည့်နေတာလဲ"

'ကြီးကြီးနု' က ဖေဖေပါလာတဲ့အထုပ်အပိုးတွေကို အသိုက်သိသိကူသယ်ပေးလေသည်။

"ဖေဖေ... ဖေဖေ ရောက်လာတယ်... 'ဟန်နီ' ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ... ဖုန်းလေးတစ်ချက်တောင်ဆက်ဖော်မရဘူး 'ဟန်နီ' လာကြိုပေးမှာပေါ့"

"ရပါတယ်ကွာ... 'ဟန်နီ့' ကိုအံ့သြစေချင်လို့တမင် အကြောင်းမကြားဘဲ နေလိုက်တာ... ဒီနေ့ဆိုင်မသွားဘူးလား... ပိတ်လို့လား"

"ဖွင့်ပါတယ်... 'ဟန်နီ' မသွားချင်သေးလို့"

မောင်နဲ့တွေ့ရမှာစိုးလို့ တမင်ရှောင်တဲ့အနေဖြင့် 'ဟန်နီ' အိမ်တွင်းအောင်းနေမိတာဖြစ်သည်။ 'ဟန်နီ' ဖုန်းကိုလည်းပိတ်ထားသည်။

တကယ်လို့အိမ်အထိ မောင်လိုက်ချလာရင်လည်း မရှိဘူးဆိုပြီး 'ကြီးကြီးနု' ကိုပြောခိုင်းထားသည်။ သုံးလေးရက်လောက် 'ဟန်နီ' နဲ့မတွေ့ဘဲ မောင်နေနိုင်မယ်မထင်။

လိမ်ညာတတ်သောမောင့်ကို ဒီလောက်ကလေးမှ ပြန်ပြီးတင်းထားမပြနိုင်ရင် တစ်သက်လုံး 'ဟန်နီ့' ဘက်က ခေါင်းငုံ့ခံနေရမှာဖြစ်သည်။

မောင်ဘက်ကသည်းသည်းလှုပ်ဖြစ်ပြမှ မောင်နဲ့ပတ်သက် သူတွေရှေ့မှာ 'ဟန်နီ' ဂုဏ်တက်လိမ့်မည်။ 'ပိုးဝါနု' တို့သားအမိလည်းအထိနာမည်။





ကိုယ့်အတွေးနဲ့ကိုယ် 'ဟန်နီ' သိပ်ကိုစိတ်ချမ်းသာနေရပါသည်။ ဆိုင်ကကောင်မလေးတွေဆီက ဖုန်းလာပြီးပြီ မောင်ဆိုင်ကိုဖုန်းဆက်တာနှစ်ခါရှိပြီတဲ့။

"'ဟန်နီ' ကစီးပွားရေးကိုကလေးကစားသလို လုပ်နေပါလား... ပိုင်ရှင်ဖြစ်ပြီး ပျင်းတယ်ပျော်တယ် ရှိနေရဦးမှာလား"

"ဒီနေ့တစ်ရက်ပဲရှိပါသေးတယ်... ဖေဖေ ဗီဇာဘယ်လောက်ယူထားသလဲ... ကြာကြာနေမှာလား"

ဖေဖေပြုံးလိုက်တဲ့အပြုံးက တစ်မျိုးဖြစ်နေသည်။

"ဘယ်လောက်နေဖြစ်မယ်ဆိုတာကိုတော့ 'ဟန်နီ့' အပေါ်မှာပဲမူတည်တယ်... ဖေဖေကတော့ အလုပ်တွေကိုလည်းခွင့်ယူပြီးလာရတယ်ဆိုတော့ မြန်မြန်ပြန်ရလေကောင်းလေပဲပေါ့"

'ဟန်နီ' အံ့သြသွားရသည်။ အလုပ်ကိုတောင်ခွင့်ယူပြီးလာရတဲ့အကြောင်းအရင်းက ဘာပါလဲ။ 'ဟန်နီ့' ကိုတွေ့ချင်ယုံသက်သက်တော့လည်း မဟုတ်နိုင်ပါ။

"ဖေဖေ့မှာ ကိစ္စရှိလို့လား"

"ရှိတာပေါ့... 'ဟန်နီ့' ကို ဖေဖေလာခေါ်တာလေ... ပြီးတော့ဒီကပိုင်ဆိုင်မှုတွေကိုလည်း တစ်ခါတည်းအပြီးအပြတ်ရောင်းသွားချင်တယ်... ဘာလို့လဲဆိုတော့ ဖေဖေလည်းလာမနေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သလို 'ဟန်နီ' လည်းလာနေဖို့မဖြစ်နိုင်တော့ဘူးလေ ဖေဖေတို့ဘဝက ဟိုမှာပဲအခြေကျနေပါပြီ"

"'ဟန်နီ' အခုချက်ချင်းတော့ ဖေဖေနဲ့ပြန်လိုက်နိုင်ဦးမှာမဟုတ်ဘူး... ဖေဖေ ဒီလောက်တောင်လောကြီးသွားရတာလဲ... ဖေဖေဘာကိုတွေးမိလို့လဲ... ဘာအကြံအစည်တွေရှိနေလို့လဲ"

ငယ်ငယ်ကတည်းက ရင်ထဲမှာရှိနေတဲ့အတိုင်းကို ဖေဖေအားဖွင့်ပြောပြရဲတာမို့ သိချင်တာမှန်သမျှကိုလည်း ပွင့်ပွင့်လင်းလင်းမေးကြည့်လိုက်မိသည်။

ရောက်ရောက်ချင်း အဖေနဲ့သမီး မတွေ့ရတာကြာလို့အလွမ်းမသည်နိုင်သေးဘဲ စကားတွေနဲ့ထိုးစစ်ဆင်နေကြသည်။ ဖေဖေ့ဘက်က အလည်သက်သက်လာတယ်ဆိုရင်တော့ ဒီလိုမျိုးပြောနေစရာတွေ အကြောင်းမရှိချေ။

အခုက 'ဟန်နီ့' ကိုသီးသန့်လာခေါ်တာဆိုတော့ အရမ်းကိုဆန်းကြယ်နေပါသည်။ ဖေဖေ့ အနေနဲ့သမီးတစ်ယောက်ကို တကူးတကလာခေါ်ယူရတဲ့အထိ အချိန်မပေးနိုင်တာ 'ဟန်နီ' သိနေခဲ့ပါသည်။

'ဟန်နီ' မသိနိုင်သော အကြောင်းတစ်ခုခုတော့ရှိနေခဲ့ပြီ။





"'ညီဟိန်း' ဆိုတဲ့ကောင်လေးရဲ့ အုပ်ထိန်းသူတွေဆီက ဖေဖေ့ဆီ အီးမေးလ်ဝင်လာတယ်"

ဖေဖေက စကားကိုရပ်ရင်း 'ဟန်နီ့' မျက်နှာကို အကဲခတ်သလိုကြည့်သည်။ 'ဟန်နီ' အံ့သြရသည်။ ဘယ်ကနေဘယ်လို့ ဖေဖေနဲ့ဆက်စပ်ဖို့ဖြစ်သွားခဲ့ရတာလဲ။ 'ဟန်နီ့' ဘက်ကတော့ ဖေဖေနဲ့ပတ်သက်ပြီး တစ်ခါမှဖွင့်မပြောဖူးတာသေချာသည်။

သူတို့တွေစုံစမ်းထောက်လှမ်းတာ တကယ်တော်တာပါလား။

"ဘာတွေများရေးထားလို့လဲ... ဖေဖေတောင်အလုပ်ကိုခွင့်ယူပြီး ဒီကိုရောက်လာရတဲ့အထိဆိုတော့ သူတို့တွေတကယ်တော်တာပဲ... 'ဟန်နီ' ခေါ်တာတောင်မှ ဖေဖေလာခဲ့တာမဟုတ်ဘူး"

"မခနဲ့ နဲ့ 'ဟန်နီ'... 'ဟန်နီ' လာဖို့ခေါ်တာက အပျော်သက်သက်လေ... သူတို့တွေရေးထားတာက 'ဟန်နီ့' ကိုတန်ဖိုးမရှိသလို သိက္ခာမရှိသလို နှိမ့်ချပြီးရေးထားခဲ့လို့ ဖေဖေရောက်လာခဲ့ရတာ... ဖေဖေတို့လည်း ကိုယ့်အဆင့်အတန်းနဲ့ကိုယ် နေနေတဲ့သူတွေပါ 'ဟန်နီ' ရယ်... ဘာလို့သူများပြောဆိုတာကို အလကားနေရင်းသည်းခံနေမလဲ... 'ဟန်နီ့' ဘက်ကမှန်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ပဲထားဦး သူတို့ကသူတို့သားကို 'ဟန်နီ' နဲ့လုံးဝသဘောမတူနိုင်ပါဘူးလို့ရေးလာမှတော့ ဖေဖေလည်းသူတို့သားနဲ့ 'ဟန်နီ' နဲ့သဘောတူမပေးနိုင်တော့ဘူး… ဒီကောင်ကရှေ့ထွက်နေလို့လား… ရှေ့ထွက်နေတယ်ဆိုတာတောင် ဒီလိုမျိုးအကြောနဲ့ပြောလာလို့ကတော့ လုံးဝဆောရီးပဲ 'ဟန်နီ'… ဒီတော့ 'ဟန်နီ' ဖေဖေနဲ့ပြန်လိုက်ခဲ့ပါ… ဒီမှာဆက်နေနေရင် 'ဟန်နီ' ဟာဖေဖေ့ရဲ့သိက္ခာကိုချနေတာနဲ့အတူတူပဲ… 'ဟန်နီ့' ကိုယုံကြည်လို့ဖေဖေလွှတ်ထားခဲ့ပြီးပြီပဲ… နေချင်တယ်ဆိုတဲ့နေရာမှာလည်း ပေးနေခဲ့ပြီးသွားပြီ… ဒီလောက်ဆို 'ဟန်နီ' ကျေနပ်ဖို့ကောင်းနေပါပြီ… ဖေဖေပြောတာ ဟုတ်တယ်မဟုတ်လား"

ဖေဖေ့ရဲ့စကားလည်းဆုံးရော 'ဟန်နီ' ဘာဆက်ပြောရမှန်းမသိတော့ပါ။ သူတို့တွေရဲ့ရိုက်ချက်က တကယ့်ကိုပြင်းထန်ပြီး ချက်ကောင်းကိုထိနိုင်ခဲ့ပါသည်။

'ဟိန်း' နဲ့နီးစပ်ဖို့အတွက် 'ဟန်နီ့' ရဲ့ဘဝအားကိုးရာသည် ဖေဖေပဲရှိခဲ့တာပါ။ ဖေဖေကိုယ်တိုင်က မောင်နဲ့'ဟန်နီ့' ကို သဘောမတူတော့ဘူးဆိုတော့ ရင်ထဲမှာမျှော်လင့်ထားတဲ့ စိတ်ကူးအိပ်မက်ကတော့ ပျောက်ကွယ်လုနီးပါးဖြစ်နေခဲ့ပါပြီ။

'ဟန်နီ့' ရဲ့ရင်ခုန်သံတွေမြန်ဆန်လာရကာ ငိုချင်စိတ်





ပြင်းပြလာခဲ့ရသည်။ 'ဟန်နီ' မရှုံးပါရစေနဲ့။ 'ဟန်နီ' ဘာလုပ်ရမလဲ။

'ဟန်နီ့' ရဲ့စိတ်က မိုက်မဲချင်တာတောင်မှ မောင်က သတ္တိရှိပါ့မလားမသိ။ မောင့်ကို 'ဟန်နီ' မယုံပါ။

"ဖေဖေ့ကို 'ဟန်နီ' ဖြစ်ချင်တဲ့စကားတွေနဲ့မသိမ်းသွင်းပါနဲ့… ဖေဖေ ဆုံးဖြတ်ပြီးမှထွက်လာခဲ့တာပါ… မာနနဲ့ဆိုတာ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကိုတက်စေပါတယ်… မပျော့ညံ့စမ်းပါနဲ့ 'ဟန်နီ' ရယ်… ချစ်ခြင်းကို ဖေဖေခွဲတာမဟုတ်ပါဘူး မဖြစ်နိုင်လွန်းလို့ ပြောနေရတာပါ"

"မောင်က 'ဟန်နီ့' နောက်ကိုလိုက်လာမယ်ဆိုရင် ဖေဖေခွင့်ပြုမှာလားဟင်"

" 'ဟန်နီ' က မျှော်လင့်နေတာကို… ဖြစ်လာတဲ့အခါကျတော့ ဖေဖေဆုံးဖြတ်ပေးမှာပေါ့… သူတို့လို့ပဲအနိုင်နဲ့ပိုင်းပြီး အီးမေးလ်နဲ့စာတစ်စောင်လောက် ပြန်ပို့ပေးလိုက်တာပေါ့ ပျော်စရာတောင်ကောင်းပါသေးတယ်"

'ဟန်နီ' သိလိုက်ပါပြီ။ မောင်နဲ့ 'ဟန်နီ' လုံးဝကိုလွယ်လွယ်ကူကူနဲ့ မနီးစပ်နိုင်တော့ဘူးဆိုတာကိုပါ။ ဖေဖေ့လိုလူကြီးပြောပြီးသားစကားတစ်ခွန်းကို ပြန်ပြင်ဆင်ပေးတော့မှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဘက်ကလည်း ဖေဖေရောက်လာပြီဆိုတော့ အားရဝမ်းသာနဲ့ကို 'ဟန်နီ' နဲ့ဝေးအောင် လုပ်ကြတော့မှာပါ။

"'ဟန်နီ' တို့ဘယ်တော့လောက်သွားရမှာလဲ"

"ဆယ်ရက်အတွင်းပေါ့ အရောင်းအဝယ်ကိစ္စတွေမပြတ်ရင်လည်း ကိစ္စမရှိဘူး... ရှေ့နေနဲ့လွှဲခဲ့မယ်"

ဆယ်ရက်ဆိုတဲ့အချိန်ကာလလေးက ဘယ်လောက်တောင်ကြာမှာမို့လို့လဲ။ ခဏကလေးနဲ့ကို ကုန်သွားခဲ့မှာဖြစ်သည်။

ဖေဖေ့အမိန့်ကိုလည်း 'ဟန်နီ' မလွန်ဆန်ရဲချေ။ မောင်နဲ့အမြန်ဆုံးတွေ့မှပဲဖြစ်ပါတော့မည်။ ဖေဖေအနားယူနေတုန်း ဆိုင်ခဏသွားမယ်ဆိုပြီး မောင့်ဆီလစ်လာခဲ့လိုက်ပါသည်။

မောင့်ရဲ့ရုံးခန်းရှေ့မှာပဲ ကားကိုရပ်ပြီးဖုန်းနဲ့ပဲဆင်းလာခဲ့ဖို့ ခေါ်လိုက်ရသည်။ တွေ့ချင်နေတဲ့သူမို့ ချက်ခြင်းပင်မောင်ရောက်လာခဲ့ပါသည်။

ပူပင်သောကတွေနဲ့မကြုံတွေ့ရသေးတာကြောင့် မောင့်မျက်နှာကလန်းဆန်းရွှင်မြူးနေလေသည်။

"စိတ်ကောက်ပြေသွားပြီလား... မောင်ဖုန်းခေါ်နေတာ အကြိမ်ပေါင်းမရေတွက်နိုင်တော့ဘူး... ရုံးဆင်းရင်တောင်အိမ်ကို





လိုက်လာတော့မလို့"

မောင့်ပြောတဲ့စကားတွေကိုနားထောင်ရင်းနဲ့ ကားကို ကန်တော်ကြီးဘက်မောင်းလာခဲ့လိုက်သည်။

"'ဟန်နီ့' ကိုကြည့်ရတာတစ်မျိုးပဲ... ဘာဖြစ်နေတာလဲ မောင့်ကိုစိတ်ဆိုးနေတုန်းပဲလား... နောက်တစ်ခါဒါမျိုးမဖြစ်စေရတော့ဘူးလို့ မောင်ကတိပေးတယ်ကွာ... မောင်မှားပါတယ်... ပိုးဝါနဲ့လည်းဘယ်တော့မှ အပြင်အတူတူတွဲမထွက်တော့ဘူး သိလား... မောင်ကတိပေးတယ်"

'ဟန်နီ' ပြောချင်နေတာကတခြား၊ မောင်ပြောတာတွေက တစ်မျိုးဖြစ်နေတာကြောင့် ခေါင်းတွေကိုက်ပြီး နားတွေပါအူလာရသည်။

သေးသေးမွှားမွှားကိစ္စလောက်ကလေးကိုများ မောင်မို့လို့လေကုန်ခံပြီး ရှင်းပြပြောပြနေသည်။ 'ဟန်နီ့' မှာရှိနေတဲ့ မုန်တိုင်းတစ်ခုကို မောင်ဘယ်လိုများဖြေရှင်းပေးနိုင်မှာလဲ။

"'ဟန်နီ' မောင်ပြောတာတွေ ကြားလား... မောင်ကခလ"

"တော်ပြီကွာမောင်ရာ... နားညီးလာပြီ... ဘာတွေပြောနေမှန်းကိုမသိဘူး... ခေါင်းတောင်ကိုက်လာပြီတကယ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



အကျယ်ကြီးအော်ပြောလိုက်တဲ့စကားကြောင့် မောင့် လေသံချက်ခြင်းကို တိတ်သွားသည်။ 'ဟန်နီ' ကိုလည်းအံ့ဩသလိုငေးကာကြည့်နေလေသည်။

"ဘာဖြစ်တာလဲ... ဘာလို့ဒီလောက်တောင်အော်ရတာလဲ"

"ဒီ့ထက်တောင်အော်ချင်သေးတယ် မောင်ရဲ့... 'ဟန်နီ' ဘာဖြစ်သလဲဆိုတာ မောင်မမေးဘဲ ပြောချင်တာတွေစွတ်ပြောနေတယ်... ဘယ်လောက်စိတ်ပျက်ဖို့ကောင်းသလဲ... မောင်က အရာရာကို သိပ်ပြီးပေါ့တီးပေါ့ဆတွေးတယ်... မောင့်ရဲ့လူကြီးတွေကိုလည်း သိပ်လျှော့တွက်လွန်းတယ်... သူတို့ကြောင့် 'ဟန်နီ' နဲ့မောင်ကွဲရတော့မယ်... မဖြစ်နိုင်ဘူးလို့ မပြောနဲ့တော့မောင် သိပ်ကိုသေချာသွားပြီ... ဖေဖေရောက်လာပြီသိလား... 'ဟန်နီ့' ကိုလာပြန်ခေါ်တာ... မောင်နဲ့လည်း လုံးဝသဘောမတူနိုင်ဘူးတဲ့... ဒီလိုဒီလိုတွေဖြစ်လာတာ မောင့်အိမ်ကလူတွေ ဖေဖေ့ဆီအီးမေးလ်နဲ့ 'ဟန်နီ့' မကောင်းကြောင်းတွေ သဘောမတူနိုင်တဲ့အကြောင်းတွေရေးလိုက်လို့လေ... 'ဟန်နီ' ဘာမှမလုပ်တတ်တော့ဘူး... မောင်စဉ်းစား 'ဟန်နီ' တို့နှစ်ယောက်ရဲ့ရှေ့ရေးကိုမောင်ပဲ စဉ်းစားဆုံးဖြတ်ပေးတော့"





'ဟန်နီ' သည်ပြောချင်တာတွေကို စွတ်ရွတ်ပြောချပြီး အသံထွက်အောင်ပင် တဟီးဟီးနဲ့ရှိုက်ငိုပစ်လိုက်သည်။ ရှင်းရှင်းပြောရလျှင် ဖေဖေ့အားကိုးနဲ့ 'ဟန်နီ' လည်းတင်းခံနေနိုင်တာဖြစ်သည်။

မောင့်ဘက်က သဘောမတူတော့ကော ဘာအရေးလဲ။ 'ဟန်နီ' ပိုင်ဆိုင်တဲ့စည်းစိမ်မှာ မောင့်ကိုတင်ကျွေးထားနိုင်သည်။ ဖြစ်ချင်တာကိုငွေနဲ့ဆက်ပြီး ဖန်တီးသွားလို့ရနိုင်သေးသည်။

ငွေမရှိရင်၊ ပိုင်ဆိုင်တဲ့စည်းစိမ်ဥစ္စာတွေမရှိရင် ဘဝတစ်ခုကို 'ဟန်နီ' ဘယ်လိုမှရှေ့ဆက်ပြီး လျှောက်လှမ်းနိုင်တော့မယ်မထင်။

မောင်ဆို 'ဟန်နီ' ထက်တောင် ပိုဆိုးပါဦးမည်။ ရက်ပိုင်းလေး အိမ်ကနေဆင်းတာတောင်မှ ပုံစံကမှုပျက်နေလွန်းတာ ဘဝတစ်ခုအတွက်ရည်ရွယ်ပြီး အချိန်အကန့်အသတ်မရှိဆိုရင်တော့ သေသွားဖို့ပဲများပါသည်။

မောင်ဘာပြောလာမလဲဆိုပြီး မောင့်ကိုကြည့်လိုက်မိသည်။ 'ဟန်နီ' ပြောတဲ့စကားကို မယုံနိုင်သလို မောင်ကခေါင်းခါနေသည်။

"မဖြစ်နိုင်ဘူးနဲ့တူတယ်... ဖေဖေတို့ဒီလောက်ထိရက်



www.burmeseclassic.com

www.burmeseclassic.com



စက်မယ်မထင်ဘူး... ”

“ခက်လိုက်တာ မောင်ရယ်...ဘယ်လိုရှင်းပြရမှန်းတောင် မသိဘူး... မောင်နာရင်လည်းနာတော့... မောင့်ဘက်ကလူကြီးတွေလောက် ဘယ်သူမှယုတ်မာနိုင်မယ်မထင်ဘူး... မောင်တို့အမျိုးတွေက မင်းသားခေါင်းစွပ်ထားတဲ့ ဘီလူးမျိုးတွေသိရဲ့လား”

‘ဟန်နီ့’ ဘက်က ရက်ရက်စက်စက် ပြောလိုက်တော့ မောင်ဒေါသထွက်လေသည်။

“တော်စမ်း ‘ဟန်နီ’... စကားပြောတာ လွန်လွန်းမလာနဲ့ ‘ဟန်နီ’ကသာ မောင့်အိမ်ကလူတွေကို တိုက်ခိုက်ပြီးပြောနေတာ မောင့်ဘက်ကလူတွေက ‘ဟန်နီ’နဲ့ပတ်သက်ပြီး ဘာတစ်ခွန်းမှ မပြောကြဘူး... မောင့်ကိုစိတ်ချမ်းသာအောင်ထားကြတယ် အခု ပြောတဲ့ကိစ္စကကော တကယ်သေချာလို့လား”

“သေချာတယ်မသေချာဘူးဆိုတာ သိချင်ရင် ကိုယ့်အိမ် ကိုယ်ပြန်မေးကြည့်ပေါ့ မောင်ရဲ့... လောကမှာအပြစ်မရှိဘဲ အ စော်ကားခံရတာလောက် မုန်းစရာကောင်းတာမရှိဘူးမောင်... ‘ဟန်နီ’ မောင့်ကိုချစ်တာ ရိုးရိုးသားသားချစ်ချင်လို့ကိုချစ်ခဲ့တာ အချစ်တစ်ခုသီးသန့်လေးပဲ ရှိတယ်... ကျန်တဲ့အကန့်ဘာမှမပါ ဘူး... ‘ဟန်နီ့’ ဖေဖေလည်း မောင်နဲ့ပတ်သက်ပြီး စော်ကားတဲ့





စကားတစ်ခွန်းမှ မပြောခဲ့ဖူးဘူး... မောင့်မိဘတွေဆီတိုင်ဖို့ဆိုတာ ဝိုတောင်မှဝေးပါသေးတယ်... မောင့်အိမ်ကလူတွေကျတော့ သိပ်ကိုလွန်လွန်းပါတယ်... ပါးစပ်နဲ့စော်ကားယုံတင်မကဘူး ကိုယ်ထိလက်ရောက်ပါ စော်ကားခဲ့တယ်... မောင်စဉ်းစားစမ်းပါ ဘယ်သူတွေလွန်သလဲဆိုတာကို”

မှန်တာတွေကိုပြောပြတော့ မောင် ရှက်ရမ်းရမ်းချင်လာသည်။

“အေး ဘယ်သူတွေလွန်တယ် ဘယ်သူကစော်ကားပြီး အပိုတွေပြောနေသလဲဆိုတာကို ပိုသေချာအောင် မောင်အိမ်ပြန်ပြီးမေးကြည့်မယ်”

“မေးကြည့်လိုက်လေ... အခုချက်ခြင်းပဲ မောင့်ကိုအိမ်ပြန်ပို့ပေးလိုက်မယ်”

မောင့်ရဲ့လေသံနဲ့ မျက်နှာကြောကိုအမြင်ကတ်လွန်းသောကြောင့် ‘ဟန်နီ’ ကိုယ်တိုင်ပဲ ခြံရှေ့ထိရောက်အောင် ပို့ပေးခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

ညဘက်မောင်တစ်ယောက် စိတ်ပျက်နေသောမျက်နှာဖြင့် 'ဟန်နီ့' အိမ်သို့ရောက်လာသည်။ မောင့်အိမ်ကလူတွေလိုတော့ 'ဟန်နီ' တို့အိမ်က မရှိင်းစိုင်းတတ်ပါ။

ဖေဖေကိုယ်တိုင်မောင့်ကို ကောင်းကောင်းမွန်မွန်အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်ခဲ့သည်။ 'ဟန်နီ့' ကိုကြည့်လိုက်တဲ့ မောင့်ရဲ့အကြည့်က တောင်းပန်ခယမှုတွေပါနေတယ်ဆိုတာ မျက်လုံးချင်းဆုံလိုက်တာနဲ့တင် သိလိုက်ရပါသည်။

မောင့်အိမ်က ဝန်ခံလိုက်ပြီပေါ့။ သူတို့ရဲ့သဘောထားအမှန်တွေကိုဖွင့်ပြောပြလိုက်ပြီပေါ့။ ဖေဖေ့ရှေ့မှာခေါင်းငုံ့ပြီး ထိုင်နေတဲ့မောင့်ကို စိတ်ထဲကနေသနားသွားရသည်။

ဖေဖေရှိနေတာကြောင့် ရင်ထဲမှာပြောချင်နေတဲ့စကားတွေကို 'ဟန်နီ' မြိုသိပ်ချုပ်စ်နေရသည်။

"'မောင်ညီဟိန်း'... 'ဟန်နီ့' ကို လာနှုတ်ဆက်တာနဲ့တူတယ်... အေးကွာ အန်ကယ်လည်း ဗြုန်းစားကြီးခေါ်ဖို့တော့ အစီအစဉ်မရှိပါဘူး... အန်ကယ်တို့ကြောင့် တစ်ဖက်မိသားစုမှာ စိတ်ဆင်းရဲစရာတွေဖြစ်နေရရင် မကောင်းတော့ဘူးဆိုပြီး မြန်မြန်ပဲလာခေါ်လိုက်ရတော့တာ... 'ဟန်နီ့' အတွက် 'မောင်ညီဟိန်း' စိတ်ပူပန်မနေပါနဲ့... လောကမှာသိပ်ပြီးချစ်ခင်ကြင်နာတတ်တဲ့ ယောက်ျားကောင်းယောက်ျားမြတ်တွေပေါ်ပါတယ်... 'ဟန်နီ' ရဲ့ဖူးစာက အဲ့ဒီလိုလူတွေနဲ့ ဆုံဆည်းဖို့ပါလာတာပဲဖြစ်ရမယ်... 'မောင်ညီဟိန်း' လည်း မိဘတွေရဲ့စကားကိုနားထောင်ပါ... မိဘစကားကိုနားထောင်ရင် ဘယ်တော့မှစိတ်မဆင်းရဲရဘူး... လူ့ဘဝမှာ ကောင်းစားလိမ့်မယ်"

လေချိုကလေးနဲ့ခပ်အေးအေးပြောနေတဲ့ ဖေဖေ့စကားတွေကိုနားထောင်ပြီး မောင့်မျက်လုံးမှာမျက်ရည်စတွေ ခိုတွဲလို့နေလေသည်။







www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်မကျအောင် မျက်တောင်ကိုပုတ်ခတ်ပုတ်ခတ် လုပ်ရင်း မောင်က ဟန်ဆောင်နေသည်။ ကြာတော့ မောင်မထိန်းချုပ်နိုင်တော့ချေ။

ငိုသံကြီးဖြင့် ပြောချင်နေတာတွေကို ပြောချလိုက်လေသည်။

"ကျွန်တော် 'ဟန်နီ' ကိုတကယ်ချစ်တာပါ အန်ကယ် ဖြစ်ခဲ့တဲ့ကိစ္စတွေအကုန်လုံးကို ကျွန်တော်ဘာမှမသိခဲ့ပါဘူး... ကျွန်တော်တောင်းပန်ပါတယ်..."

"'ဟန်နီ' လည်း ဒီလိုပဲပြောပြခဲ့တာပဲလေ... အန်ကယ့် အနေနဲ့ကတော့ အုပ်ထိန်းသူတစ်ယောက်အနေနဲ့ တစ်ဖက်က အုပ်ထိန်းသူတွေရဲ့သဘောထားအပေါ်မှာပဲဆုံးဖြတ်ချင်တယ်... လူငယ်တွေကိစ္စကိုသိပ်ပြီး စိတ်မဝင်စားဘူး... မင်းကိုစာနာပြီး စကားတစ်ခွန်းတော့ပြောလိုက်မယ်... 'ဟန်နီ' ကိုသိပ်ချစ်တယ် ဆိုရင် မင်းရဲ့အုပ်ထိန်းသူတွေကို အန်ကယ့်ဆီခေါ်လာပြီးလာ တောင်းရမ်းနိုင်းလေ... တစ်ပတ်လောက်တော့ အချိန်ရပါသေး တယ်"

'ဟိန်း' ဘာပြန်ပြောရမှန်း မသိတော့ချေ။ မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုကို တမင်နှိပ်စက်ပြီး လုပ်ခိုင်းတာနဲ့တူနေပါသည်။





'ဟန်နီ' ပြောသလိုမျိုးပဲ 'ဟိန်း' ရဲ့အသိုင်းအဝိုင်းက တကယ့်ကို ဆိုးသွမ်းခဲ့ကြပါသည်။

အန်ကယ်ပြောသလိုမျိုး လာတောင်းရမ်းပေးဖို့နေနေ သာသာ ဖြစ်နိုင်ရင်ဖေဖေတို့ 'ကြီးကြီးခင်' တို့ကတစ်သက်လုံး 'ဟိန်း' နဲ့မပတ်သက်ရဲအောင်ကို ပြောပစ်လိုက်ချင်တာတဲ့။

"ကဲ အန်ကယ့်ဘက်ကတော့ စကားကုန်ပြောပြီးသွားပြီ 'ဟန်နီ' နဲ့အေးအေးဆေးဆေး စကားပြောဦး ဟုတ်လား"

အိမ်ထဲမှာမပြောချင်တာကြောင့် မောင့်ကိုခြံထဲကကြိမ် ခုံဝိုင်းလေးတွေဆီ ခေါ်လာခဲ့လိုက်သည်။ မောင်က 'ဟန်နီ' ကို ဖက်လိုက်ကာ တသိမ့်သိမ့်ရှိုက်ငိုလေသည်။

'ဟန်နီ' လည်းမောင့်လို ငိုပစ်လိုက်ချင်ပေမယ့် မျက်ရည် ကမကျနိုင်အောင်ဖြစ်နေသည်။ ရင်ထဲမှာတော့ နာကျင်နေရ သည်။

"မောင်တောင်းပန်ပါတယ်ကွာ... မောင် မှားခဲ့ပါတယ် ဘယ်လိုလုပ်ပေးမှ 'ဟန်နီ' ကျေနပ်မှာလဲ... 'ဟန်နီ' ဖြစ်ချင်တာ မှန်သမျှ မောင်လိုက်လျောပေးပါ့မယ်... မောင်နဲ့ဝေးရာကိုတော့ 'ဟန်နီ' ထွက်မသွားပါနဲ့နော်... 'ဟန်နီ' ကိုမောင်အရမ်းချစ် တယ်"

www.burmeseclassic.com



ဖက်တွယ်ထားတဲ့မောင့်ရဲ့ကိုယ်ခန္ဓာကို တွန်းထုတ်ရင်း မောင်နဲ့မျက်နှာချင်းဆိုင်လိုက်မိသည်။ ဒီအချိန်ကပြောချင်တာ ပြောပြီး စဉ်းစားတွေဝေနေလို့ရတော့တဲ့ အခြေအနေမျိုးမဟုတ် တော့ ပြတ်ပြတ်သားသားဆုံးဖြတ်နိုင်မှပဲဖြစ်တော့မည်။

"မောင် စကားတွေကိုလွယ်လွယ်လျှောက်ပြောမနေနဲ့... 'ဟန်နီ' ဖြစ်ချင်တာကိုလိုက်လျှောပေးမယ်ဆိုတာ ဘာလဲ... မောင့် ရဲ့အိမ်က သဘောတူပါတယ်ဆိုတဲ့ လိုက်လျှောမှုကိုပြောနေတာ လား... မောင် သိသားပဲ နှစ်ဘက်စလုံးကိုသဘောမတူပါဘူးဆို တာကို... လူကြီးတွေရဲ့အထောက်အပံ့မပါဘဲ 'ဟန်နီ' တို့နှစ် ယောက် ဘဝတစ်ခုကိုရင်ဆိုင်နိုင်ရဲ့လားဆိုတာ မောင်စဉ်းစားရ မှာ... တွေးရမှာ... ကဲ မောင်ဘာလုပ်မလဲပြော"

"မောင်တို့ထွက်ပြေးကြမယ်"

"တော်စမ်းပါ မောင်ရယ်... ပြီးစလွယ်မပြောနဲ့ ကဲထွက် ပြေးပါပြီတဲ့... ဘယ်နေရာကိုထွက်ပြေးကြမှာလဲ... ဘာလုပ်ကိုင် စားသောက်ကြမှာလဲ... ချစ်တဲ့သူနဲ့အတူနေရရင်ပြီးရောဆိုပြီး အိမ်စုတ်စုတ်လေးနဲ့လည်း 'ဟန်နီ' မနေနိုင်ဘူး... ငွေကိုချွေတာ သုံးနေရတဲ့ သာမန်ဘဝမျိုးမှာလည်း 'ဟန်နီ' ပျော်နိုင်မှာမဟုတ် ဘူး... မောင်လည်း 'ဟန်နီ' လိုပဲနေမှာ... ကြံရာကျပမ်းအလုပ်





ကို မောင်လုပ်နိုင်မှာမဟုတ်ဘူး... အလုပ်ကောင်းကောင်းတွေရ ဖို့ဆိုတာလည်း မမျှော်လင့်ရဲပါဘူး... မောင့်ရဲ့လူကြီးတွေကပိတ် ပင်ထားဦးမှာပဲ... ထွက်ပေါက်ဆိုတာမရှိတဲ့ဘဝမျိုးထဲမှာ 'ဟန်နီ' တို့ဘယ်လောက်ကြာကြာ ရှင်သန်ပြီးနေနိုင်မှာလဲ..."

"'ဟန်နီ' က မဖြစ်သေးတာကိုကြိုတွေးပြီး ပူပင်နေတာ ကို... လူကြီးတွေက မောင်တို့နှစ်ယောက် အဆင်မပြေဖြစ်နေ တာကို ကြာကြာကြည့်နေနိုင်မယ်မထင်ပါဘူးကွာ... သူတို့လာ ပြန်ခေါ်ပါလိမ့်မယ်..."

"သူတို့တွေစိတ်ထဲမှာ မောင့်ဘေးနားမှာ 'ဟန်နီ' ရှိနေ သရွေ့ဘယ်တော့မှပြန်ခေါ်ဖို့ စဉ်းစားမှာကိုမဟုတ်ဘူး... 'ဟန်နီ' သေမှပဲမောင်လည်း ပြန်ကောင်းစားနိုင်မယ်ဆိုတာကိုမှတ်ထား မောင့်လူကြီးတွေရဲ့ယုတ်မာမှုကို 'ဟန်နီ' သိနေတယ်"

"'ဟန်နီ' ကလည်းကွာ... မောင်ကတော့ 'ဟန်နီ' နဲ့နီး စပ်ချင်တာပဲသိတယ်"

"ခဏကလေးနီးစပ်ပြီး တစ်ဘဝလုံး စိတ်ဆင်းရဲနေရ တော့ကော မောင်ပျော်မှာလား... ပွင့်ပွင့်လင်းလင်းပြောမယ် မောင်ရယ်... ငွေမရှိတဲ့ဘဝမှာ 'ဟန်နီ' ကောမောင်ကော နေနိုင် ကြမှာမဟုတ်ဘူး... ငွေရဖို့အတွက်နဲ့ ထမင်းချိုင့်လေးဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



သူများလခစားအလုပ်လည်း 'ဟန်နီ' မလုပ်နိုင်ဘူး... တစ်သက်လုံးပိုင်ရှင်ပဲဖြစ်ခဲ့တာဆိုတော့ သူများတွေကိုပဲ 'ဟန်နီ' ကအမိန့်ပေးချင်တယ်... လာပါယူပါဆိုပြီးလည်း စျေးအော်မရောင်းနိုင်ဘူး... မောင့်ကိုချစ်စိတ်တစ်ခုတည်းနဲ့ တစ်လမ်းဝင်တစ်လမ်းထွက်ပြီး ပဲပြုတ်ပူပူလေးဆိုပြီးလည်း 'ဟန်နီ' အော်မရောင်းရဲဘူး ရှက်လွန်းလို့သေသွားလိမ့်မယ်... မောင့်ဘက်က ပင်ပင်ပန်းပန်းနဲ့ရှာကျွေးတဲ့ထမင်းမျိုးကိုလည်း 'ဟန်နီ' စားရမှာမြိုကျမှာကို မဟုတ်ဘူး... ဒီတော့ မောင့်ရဲ့လူကြီးတွေကိုပဲ မောင်ပြန်ပြီးရအောင်စည်းရုံးပါ... မောင့်ဘက်က ပြေလည်ရင် 'ဟန်နီ' ဖေဖေ့ကိုရအောင်ပြောမယ်... ဒီနည်းလမ်းက 'ဟန်နီ' တို့နှစ်ယောက်အတွက် အကောင်းဆုံးပါပဲ"

'ဟန်နီ့' ကိုငေးကြည့်ကာ မောင်ငြိမ်သက်နေသည်။

'ဟန်နီ' လည်းမောင့်မျက်နှာကို တဝကြီးငေးမောကြည့်နေလိုက်ပါသည်။ ချစ်ကြတဲ့ချစ်သူချင်းတော့ ဘယ်သူကခွဲချင်ပါ့မလဲလေ။

"'ဟန်နီ' ပြောခဲ့တာတွေက နှစ်ယောက်စလုံးစိတ်ချမ်းသာဖို့ပြောခဲ့တာနော်... ပင်ပန်းဆင်းရဲတဲ့ဒုက္ခကို မောင်မခံစားနိုင်ဘူးဆိုတာကို သိနေလို့ မဖြစ်နိုင်ဘူးလို့ပြောတာ... မောင်





သေချာစဉ်းစားကြည့်ရင် နားလည်လာမှာပါ... ကြောက်တဲ့စိတ်တွေလည်းမောင်ဖြစ်လာလိမ့်မယ်"

"တစ်ခုတော့ပြောမယ်ကွာ... တကယ်လို့လူကြီးတွေကို ညှိနှိုင်းလို့အဆင်မပြေခဲ့ဘူးဆိုရင် မောင်ကတော့ 'ဟန်နီ' နဲ့အတူ ဘဝတစ်ခုကိုရင်ဆိုင်ဖို့ဆုံးဖြတ်လိုက်မယ်... ပင်ပန်းလို့သေရင်လည်းသေပစေကွာ... ချစ်ရတဲ့သူနှစ်ယောက် အတူတူနေရဖို့က အဓိကပဲ"

ဖွတ်ရှေ့တိုးချင်နေတဲ့ မောင့်ရဲ့ဆန္ဒကို 'ဟန်နီ' မငြင်းချင်တော့ပါ။ မောင့်ကို စိတ်ချမ်းသာစေချင်ပါသည်။

"ပြီးရောလေ... မောင့်သဘောပဲ... မောင်ကဘယ်လိုလုပ်ချင်တာလဲ"

"ဒီနေ့ကစပြီး နောက်ထပ်ခုနစ်ရက်ပြည့်တဲ့နေ့ကျရင် 'ဟန်နီ' နဲ့မောင်နဲ့ပြန်ဆုံကြမယ်... ကန်တော်မင်ပန်းခြံအဝင်ဝမှာ ညနေသုံးနာရီတိတိ မောင်စောင့်နေမယ်... 'ဟန်နီ' ဆက်ဆက်လာခဲ့နော်... "

"အင်းပါ"

"ဒါကနောက်ဆုံး အခြေအနေကိုပြောတာပါ... ဒီကြားထဲအဆင်ပြေတော့လည်း 'ဟန်နီ' ဖေဖေဆီမှာ လူကြီးအပ်ရာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မောင်လာတောင်းရမ်းခိုင်းမယ်လေ”

“အင်းပါ မောင်ရယ်…မောင်ပဲအားလုံးအဆင်ပြေအောင် ကြိုးစားစမ်းပါ… ‘ဟန်နီ’ က မောင့်သဘောအတိုင်းပါပဲ”

အပြုံးမျက်နှာလေးနဲ့ပြန်သွားတဲ့ချစ်သူကို အဲ့ဒီနေ့က နောက်ဆုံးအကြိမ်အနေနဲ့ ‘ဟန်နီ’ တွေ့လိုက်ရတာဖြစ်ပါသည်။ နောက်ထပ်မဆုံတွေ့ရတော့မှန်းသာ ကြိုသိခဲ့လျှင် မောင့်ရဲ့ပါးကို အကြာကြီးနမ်းပစ်ခဲ့မိမှာပါ။





## ၂၃

မောင်နဲ့ချိန်းထားတဲ့နေ့ဟာ ‘ဟန်နီ’ ဖေဖေနဲ့အတူမြန်မာပြည်က ထွက်ခွာသွားရမယ့်နေ့ဖြစ်နေပါသည်။ ဒီကြားထဲရက်တွေမှာ မောင့်ဆီက ဆက်သွယ်လာမလားဆိုပြီး မျှော်လင့်နေမိတာ ‘ဟန်နီ’ တကယ့်ကိုရူးမတတ်ပါပဲ။

မောင်နဲ့ပတ်သက်ပြီး ဘာဆက်သွယ်မှုမျိုးမှ ရောက်မလာခဲ့ပါ။ မောင်ချိန်းထားတဲ့နေရာကို ‘ဟန်နီ’ သွားလို့မီသေးပေမယ့် သွားချင်စိတ်ကမရှိ။

ဘာကိုတွေးကြောက်နေမှန်းမသိတော့ပါ။ ချိန်းထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ မောင်စောင့်နေခဲ့မယ်ဆိုရင်တော့ 'ဟန်နီ့' ရဲ့လုပ်ရပ်အတွက် မောင်စိတ်နာသွားနိုင်လောက်ပါသည်။

'ဟန်နီ' ကတော့ ရင်ထဲကအချစ်တွေကိုထားခဲ့ပြီး ဖေဖေနဲ့အတူလိုက်သွားဖို့ ဆုံးဖြတ်ပြီးနေပါပြီ။ မောင့်ကိုချစ်ခဲ့တယ်ဆိုတာကတော့ တကယ်ပါ။

'ဟိန်း' သည်လည်းပဲ 'ဟန်နီ' တွေးနေသလိုမျိုးတွေးနေမိပါသည်။ 'ဟန်နီ့' ကိုတကယ်ချစ်တာမှန်ပေမယ့် အထောက်အပံ့မပါဘဲ ဘဝတစ်ခုကို ဦးဆောင်ပြီးဖြတ်သန်းနိုင်ဖို့ကျတော့ တွန့်ဆုတ်တွေဝေနေမိသည်။

'ဟန်နီ' ပြောပြဖူးတဲ့ ပင်ပန်းဆင်းရဲတဲ့ဒဏ်ကို 'ဟိန်း' အနေနဲ့လည်း ခံစားနိုင်မည်မထင်ပါ။ ချိန်းထားတဲ့နေရာမှာ 'ဟန်နီ' များရောက်လာခဲ့ရင် 'ဟိန်း' ကိုမတွေ့တဲ့အတွက် စိတ်နာသွားလောက်ရောပေါ့။

ဘယ်လိုပဲဖြစ်ဖြစ် 'ဟိန်း' ရောက်မလာနိုင်တာကို 'ဟန်နီ' ဘက်က ခံစားနားလည်ပေးနိုင်လိမ့်မည်ဟုထင်ပါသည်။ အချစ်ဆိုတာ တကယ်တော့လည်း ဘဝတစ်ခုတည်ဆောက်ဖို့လောက်အထိ စွမ်းအင်တွေမပေးနိုင်ဘူးဆိုတာ 'ဟိန်း' ကော 'ဟန်နီ' ပါ သဘောပေါက်နားလည်သွားကြပါသည်။





ချစ်မိခဲ့ဖူးတဲ့ အိပ်မက်ကလေးတွေကိုတော့ သူတို့နှစ်ယောက် မေ့နိုင်ကြလိမ့်မယ်လို့မထင်တော့ပါ။ အဝေးကြီးကနေသာ တစ်ယောက်အကြောင်းတစ်ယောက် စဉ်းစားရင်းလွမ်းနေမိကြတော့မှာဖြစ်သည်။

ရှင်လန်းချမ်းမြေ့ပါစေ
ဆက်လက်ကြိုးစားနေဦးမည့်
**ဝေဝေအောင်**



www.burmeseclassic.com